www.dhammaransi.com

၁၉၀/-

ပြန်ပြောင်းပြောပြ

# မဟာဂန္ဓာရုံ ဩဝါဒ


သာမဏေကျော်



၃
ဘ

သာသနာနှစ် ၂၅၄၂။ မြန်မာနှစ် ၁၃၆၀။ ခရစ်နှစ် ၁၉၉၉။

www.dhammaransi.com




# ပြန်ပြောင်းပြောပြ

# မဟာဂန္ဓာရုံဩဝါဒ

## သာမဏေကျော်

သာသနာနှစ် - ၂၅၄၂၊ မြန်မာနှစ် - ၁၃၆၀၊ ခရစ်နှစ် - ၁၉၉၉။

www.dhammaransi.com

စာမူခွင့်ပြုချက် ၇၁၇ /၉၉(၁၂)
မျက်နှာဖုံးခွင့်ပြုချက် ၆၂၈ /၉၉(၁၂)
၂၄၅၆ရ
ပထမအကြိမ် ၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၂၀၀၀
တန်ဖိုး ၁၉၀-ကျပ်
မျက်နှာဖုံးဒီဇိုင်း 33 ကွန်ပျူတာဒီဇိုင်း
ထုတ်ဝေသူ ဒေါ်ရွှေအိမ်(၀၁၂၉၉)
တိုင်းလင်းစာပေ၊
၈/၆၅ ၊ အုပ်စု-၃၊
အောင်သိဒ္ဓိလမ်း၊
အင်းစိန်၊ ရန်ကုန်။
ပုံနှိပ်သူ(အတွင်း+အဖုံး) ဦးသက်ဝင်း(၀၄၄၄၄)
ဝင်းဝင်းမြတ်အော့ဖ်ဆက်
၈၈၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။
ဖြန့်ချိရေး မဟာဝိဇ္ဇာစာပေ
အမှတ် ၄၂ (မြေညီထပ်)၊
လမ်း ၁၄၀၊ မအူကုန်း ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်။

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | (က-ဃ) |
| ၁။ | ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံ ဩဝါဒ | ၁ |
| ၂။ | ကိုယ်သီလကို ပြန်ကြည့်ညို | ၃ |
| ၃။ | ရွှေသည်နဲ့ တောင်းသည် | ၆ |
| ၄။ | ဆီနဲ့ ရေ | ၁၀ |
| ၅။ | နားထဲမှာ ပဲ့တင်ထပ်ဆဲပါ | ၁၄ |
| ၆။ | မွှေးသော, လှသော ပန်း | ၁၉ |
| ၇။ | ညီထံသို့ | ၂၃ |
| ၈။ | တစ်ကျပ်နဲ့ နှစ်ကျပ် | ၂၅ |
| ၉။ | ဘဝရဲ့ အလှ | ၂၉ |
| ၁၀။ | မဟာဂန္ဓာရုံရဲ့ သွေး | ၃၃ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | အစာကိုသာ မြင်တဲ့ ငါး | ၃၈ |
| ၁၂။ | ဘုရားနဲ့ တွေ့ပါ | ၄၃ |
| ၁၃။ | အချာစား | ၄၈ |
| ၁၄။ | အကျော်အမော် | ၅၂ |
| ၁၅။ | ဘယ်သူမှ မကြည်ညိုချင် နေပါ | ၅၆ |
| ၁၆။ | အဖော်မွန် | ၆၁ |
| ၁၇။ | မငိုပါနဲ့ | ၆၅ |
| ၁၈။ | မျက်ရည် | ၆၉ |
| ၁၉။ | ပညာရှိနဲ့ စိတ် | ၇၃ |
| ၂၀။ | လူမိုက်တစ်သောင်းနဲ့ လူကောင်းတစ်ယောက် | ၇၈ |
| ၂၁။ | အမည်းနဲ့ အဖြူ | ၈၃ |
| ၂၂။ | အသက်တမျှ | ၈၈ |
| ၂၃။ | ဆွာ ဘတ္တိ | ၉၃ |
| ၂၄။ | သားတော်အစစ် | ၉၇ |
| ၂၅။ | နာမည်နဲ့ ဒုက္ခ | ၁၀၂ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ၂၆။ | အောင်နိုင်သူ | ၁၀၇ |
|---|---|---|
| ၂၇။ | ရှင် ချောင် သေ ကြပ် | ၁၁၁ |
| ၂၈။ | ပန်း | ၁၁၆ |
| ၂၉။ | သိပ်ကောင်းမှာပဲ | ၁၂၁ |
| ၃၀။ | ကုသိုလ်ရေးမို့ ကြိုးစားမည် | ၁၂၆ |
| ၃၁။ | ထူးခြားတဲ့ ရွာလေး | ၁၃၁ |
| ၃၂။ | ကြားယောင်ပြီး ကြိုးစားပါ | ၁၃၅ |
| ၃၃။ | လောကဓံ ပြီးဆေး | ၁၄၀ |


❀ ❀ ❀ ❀ ❀

www.dhammaransi.com

(က)

# လျှောက်ထားပါသည်ဘုရား

ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်ထားလိုက်ပါသည် ဘုရား။

ဆရာတော်သာမဏေကျော်က ဆရာတော့်စာအုပ်မှာ အမှာစာ ရေးပေးပါလို့ မှာထားလိုက်တဲ့အကြောင်း ဒကာမကြီး ဒေါ်ဝင်း လာရောက်အကြောင်းကြားတဲ့အခါမှာ တပည့်တော် အနေနဲ့ အံ့သြတာ ဝမ်းသာတာ ထိတ်လန့်တာစတဲ့ ခံစားမှု အမျိုးမျိုးကို ခံစားလိုက်ရပါတယ်ဘုရား။

တောစခန်းရိပ်သာက ဒေါ်ဝင်းနဲ့ စကားပြောကြည့်မယ် လို့ ကြံစည်ပြီး ဖုန်းခေါ်လိုက်တဲ့အခါမှာ ဆရာတော်နဲ့ မမျှော် လင့်ဘဲ ဆုံမိလို့ မေးမြန်းလျှောက်ထားခွင့် ရခဲ့ပါတယ်၊ ဆရာ တော်ရဲ့ အေးဆေးတဲ့ သဘာဝအတိုင်း ပျော့ပျောင်းနူးညံ့တဲ့ အသံနဲ့ ဒကာမကြီး ရေးချင်သလိုသာ ရေးပါ၊ ကောင်းမှာပါပဲ လို့ အမိန့်ရှိလိုက်တာကြောင့် တပည့်တော်အနေနဲ့ အတတ်

www.dhammaransi.com

(ခ)

နိုင်ဆုံး ကောင်းအောင် ကြိုးစားပြီး ရေးမယ်လို့ ဆုံးဖြတ်လိုက်ရပါတယ်။

တပည့်တော်က စာရေးဖို့ အကြောင်းအရာအတွက် စိုးရိမ်ပူပန်တာ မဟုတ်ပါဘုရား၊ ဆရာတော်သာမဏေကျော်လို ဆရာတော်တစ်ပါး ရေးတဲ့စာကို တပည့်တော် ဖတ်နေခဲ့တာ ကြာပါပြီ၊ ကြည်ညိုလေးမြတ်နေရတာ ကြာပါပြီ၊ အဲသလို ကြည်ညိုလေးမြတ်တဲ့အကြောင်းကို ရေးသားတဲ့အခါ တပည့်တော်ရဲ့ အရေးအသား စကားအသုံးအနှုန်းတွေက မရည်ရွယ်ပါဘဲနဲ့ အဂါရဝ ဖြစ်သွားမှာကိုသာ တပည့်တော် အလွန်စိုးရိမ်နေတာ ဖြစ်ပါတယ်ဘုရား၊ အဲဒါကြောင့် အခု တပည့်တော် ရေးနေတဲ့ စာထဲမှာ အရေးမတတ်လို့ မပြေပြစ်တာ, ဝေါဟာရအသုံးအနှုန်း မှားလို့ အဂါရဝ ဖြစ်နေတာတွေများ ပါနေခဲ့ရင် တပည့်တော်ကို ခွင့်လွှတ်ပေးရုံမက နောင်အခါ မမှားရအောင် သွန်သင်ပေးတော်မူပါလို့ ကြိုတင်ကာ လျှောက်ထားပါရစေ ဆရာတော်ဘုရား။

ဆရာတော်သာမဏေကျော်လို့ ဆိုလိုက်တာနဲ့ တပည့်တော်မှာ ကြည်ညိုစရာ ဝမ်းမြောက်စရာတွေက များနေပါတယ်ဘုရား၊ တပည့်တော်တို့ မြန်မာနိုင်ငံ သာသနာရေး

www.dhammaransi.com

# (၈)

လောကမှာ အလွန် အလေးအမြတ်ထားကြရတဲ့ သာမဏေ ကျော်ဘွဲ့ကြောင့် ဖြစ်ပါတယ်ဘုရား၊ အဲဒါက ပထမအချက် ဖြစ်ပါတယ်ဘုရား။

တပည့်တော်ဟာ အနန္တကျေးဇူးရှင် ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတော်ကြောင့်သာ ရှူးတဲ့ မိုက် တဲ့ ဘဝကို မရောက်ရဘဲ လောကဓံကို ဆရာကောင်းတပည့် ပီပီ ကောင်းစွာ ကျော်ဖြတ်လာနိုင်တာပါဘုရား၊ မိမိရဲ့ အတွေ့ အကြုံ အဆိုးတွေကို ရွှေပါတဲ့မိုက်သဖွယ် သဘောထားပြီး ကုန်ကြမ်းပြုကာ စာတွေ အဆက်မပြတ်ဆိုသလို ရေးနေနိုင် တာဟာ ဆရာတော်ကြီးရဲ့ အဆုံးအမကို ရခဲ့ဖူးတဲ့ ကျေးဇူး ကြောင့်ပါဘုရား။

အရှင်ဘုရားက ရွှေတောင်ကုန်းမှာ သီတင်းသုံးတော်မူ ကာ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးရဲ့ သာသနာရေး ကြိုးပမ်းမှုများနဲ့ ပတ်သက်လို့ရော တပည့်တော်တို့လို လူပြိန်း များ နားလည်သင့်တဲ့ သာသနာရေးဆိုင်ရာ စာပေ အများ အပြားကိုရော တပည့်တော်များ နားလည်နိုင်တဲ့ စကားပြေ ရိုးရိုးနဲ့ ရေးသားနေတာကြောင့် တပည့်တော်အနေနဲ့ ပိုပြီး

www.dhammaransi.com



ကြည်ညိုရပါတယ်ဘုရား၊ ပုထုဇဉ်များ အဲသလိုပါဘုရား၊ မိမိ ကြည်ညိုတဲ့ ဆရာတော်ကြီးနဲ့ ပတ်သက်လို့ ပိုကြည်ညိုတယ် ဆိုတာကို ရိုးရိုးသားသား ဝန်ခံလိုက်တာကြောင့် အဂါရဝများ ဖြစ်ခဲ့ရင် ခွင့်လွှတ်တော်မူပါဘုရား၊ အဲဒီအချက်ကို ဒုတိယ အချက်လို့ လျှောက်ထားပါရစေဘုရား။

တတိယအချက်ကတော့ အရှင်ဘုရားဟာ အရှင်ဇနကာဘိဝံသရဲ့ တပည့် ဖြစ်နေလို့ပါပဲဘုရား၊ မြန်မာနိုင်ငံ သာသနာရေးမှာ နေတစ်ဆူ လတစ်ဆူ ဆိုသလို ထင်ရှားတော်မူတဲ့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကိုလည်း တပည့်တော်က အလွန် ကြည်ညိုပါတယ်ဘုရား၊ တောင်မြို့ ကျောင်းလို ကျောင်းမျိုးဟာ တပည့်တော်တို့လို ဒကာများအတွက် လည်း ဂုဏ်ယူစရာ ကျောင်းတော်ကြီး ဖြစ်ပါတယ်၊ အရှင်ဘုရားတို့ဟာ မြင့်မြတ်တဲ့ယောကျ်ားဘဝကိုလည်း ရခဲ့တယ်၊ ဆရာတော်အရှင်ဇနကာဘိဝံသလို ဆရာတော်ကြီးရဲ့ တပည့်အဖြစ် တောင်မြို့ မဟာဂန္ဓာရုံမှာလည်း စာလိုက်ခဲ့ရတယ် ဆိုတော့ အလွန်အားကျစရာ ကောင်းလှပါတယ်ဘုရား။

တပည့်တော် အစောပိုင်းက လျှောက်ခဲ့သလိုပါပဲ၊ ရေးစရာကြောင့် စိတ်မပူတာက ရေးစရာ များနေလို့ ဖြစ်ပါတယ်

www.dhammaransi.com



ဘုရား၊ တပည့်တော် ဖတ်ပြီး ရေးရမယ့် "ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံဩဝါဒ"ဆိုတဲ့ စာမူအကြောင်း မရောက်ခင် စကားလက်မွန်ကို ရေးရတာနဲ့တင် စာမျက်နှာက အတော်ကလေး ကုန်သွားပါတယ်ဘုရား၊ ဒါတောင်မှ လိုသမျှကိုသာ ဆိုသေးတာပါဘုရား၊ တပည့်တော် စိတ်ထဲမှာ တွေးတောခံစားမိသမျှကိုသာ ချရေးရရင်တော့ ဆရာတော် အမိန့် ရှိခဲ့သလို တပည့်တော် ရေးတာက ဆရာတော်ရဲ့ စာမူထက် တပည့်တော်ရဲ့ စာမူက ပိုပြီး ရှည်သွားတော့မှာပါပဲဘုရား၊ ဆရာတော်ဘုရားက ဘယ်လောက်ပဲရေးရေး၊ ရေးသာ ရေးပါလို့ ခွင့်ပြုပေမယ့် တပည့်တော်ရဲ့ စကားလက်မွန်ကိုတော့ ဒီနေရာမှာ ရပ်ပြီး "ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံဩဝါဒ" အကြောင်းကိုပဲ ဆက်လက်လျှောက်ထားပါရစေဘုရား။

## "ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံဩဝါဒ"

တပည့်တော်တို့လို မဟာဂန္ဓာရုံကျောင်းနဲ့ အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီးတို့ကို ထူးထူးခြားခြား အာရုံထားပြီး ကြည်ညိုတဲ့သူတွေဟာ မြန်မာနိုင်ငံမှာသာမက ကမ္ဘာအရပ်ရပ်မှာပါ ရှိနေကြပါတယ်၊ နိုင်ငံခြားသားတွေ

www.dhammaransi.com



လည်း မဟာဂန္ဓာရုံကျောင်းတိုက်ကို ရောက်ဖူးကြပါတယ် ဘုရား၊ မဟာဂန္ဓာရုံကို ရောက်ပြီး နံနက်ခင်း ဩဝါဒပေးချိန်က စကာ လေ့လာတဲ့ နိုင်ငံခြားသားတစ်ယောက်က ဆရာတော်ကြီး ဩဝါဒ ပေးနေတာကို နာယူနေကြတဲ့ ရဟန်းသံဃာများကို ရုတ်တရက် မြင်တဲ့အခါ 'ဘုန်းကြီးရုပ်ထုကလေးတွေက တယ်များသကိုး'လို့ ထင်မိတဲ့အကြောင်း တပည့်တော် ဖတ်ရဖူးပါတယ်ဘုရား။

အဲသလို လေ့လာရင်း ရောက်ဖူးကြတဲ့ နိုင်ငံခြားသားများကလည်း မဟာဂန္ဓာရုံရဲ့အတွေ့အကြုံကို အမှတ်ရတိုင်း ကြည်နူးဝမ်းသာနေကြဦးမှာ ဖြစ်ပါတယ်၊ အဲသလို ထင်ရှားသလောက် ထူးခြားတဲ့ မဟာဂန္ဓာရုံ နံနက်ခင်း ဩဝါဒများကို အရှင်ဘုရားကိုယ်တိုင် ရုပ်ထုလေလားလို့ မကျွမ်းတဲ့သူများက ထင်မိမှားလောက်အောင် ငြိမ်သက်စွာထိုင်ပြီး နာယူခဲ့ရတာကို ပြန်ပြောင်း ပြောပြနေတဲ့အခါမှာရော ပြန်ပြောင်း ရေးပြနေ တဲ့အခါမှာရော အထူးကြည်နူးဝမ်းသာ ဖြစ်နေမှာပဲလို့ တပည့်တော် တွေးမိပါတယ်ဘုရား၊ တပည့်တော်ကတော့ အဲသလို တွေးမိတာနဲ့တောင် ကြည်နူးစိတ် သဒ္ဒါစိတ်များ အထူးညွတ်နူးစွာ ပေါ်ပေါက်ပါတယ် ဘုရား။

www.dhammaransi.com

# (ဆ)

မဟာဂန္ဓာရုံ နံနက်ခင်း ဩဝါဒများရဲ့ ကျော်ကြားမှုဟာ တကယ်လည်း ကျော်ကြားထိုက်လို့ ကျော်ကြားတာပဲလို့ နံနက်ခင်း ဩဝါဒများဆိုတဲ့ ခေါင်းစီးပါ ဆောင်းပါးများ စာအုပ်များကို ဖတ်ပြီးမှ တပည့်တော် သဘောပေါက် နားလည်သွားပါတော့တယ်။

ဒါပေမယ့် တပည့်တော်ပဲ စာဖတ်တာ မနှံ့စပ်လို့လား မသိပါဘူးဘုရား၊ အခု တပည့်တော်ရဲ့လက်ထဲမှာ ရှိနေတဲ့ အရှင်ဘုရားရဲ့ စာမူထဲမှာ ပါသလို ဩဝါဒတွေကို ပုဂ္ဂိုလ်အမျိုးမျိုးအတွက် ဆရာတော်ကြီးအရှင်ဇနကာဘိဝံသက လိုလေသေး မရှိအောင်, နှံ့စပ်အောင် ဆုံးမတော်မူခဲ့ပေတယ်လို့ သဘောပေါက်သွားအောင် စီစဉ်ရေးသားထားတဲ့ စာမျိုးကို မဖတ်ခဲ့ဖူးပါဘုရား။

အရှင်ဘုရား. . . တပည့်တော်ရဲ့လက်ထဲက စာမူမှာ- ၁။ စာသင်ဖက်ကို သတိပေးခြင်း, ၂။ ညီဖြစ်သူ ဉးဇင်းကို ဆုံးမခြင်း, ၃။ ညီဝမ်းကွဲဖြစ်သူကို သွန်သင်ခြင်း, ၄။ တူမတစ်ဝမ်းကွဲဖြစ်သူကို နည်းလမ်းပြခြင်း စသဖြင့် နည်းအမျိုးမျိုး ခွဲခြား ဆွေးနွေးထားတာဟာ ရိုးရိုးကလေးနဲ့ ဆန်းသစ်ပါတယ်၊ အမှန်ကတော့ မဟာဂန္ဓာရုံဩဝါဒကို စာဖတ်နေတဲ့

www.dhammaransi.com

(၉)

ပုဂ္ဂိုလ်အမျိုးမျိုးအတွက် အရှင်ဘုရားက ဦးတည်ချက်ထားပြီး ရေးတာပါပဲ၊ ဘယ်အပိုင်းကိုပဲ ဖတ်ဖတ် ဖတ်တဲ့သူတိုင်း အတွက် အကျိုးများစေနိုင်မှာ ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရားက မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ အဆုံးအမများကို စိတ်ကူးတမင်ဆန်းပြီး တင်ပြတာ မဟုတ်ဘဲ စေတနာစေ့ဆော်မှုနဲ့ လိုက်လျောအောင် တင်ပြလိုက်တာ ပါပဲ၊ အဲဒီတင်ပြချက်က အခုခေတ် လူငယ်တွေရဲ့ စကားနဲ့ ပြောရရင် သိပ်ကို လတ်ဆတ်တာပါပဲဘုရား၊ သူတို့က ဆန်း သစ်တာကို ပြောချင်တာ ဖြစ်ပါလိမ့်မယ်၊ တပည့်တော်တို့ အရွယ်တွေရဲ့ စကားနဲ့ ပြောရရင်တော့ ခေတ်မီပါတယ်၊ စနစ် ကျပါတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နည်းအတိုင်း ဟောကြားဆုံးမတော်မူလေ့ရှိတဲ့ ဆရာတော် သံဃာတော် များရဲ့ အဆုံးအမစကားများဟာလည်း ဘဝရဲ့ ပြည့်စုံခြင်းကို သာမက ဘဝရဲ့ လွတ်မြောက်ခြင်းကိုပါ ဆောင်ကြဉ်းနိုင် တယ် ဆိုတာကို ဖွင့်ဆိုတော်မူတတ်ကြပါတယ်၊ ဒါပေမယ့် တရားနဲ့ယှဉ်သော ဆုံးမစကားတွေကို နောက်ဘဝအတွက် ပြင်ဆင်နည်းတွေလို့ နားလည်နေကြတဲ့ မြန်မာဗုဒ္ဓသာသနာ ဝင်တွေက အရေအတွက် ပိုနေတတ်ပါတယ်။

www.dhammaransi.com

(၈)

အဲဒီတော့ အရှင်ဘုရားရဲ့ တင်ပြနည်းစနစ်သစ်ကြောင့် အယူအဆ မှားနေတဲ့သူအချို့အတွက် တရားနဲ့ပတ်သက်ပြီး အမြင်မှန်ကို ရစေနိုင်ပါတယ်၊ တပည့်တော်ကို အနည်းငယ် ချဲ့ပြီး တင်ပြခွင့် ပြုတော်မူပါဘုရား။

## စာသင်ဖက် အရှင်သောပါက

အရှင်သောပါကဆိုတာကို သတိပေးတယ်လို့ တပည့်တော် ရေးတာဟာ အရှင်သောပါကကို မေ့လျော့နေတယ်လို့ ဆိုတာ မဟုတ်တဲ့အကြောင်း အရှင်ဘုရားကတော့ သိတော်မူပြီး ဖြစ်မှာပါ၊ မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ ရဟန္တာ အရှင်မြတ်ကြီးများဟာ တစ်ပါးနဲ့ တစ်ပါး အပြန်အလှန် တရား ဟောကြ, နာကြတယ်လို့ တပည့်တော်များ မှတ်သားခဲ့ရပါတယ်၊ အခုလည်း အဲဒီသဘောမျိုး နေမှာပါပဲ၊ အရှင်ဘုရားတို့ နှစ်ပါးအတွက် မဟာဂန္ဓာရုံမှာ စာလိုက်ခဲ့ကြတဲ့ ကာလဟာ ထူးခြားတဲ့ကာလဖြစ်တဲ့အတွက် ပြန်ပြောင်းပြောပြရတာဟာ စိတ်ကို ရွှင်လန်းစေ, ကုသိုလ်တရားကို ပွားများစေမယ့် စကားများသာ ဖြစ်ပါတယ်ဘုရား၊ တပည့်တော်များကတော့ တရားအသိ ပိုမိုကြွယ်ဝစေတဲ့စာကို ဖတ်ခွင့်ရတာပါပဲဘုရား။

www.dhammaransi.com

# (ည)

အရှင်သောပါကကို ပြန်ပြောင်းပြောပြတဲ့အထဲက "ကိုယ့်သီလကို ပြန်ကြည်ညို"ဆိုတဲ့ ခေါင်းစဉ်အောက်က ဆုံးမစကားဟာ ရဟန်း ရှင် လူအားလုံးနဲ့ သက်ဆိုင်ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ဟာ လူ့မနောကို ကောင်းစွာ နားလည်တော်မူရန်ကောလို့ တွေးပြီး "ဆရာတော်ကြီးဘုရား တပည့်တော်တို့ခေတ်မှာ ပိုများ ဆိုးနေသလား မသိတော့ပါဘူးဘုရား၊ နာမည်ကြီးဆိုတာကလည်း ပေါလှပါတယ်ဘုရား၊ တကယ်တမ်း သီလ သမာဓိ ပညာနဲ့ ပြည့်စုံတာကြောင့် နာမည်ကြီးတာက နည်းလှပါတယ်ဘုရား၊ လူတွေက အဲသလို စစ်မှန်တဲ့ပုဂ္ဂိုလ်များကို တွေ့နေပါလျက် အခြားသော နာမည်ကြီးများနောက်ကို ထပ်ပြီး လိုက်နေသေးတာဟာ လောဘကြီးလွန်းလို့ပါဘုရား၊ သူတို့က ဘယ်ပုဂ္ဂိုလ်ကဖြင့် ဘယ်ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်တယ်လို့ ဈေးတွက်တွက်ပြီး လိုက်ကြတာပါဘုရား၊ တကယ်လည်း မကြည်ညိုကြပါဘူးဘုရား၊ သီလ သမာဓိ ပညာကို အဆောင်လက်ဖွဲ့ တစ်ခုလောက်မှ တန်ဖိုးမထားကြတော့ပါဘူးဘုရား"လို့ ဆရာတော်ကြီးကို လျှောက်ထားလိုပါတယ်ဘုရား။

www.dhammaransi.com

# (၄)

## ရွှေသည်နဲ့ တောင်းသည်

ဒီခေါင်းစဉ်မှာလည်း ဆရာတော်ကြီး အမိန့်ရှိတာနဲ့ တပည့်တော်တို့နဲ့ခေတ်ပြိုင် အလှူရှင်အများစုနဲ့ တယ်လည်း တူကြပါကလားဘုရား၊ ဒါပေမယ့် အရှင်ဘုရား ထင်သလို ကုသိုလ် အရေခြုံ ငွေတွေ ကုန်ပြီး ပျော်ရုံသက်သက်တော့ မဟုတ်ပါဘူးဘုရား၊ အခုခေတ်မှာ အရောင်ပြကုသိုလ်ကို ရင်းနှီးမြှုပ်နှံသမှု ပြုကြတာပါပဲဘုရား၊ တောင်းသည် တောင်း ရောင်းတဲ့ပုံမျိုးနဲ့ လှူတာ ကျန်တဲ့ထည့်စရာတွေ ပြည့်သတဲ့ ဘုရား၊ တပည့်တော်များလည်း ကြားဖူးတာ လျှောက်ရတာပါ ပဲ ဘုရား။

## ဆီနဲ့ ရေ

တပည့်တော်တို့ မနိုင်းအပ် မယှဉ်အပ် မနိုင်းသာ မယှဉ် သာအောင် ကြီးမားတဲ့ အားကောင်းတဲ့ ဇွဲ လုံ့လ ဝီရိယ အားကြီးတော်မူတဲ့ ဆရာတော်ကြီးအနေနဲ့ ဘာကိုမှ မယ်မယ် ရရ မလုပ်ရသေးဘဲနဲ့ အားကုန်နေကြတဲ့သူတွေကို များစွာ အားမလို အားမရ ဖြစ်ခဲ့မှာပါပဲ၊ အဲဒါကြောင့်လည်း "ညည်း

www.dhammaransi.com



မနေနဲ့၊ ထလုပ်လိုက်ပါ"ဆိုတဲ့ စကားနဲ့ တပ်လှန့်တော် မူလိုက်တာပါပဲ၊ မသိနားမလည်ခြင်း တွေဝေခြင်းစတဲ့ စိတ်ထား အမှားတွေကို တိုက်ထုတ်ဖို့ တပ်လှန့်တော်မူတာ ဖြစ်ပါတယ်။

## နားထဲမှာ ပဲ့တင်ထပ်ဆဲပါ

အရှင်ဘုရားတို့ မဟာဂန္ဓာရုံဆရာတော်ဘုရားရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံစဉ်က ရွတ်ဆိုခဲ့ရတာက "ငရဲ ရှိတယ်၊ တိရစ္ဆာန် ရှိတယ်၊ ပြိတ္တာ ရှိတယ်၊ အသူရကာယ် ရှိတယ်၊ လူနဲ့လူမွဲ လူဆင်းရဲ ရှိတယ်၊ သေရဦးမယ်၊ သတိထား"ဆိုတဲ့ စကားကလေးဖြစ်တယ်လို့ အရှင်ဘုရား ရေးထားတာကို ဖတ်ရတော့ တကယ်ကောင်းတဲ့ ဆုံးမစကားပဲ၊ လူ့ဘဝမှာ အရေးအကြီးဆုံး သတိတရားကို အားပေးတဲ့ သတိပေး ဆုံးမစကားကလေး ဖြစ်ပေတယ်လို့ တပည့်တော် ခံယူပါတယ်ဘုရား။

ဒါပေမယ့်ဘုရား၊ အခုခေတ် လူအများစုဟာ အမှန်တရားကို နားမှ လေသံ မကြားရအောင် ရှောင်ချင်ကြပါတယ်ဘုရား၊ ဘယ်လိုဖြစ်ပြီး ကြောက်တယ်လို့ အော်ကာသားရဲမျိုးစုံ ဖြတ်နေတဲ့ တောထဲမှာ မျက်စိစုံမှိတ် နားကို ပိတ်

www.dhammaransi.com

(၃)

ပြီး ထိုင်နေသလိုမျိုး ပုံစံကိုယူပြီး ဘဝခရီးကို နှင်နေကြသလဲ မသိတော့ပါဘုရား။

တပည့်တော်တို့ကတော့ တကယ်မှန်ကန်တဲ့ တရားများကို ပြောတာ နှလုံးသွင်းတာ မိမိကိုယ်မိမိ သတိပေးရာရောက်တယ်ဆိုပြီး သဘောကျပေမယ့် အများစုက အဲဒီစကားတွေကို ရွတ်ဆိုကြဖို့နေနေသာသာ အသုဘအိမ်ကိုတောင် မသွားကြပါဘူးတဲ့ဘုရား၊ သူတို့ကိုးကွယ်တဲ့ နာမည်ကြီးဆရာများကလည်း အဲသလို သင်ကြားကြပါသတဲ့၊ သူတို့ကိုယ်တိုင်သေရင် သူတို့ ဘယ်လိုလုပ်ကြမလဲ မသိပါဘုရား။

ဒီကနေ့တောင် တပည့်တော်က 'မိုးတွေ ရွာနေပေမယ့် ရိပ်သာကိုတော့ သွားဖြစ်အောင် သွားရမယ်၊ သေခြင်းအကြောင်းတရားဆိုတာ မိုးရွာတာကို စောင့်မှာမှ မဟုတ်တာလို့ မိတ်ဆွေတစ်ယောက်ကို ရယ်ရယ်မောမော ပြောလိုက်မိပါတယ်၊ မိတ်ဆွေက လိုက်မရယ်နိုင်တော့မှ တပည့်တော် သတိရလိုက်တာက သူက ဖုန်းရွှေသမား ဖြစ်တယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်၊ ဖုန်းရွှေဆိုတာ တရုတ်ဘာသာစကားနဲ့ ရေးသားထားတဲ့ အယူတော်မင်္ဂလာကျမ်း ဖြစ်မယ် ထင်ပါ

www.dhammaransi.com



တယ်ဘုရား၊ လာဘ်ကောင်းတာက ဘယ်လို အရောင်, ဘယ် နေရာမှာ ဘာပစ္စည်းထားလိုက် အိမ်တွင်းရေး သာယာလာ လိမ့်မယ် ဆိုတာတွေ ရေးထားတဲ့ကျမ်း ဖြစ်ပုံရပါတယ်ဘုရား။

တပည့်တော်တို့ ထေရဝါဒီ အမည်ခံကြတဲ့သူတွေထဲမှာ သောကောရောကောတွေ အများကြီးပါပဲဘုရား၊ သူတို့ကို မှန်တဲ့လမ်းကို ရောက်အောင် ဆွဲနိုင်ဖို့ဆိုတာ ဇွဲအတော်ကြီး, ဝီရိယ အတော်ထုတ်ပြီး ဆောင်ရွက်ရမှာပါဘုရား၊ အရှင်ဇန- ကာဘိဝံသကတော့ ဒါတွေကို ကြိုပြီးမြင်တော်မူတာကြောင့် ကိုယ်တော်တိုင် မဟာဇနကဆိုတဲ့ ဝီရိယပါရမီ ကြီးမားတော် မူတဲ့ ဂေါတမမြတ်စွာဘုရားအလောင်းတော်ရဲ့ အမည်ကို ယူ တော်မူခဲ့တာ ထင်ပါတယ်ဘုရား။

## မွေးသော, လှူသော ပန်း

အရှင်ဘုရားဟာ စာသင်ဖက် စာလိုက်ဖက် ဆရာတော် အရှင်သောပါကကိုရော အရှင်ဘုရားကိုယ်ကိုပါ မဟာဂန္ဓာရုံ ကျောင်းတိုက်ရဲ့ စိတ်ကောင်းရှိဖို့ ဆုံးမတဲ့ အစဉ်အလာကို ပြန်ပြောင်းပြောပြရင်း စိတ်ကောင်း မွေးပြီး စာကို သင်ကြပြီးတဲ့

www.dhammaransi.com

နောက် တတ်မြောက်ထားတဲ့စာနဲ့ မိမိကိုယ်, စိတ်တို့ကို ပိုမိုပြီး ထိန်းကြမယ်၊ သာသနာတော်ရော လောကကိုပါ ပိုပြီး တင့်တယ်အောင် ဆောင်ရွက်ကြမယ်၊ စိတ်ကောင်းရှိတဲ့သူ များဟာ မွှေးသော လှသော ပန်းများနဲ့ တူပါတယ်၊ အဲသလို လူများဖြစ်အောင် ကြိုးစားကြရမယ်လို့ အရှင်ဘုရားတို့ကိုယ် ကို အရှင်ဘုရားတို့ သတိပေးနှိုးဆော်ကြတယ်လို့ တပည့်တော် သဘောပေါက်ပါတယ်ဘုရား၊ တပည့်တော် လေးမြတ်ကြည် ညိုစွာ သာဓုခေါ်ပါတယ်ဘုရား။

## ညီတော်သူ ဦးသြဘာသ

ဆရာတော်ဘုရား ဆရာတော်ဘုရားရဲ့ ညီတော်ဖြစ်သူ ဦးသြဘာသကို မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ မတွေ့လိုက်ရ လို့, ဆရာတော်ကြီးရဲ့ အဆုံးအမကို တိုက်ရိုက် မခံခဲ့ရလို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ နံနက်ခင်း သြဝါဒများထဲက ကောက်နုတ်ချက်များကို ကိုးကားပြီး ဆုံးမတော်မူထားတာ တပည့်တော် ဖတ်လိုက်ရပါတယ်ဘုရား၊ ညီတော်ကို အကြောင်းပြုပြီး ဆရာတော်ကြီးကို သတင်းကြားနဲ့ ကြည်ညို နေကြတဲ့ ရဟန်း ရှင် လူများကိုလည်း ဆရာတော်ကြီးရဲ့

www.dhammaransi.com

(တ)

ဩဝါဒကို ဝေငှရာရောက်တဲ့အတွက် အလွန် ကျေးဇူးကြီးမားတဲ့ စာများ ဖြစ်ကြပါတယ်ဘုရား၊ အရှင်ဘုရားရဲ့ လက်ရေးမူနဲ့ (၄၃)မျက်နှာရှိတဲ့ ဩဝါဒများကို တပည့်တော် တစ်ခုချင်း တစ်ခုချင်း ဘယ်လို ကြည်ညိုလေးမြတ်ပါကြောင်း မလျှောက်ထားတော့ပါဘူးဘုရား။

အကြောင်းကတော့ ဒီအပိုင်းရဲ့ ပဓာနအကျဆုံး ပုဂ္ဂိုလ်ဖြစ်သူ ဦးဇင်းဉူးဩဘာသရဲ့ အကြောင်းကို လျှောက်ထားချင်လို့ပါဘုရား၊ အရှင်ဘုရားဟာ ညီတော်သူကို ဆရာတော်ကြီးရဲ့ အဆုံးအမကို ကိုးကားပြီး လိုလေသေး မရှိအောင် ဆုံးမတဲ့အခါမှာ မဟာဂန္ဓာရုံဆရာတော်ကြီးလို ဆရာတော်ကြီးများမှသာ ရဲရဲတောက် သုံးနှုန်းဆုံးမရဲမယ့်စကား ပါနေပါတယ်ဘုရား၊ တပည့်တော် လျှောက်ထားလိုတဲ့စကားကို ထပ်ပြီးရှင်းပါရစေဘုရား၊ "မဟာဂန္ဓာရုံဆရာတော်ကြီးလို ဆရာတော်ကြီးမှသာ"လို့ လျှောက်ထားတာက ဆရာတော်ကြီးတစ်ပါးသာ ဆုံးမရဲတာလို့ ဆိုလိုတာ မဟုတ်ပါဘုရား၊ ပရိယတ်ပဋိပတ်လုပ်ငန်းများမှာ စွမ်းတော်မူတဲ့ ဆရာတော်သမားတော်ကြီးများ ရှိကြပါတယ်ဘုရား၊ အဲသလိုဆရာတော်ကြီးများကတော့ မှားမသွားရလေအောင် မထောက်မညှာ ဆိုဆုံးမတော်

www.dhammaransi.com

(ထ)

မူသွားကြပါတယ်ဘုရား၊ အခုအချိန်မှာလည်း ဆုံးမတော်မူနေကြဆဲ ဖြစ်ပါတယ်ဘုရား။

တပည့်တော် တင်ပြချင်တာက "ဆွာ ဘတ္တိ"ဆိုတဲ့ ခေါင်းစဉ်နဲ့ သက်ဆိုင်ပါတယ် ဘုရား၊ "စကားပြောတဲ့အခါ တရားဟောတဲ့အခါ အောက်တန်းကနေ မဟောပြောပါနဲ့၊ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး အသနား မခံကြပါနဲ့၊ လိုရင်း တိုရှင်း တစ်ခွန်းစ နှစ်ခွန်းစ လိုသလောက်သာ ပြော၊ ဒီထက်လွန်ပြီး သူတောင်းစားများ တောင်းသလို မတောင်းရဘူး"ဆိုတာက ဆရာတော်ကြီးရဲ့ အဆုံးအမ ဖြစ်ပါတယ်ဘုရား။

တပည့်တော်က ဆရာတော်ရဲ့ညီတော် ဦးဩဘာသနဲ့ ဆုံဖူးတော့ အဲဒီအဆုံးအမဟာ ဦးဩဘာသအတွက် မလိုအပ်တဲ့အချက် ဖြစ်ပါတယ်ဆိုတာ လျှောက်ထားချင်ပါတယ်ဘုရား၊ အရှင်ဘုရား အနေနဲ့ကတော့ လိုလေသေး မရှိချင်တာ တစ်ကြောင်း, အခြားတစ်ပါးသော ရဟန်းငယ်များကို ဆရာတော်ကြီးရဲ့ အဆုံးအမတော်နဲ့ ရင်းနှီးစေချင်တာ တစ်ကြောင်း စတဲ့ အကြောင်းများစွာကြောင့် "ဆွာ ဘတ္တိ"ကို ရေးတာ ဖြစ်နိုင်ပါတယ်။

www.dhammaransi.com

(၁)

တပည့်တော်ဟာ ပြီးခဲ့တဲ့ နွေရာသီက ရွှေတောင်ကုန်း ယဉ်ကျေးမှုသင်တန်းမှာရော တောစခန်းရိပ်သာ ယဉ်ကျေးမှု သင်တန်းမှာပါ ဟောပြောပွဲ ဝင်ခဲ့ရပါတယ်၊ တောစခန်း ရိပ်သာမှာ ယောဂီအဖြစ် ဝင်ရင်း နေ့လည် နှစ်ချက်တီးကျော် ကျော်မှာ ဟောပြောဖို့ ဓမ္မာရုံကြီးဘက်ကို သွားခဲ့ရပါတယ်၊ တပည့်တော် ရောက်သွားတဲ့အချိန်မှာ တပည့်တော်ထက် စောတဲ့ အတန်းနှစ်တန်းက မလွှတ်သေးပါဘူး၊ အဲဒီတော့ တပည့်တော်က ဓမ္မာရုံရဲ့ အောက်ထပ်က အတန်းရဲ့ နောက် ဘက်မှာ ဝင်ထိုင်ပြီး ဘုရားကန်တော့, အတန်းမှာ ပို့ချသင်ကြား နေတဲ့ သံဃာတော်ကို ကန်တော့ပြီးတော့ ရိုရိုသေသေ စာ နာပါတယ်၊ တရားနာတယ်လို့လည်း ပြောလို့ရပါတယ်၊ ပို့ချ သင်ကြားနေတာတွေက တရားတော် ကောက်နုတ်ချက်တွေ ကိုး။

တပည့်တော်ရဲ့စိတ်ထဲမှာ ဩော်. . ဒီအကြောင်းတွေ ကို ငါ ကောင်းကောင်း မသိသေးပါကလား၊ တကယ်ဆိုရင် ငါကိုယ်တိုင် သင်တန်းတက်ဖို့ ကောင်းတာ စသဖြင့် တွေးမိ ပါတယ်၊ အဲသလိုနဲ့ အတန်းပြီးတဲ့အခါ ကိုရင်များ, သိက္ခာရှင် များ ပြန်ကြွတာကို တပည့်တော် စောင့်ရပါတယ်၊ ပို့ချတဲ့

www.dhammaransi.com

(၈)

ဆရာတော်လည်း စောင့်ရတာပါပဲ၊ အားလုံး ကြွသွားကြတဲ့ အခါမှာတော့ တပည့်တော်က ပို့ချတဲ့ဆရာတော်ကို ရှိုရှိုသေသေ ကန်တော့ပါတယ်၊ ဆရာတော်လို့ ကြည်ကြည်ညိုညို စိတ်ထဲက ခေါ်မိတဲ့ ဦးဇင်းက ငယ်ပါသေးတယ်၊ ဥပမိက တော့ သန့်စင်ရုံမက ထက်မြက်ပုံပါ ပေါက်နေပါတယ်။

တပည့်တော်က ဆရာတော်ကို ကန်တော့ပြီး မော့ကြည့် လိုက်တဲ့အခါ အဲဒီဆရာတော်နဲ့ မျက်နှာချင်းဆုံမိလို့ ပြုံး ပြလိုက်ပါတယ် အရှင်ဘုရား၊ အဲဒီဆရာတော်ကလေးက ခပ် တည်တည်နဲ့ မျက်နှာလွှဲသွားပါတယ်၊ တပည့်တော်က ဘယ့် နှာပါလိမ့်လို့ ဖြစ်သွားပေမယ့် ဩော်. . ဆရာတော် သတိ မထားမိလို့ နေပါလိမ့်မယ်ပေါ့၊ အဲသလိုပဲ တွေးလိုက်မိပါ တယ်၊ အဲဒီသင်တန်းမှာ ပို့ချတဲ့ ရဟန်းတော်များထဲမှာ ဝန်ဆောင်ဆရာတော် ဦးဇဋိလကလွဲလို့ ကျန်တဲ့ ဆရာတော် များဟာ အာဂန္တုပုဂ္ဂိုလ်များ ဖြစ်တယ်ဆိုတာကလွဲလို့ တပည့် တော် ဘယ်သူ့ကိုမှ မသိခဲ့ပါဘုရား။

နောက်တစ်နေ့မှာလည်း ပထမနေ့က အတွေ့အကြုံ အတိုင်း ထပ်ပြီး ဖြစ်ပါတယ်၊ ကန်တော့အပြီး မျက်နှာမော့

www.dhammaransi.com

# (၅)

လိုက်တဲ့အခါ သင်တန်းပို့ချတဲ့ဆရာတော်က ခပ်မှန်မှန် မျက်နှာထားနဲ့ မျက်နှာလွှဲသွားတာကို တပည့်တော်မ ကြုံ လိုက်ရတာပါပဲ၊ တပည့်တော်က အဲဒီအခါမှာ ကိုယ့်ဘာသာ ကိုယ် စစ်ဆေးပါတယ်၊ မိမိရဲ့ကျင့်ကြံမှုက ဘယ်လို ဖြစ်နေသလဲ၊ တပည့်တော်ဟာ ယောဂီဝတ်နဲ့ ဖြစ်ပါတယ်၊ ပြီးတော့ ရတနာသုံးပါးနဲ့ ပတ်သက်ရင် အထူးရိုသေလေးစားတဲ့ အကျင့် လည်း ရှိပါတယ်၊ ပြီးတော့ တပည့်တော်ဟာ အသက် ၆၀- တွင်းကို ရောက်နေပြီဖြစ်တဲ့ အဘွားကြီးတစ်ယောက်လည်း ဖြစ်ပါတယ်၊ ပြီးတော့ တပည့်တော်ဟာ တခြားက လာရောက် ပို့ချနေတဲ့သူဖြစ်တာကြောင့် တပည့်တော်ဟာ ဘယ်သူဘယ် ဝါ ဖြစ်တယ်ဆိုတာလည်း သင်တန်းဆရာတော်အနေနဲ့ သိ ထားပြီး ဖြစ်စရာ အကြောင်းရှိပါတယ်၊ ဒါဖြင့်ရင် ဘာ့ကြောင့် မျက်နှာလွှဲလွှဲသွားသလဲ၊ ရှင်းပါတယ်ဘုရား၊ မရင်းနှီးလို့တဲ့ အကြောင်းကြောင့်ပဲပေါ့၊ တပည့်တော်ဟာ ရင်းနှီးလို့တဲ့ ဘုန်း တော်ကြီးများနဲ့ တွေ့ကြုံဖူးပါတယ်ဘုရား၊ အဲဒီလို ရင်းနှီးဖို့ ကြိုးစားကြတဲ့ ပုဂ္ဂိုလ်မျိုးအတွက် တပည့်တော် စိတ်အနှောင့် အယှက် ဖြစ်ရပါတယ်ဘုရား၊ မရင်းနှီးလို့တဲ့ ပုဂ္ဂိုလ်မျိုးအတွက် တော့ ရဟန်းပီပီ မလိုဘဲနဲ့ မသိချင်တာ ကောင်းတာပေါ့လို့

www.dhammaransi.com



တွေးပြီး နောက်နေ့တွေမှာ တပည့်တော်က ကန်တော့ပြီးတဲ့ အချိန်မှာ ပြုံးမပြတော့ပါဘူးဘုရား။

တပည့်တော်ဟာ သင်တန်းနောက်ပိုင်းမှာ ဝေယျာဝစ္စ ယောဂီအဖြစ် ဆွမ်းကျောင်းမှာ လုပ်အားပေးပါတယ်၊ တစ်နေ့ မှာတော့ ဦးဇင်းတစ်ပါး ညှောင့်စူးလို့ ဆွမ်းစားကျောင်းကို မကြွနိုင်တာကြောင့် ဆွမ်း ပို့ဖို့ စီစဉ်နေကြပါတယ်၊ 'ဦးသြ- ဘာသ'လေလို့ ယောဂီတစ်ယောက်က ပြောတော့လည်း ဘယ်ဦးဇင်းဆိုတာ တပည့်တော်က မသိပါဘူး၊ နောက်နေ့မှာ လား. . အဲဒီနေ့မှာပဲလား သေသေချာချာတော့ မမှတ်မိပါ ဘူး၊ ညှောင့်စူးတာက ဆရာတော် သာမဏေကျော်ရဲ့ ညီ လေလို့ တစ်ယောက်က ပြောပြန်ပါတယ်၊ အဲဒီအချိန်မှာ တပည့်တော်က ပိုပြီး စိတ်ဝင်စားလာပါတယ်၊ မိသားစုတစ်စု တည်းက သားယောကျ်ားကလေးတွေ သာသနာ့ဘောင်ကို ရှေ့နောက်ဆက်ပြီး ဝင်ကြတာကို တပည့်တော် အလွန်ကြည် ညိုတာကြောင့် ပိုပြီး စိတ်ဝင်စားတာလည်း ပါပါတယ်ဘုရား၊ အရှင်ဘုရားရဲ့ ညီတော်ဖြစ်နေတာကလည်း စိတ်ဝင်စားခြင်း ကို ဖြစ်စေခဲ့ပါတယ်။

www.dhammaransi.com

(၆)

ဒါပေမယ့် ဦးသြဘာသကို တပည့်တော် မသိသေးပါ ဘုရား၊ တစ်နေ့မှာတော့ ဆွမ်းစားကျောင်းဘက်ကနေ ထွက်ကြွလာတဲ့ ကိုယ်တော်တစ်ပါးကို တပည့်တော် မြင်လိုက်ရလို့ အလွန်အံ့သြသွားရပါတယ်ဘုရား၊ ခြေထောက် နာနေသေးပေမယ့် ဆွမ်းပို့ မခံဘူးဆိုတာတော့ မနက်ပိုင်းကတည်းက ကြားထားပြီးသား ဖြစ်ပါတယ်၊ တပည့်တော်က ဘေးနားမှာ တပည့်တော်နဲ့အတူ ပန်းကန်တွေကို ရေသုတ်နေတဲ့ ယောဂီကို အဲဒီဦးဇင်းဟာ ဆရာတော်သာမဏေကျော်ရဲ့ညီတော် ဦးသြဘာသလားဆိုတော့ အဲဒီယောဂီက ဟုတ်တယ်လို့ ဖြေပါတယ်၊ တပည့်တော်ဟာ ငယ်ရွယ်တဲ့ တည်ကြည်တဲ့ အလိုနည်းပါးတဲ့ ဦးဇင်းကို ငေးကြည့်ရင်း အလွန်ငယ်သေးတာပဲ ဆိုတဲ့အချက်ကို သတိပြုလိုက်မိပါတယ်။

တပည့်တော်ဟာ 'ဩော်. . ကြည်ညိုစရာ ကောင်းလိုက်တာနော်'လို့ လေးလေးစားစား တွေးမိပါတယ်၊ အခုတော့ တိုက်ဆိုင်လိုက်တာဘုရား၊ တပည့်တော် စာရေးဖို့ တမင် စုထားတာ မဟုတ်ဘဲ အရှင်ဘုရားအနေနဲ့တောင် အခုမှ သိရတဲ့ ညီတော်ရဲ့ တည်ကြည်မှုဟာ ကြည်ညိုဖွယ်ကောင်းလှပါတယ်ဘုရား။

www.dhammaransi.com

(၀)

အရှင်ဘုရားက ညီငယ်ကို ဆုံးမတဲ့အခါ "ဥပြဩဘာသ" "တပည့်တော်က" စသဖြင့် မြတ်စွာဘုရားရဲ့ သားတော်ပီပီ အလွန် သိမ်မွေ့စွာ ပြောဆိုသုံးနှုန်းထားတာ ဖတ်ရတာဟာ မဟာဂန္ဓာရုံ ဆုံးမစကားကို မဖတ်ရခင်ကတည်းက ကြည်ညို စိတ်ကို ပွားစေပါတယ်ဘုရား။

တပည့်တော်ကို ရေးချင်သလောက် ရေးလို့ ခွင့်ပြုထား ပေမယ့် အရှင်ဘုရားရဲ့ညီတော်အကြောင်းကို တပည့်တော် ကိုယ်တွေ့ကြုံရတာ လျှောက်ထားပြီး ရပ်ထားခွင့်ပြုပါဘုရား။

ဆက်လက်လျှောက်ထားရမှာကတော့ ညီဝမ်းကွဲနဲ့ တူမ တစ်ဝမ်းကွဲကလေးတို့ကို မဟာဂန္ဓာရုံဩဝါဒဟာ ဘဝရဲ့ ပြည့် စုံခြင်းကို ဘယ်လို ဖြည့်ဆည်းတဲ့ အသိဉာဏ်တွေကို ပေးနိုင် ကြောင်း သွန်သင်ပေးတာ နည်းလမ်းပေးတာတွေ ဖြစ်ပါ တယ်။

## တစ်ဝမ်းကွဲတူမကလေး မဝင်းမာကြည်

မဝင်းမာကြည်က အခုအချိန်မှာ စပါးတွင်းရွာကလေး ရဲ့ တစ်ဦးတည်းသော ဘွဲ့ရပညာတတ် မူလတန်းပြ ဆရာမ ကလေး ဖြစ်ပါတယ်၊ တရားကိုလည်း ဉာဏ်စဉ် နာရတဲ့အထိ

www.dhammaransi.com



၂-လကြာအောင် အားထုတ်ပြီးပြီ ဖြစ်ပါတယ်၊ အဲဒီ ဆရာမကလေး သူတပည့်များကို သင်ကြားတဲ့အခါ ထည့်သွင်းပြီး သင်ကြားဖို့ ဆရာတော်က မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လက်ာကလေးတွေကို ထည့်သွင်းသင်ကြားပေးဖို့ နည်းပေးတာ အလွန် လျော်ကန်သင့်မြတ်ပါတယ်ဘုရား၊ အလွန် မြင့်တဲ့ ဘွဲ့တွေရပြီး ရတနာသုံးပါးနဲ့ စပ်လျဉ်းလာရင် ဘာမှန်းမသိ ဖြစ်နေတဲ့သူတွေဟာ မတရားလုပ်ရမှာကို ဝန်မလေးတတ်တော့ ကလေးငယ်ငယ်ကလေးများကို သာသနာနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို သင်ထားပေးနိုင်လေလေ အနာဂတ်အတွက် စိတ်ချရလေလေလို့ ပြောရပါမယ်ဘုရား။

## ညီဝမ်းကွဲ မောင်လှဝင်း

အရှင်ဘုရား ရေးတဲ့အတိုင်း မောင်လှဝင်းလို့ ရေးရပေမယ့် သူဟာ ရွာရဲ့လူကြီးဆိုတော့ ဦးလှဝင်းပေါ့ဘုရား၊ အရှင်ဘုရားဟာ ညီဖြစ်သူကို စည်းစည်းရုံးရုံး နေတတ်ကြအောင် ရွာက လူတွေကို ဘုရားအဆုံးအမတွေနဲ့ ထုံမွမ်းပေးဖို့, ဉာဏ်ကို လွှာသုံးဖို့, လောကဓံကို ကြံ့ကြံ့ခံတတ်ဖို့ ကျော်လွှားတတ်ဖို့ သွန်သင်ပါတယ်။

www.dhammaransi.com

(၅)

တပည့်တော်ဟာ ရှေ့ပိုင်းမှာ အရှင်ဘုရား ရေးထားတာတွေလောက် ရှည်လျားတော့မယ့်ပုံနဲ့ စာတွေ ရေးခဲ့ပြီး အခု နောက်ပိုင်းကျတော့ စာက တိုသွားတာက အထက်တစ်နေရာမှာ ပြောခဲ့သလို ရေးစရာ မရှိလို့ မဟုတ်ပါဘုရား။

တပည့်တော်က လူ့လောကထဲမှာ နေတာဆိုတော့ လူနဲ့ပတ်သက်ပြီး ပြောစရာ အများသားပေါ့ဘုရား၊ ဒါပေမယ့် ဂါရဝတရား လက်ကိုင်ထားလျက်နဲ့ တပည့်တော် လျှောက်ချင်တာကတော့ လူတွေအတွက် ဩဝါဒကို သီးသန့်ထုတ်ပြီး ရေးလိုက်ရင် ပိုများ ကောင်းမလားလို့ စဉ်းစားမိလို့ပါ ဘုရား၊ အဲသလိုဆိုရင် လူတွေက ဒါဟာ နောင်ဘဝအတွက် ပြင်ဆင်ဖို့ တရားတွေသာ ဖြစ်တယ်လို့ ထင်နေတာ မှားတယ်ဆိုတာက အစ ရှင်းပြနိုင်ကြမှာ ဖြစ်ပါတယ်ဘုရား။

မြန်မာဗုဒ္ဓသာသနာ့ဝင်တွေထဲမှာ အယူလွဲတွေနဲ့ ကြီးပြင်းလာကြတဲ့သူတွေ မနည်းပါဘူးဘုရား၊ တစ်ခါတုန်းက တပည့်တော်တို့ တက္ကသိုလ်က ဆရာမကလေးများက ကျောင်းပိတ်ရက်မှာ တရားဝင်ကြဖို့ ဆွေးနွေးနေကြပါတယ်ဘုရား၊ အဲဒီအချိန်မှာ စိတ်သဘောအားဖြင့်တော့ ကောင်းလှပါတယ်

www.dhammaransi.com



လို့ ချီးကျူးနိုင်လောက်တဲ့ ပါမောက္ခကြီးတစ်ယောက်က 'ဆရာမတွေ တရားအားထုတ်ဖို့ မစဉ်းစားကြပါနဲ့ဦး၊ ခင်ဗျား တို့ ငယ်ငယ်ရွယ်ရွယ်နဲ့ တရားအားထုတ်ရင် စိတ်တွေ ကျ သွားပြီး တိုးတက်အောင် မလုပ်နိုင်ဘဲ ဖြစ်သွားမယ်'လို့ ပြော ပါတယ်၊ ဆရာမငယ်ငယ်တွေက ပြောစရာ ရှိနေပေမယ့် ပါမောက္ခကြီးကို အားနာတာကြောင့် ဘာမှ မပြောကြပါဘူး ဘုရား။


တပည့်တော်ကတော့ 'ဆရာကြီး အဲသလို မပြောပါနဲ့၊ မဂ်တား ဖိုလ်တားတဲ့ စကား ဖြစ်နေပါတယ်၊ တရား အား ထုတ်တာ စိတ်ကျတယ်ဆိုရင် ကျွန်မ ဒေါက်တာ အခေါ်ခံရ တော့မှာ မဟုတ်ဘူး'လို့ အစချီပြီး တော်တော် ဆွေးနွေးရပါ သေးတယ်ဘုရား။

အဲဒါကြောင့် လူတွေအတွက် ဩဝါဒတွေကို သပ်သပ် ထုတ်ပြီး ရေးပေးပါလို့ လျှောက်ထားပါရစေဘုရား။

တပည့်တော်ရဲ့ လျှောက်ထားလွှာကို ဒီနေရာမှာ အဆုံး သတ်ပါရစေဘုရား။

*ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)*

www.dhammaransi.com



www.dhammaransi.com

# ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံ ဩဝါဒ

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ အရှင်သောပါကနဲ့ စာရေးသူတို့ဟာ အတူ ပညာသင်ယူခဲ့ကြတာမို့ ရင်းနှီးခဲ့ကြပါတယ်၊ အရှင်သောပါကကတော့ ယခုအခါ သူ့ရဲ့ ဇာတိရပ်ရွာဖြစ်တဲ့ ရွှေဘိုခရိုင်, ဝက်လက်မြို့နယ်, လှတွေရွာမှာ ဗိုလ်ရုံကျောင်းရဲ့ ဆရာတော် ဖြစ်နေပါတယ်၊ သူက စာရေးသူ နေထိုင်ရာ ရန်ကုန် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ လာပြီး သတိပဋ္ဌာန်တရားကို အားရအောင် အားထုတ်သွားခဲ့ပါတယ်၊ သူ့ရွာမှာ ကိုရင်, ဦးဇင်းလေးတွေကို ပရိယတ်စာပေ ပို့ချပေးနေပါတယ်၊ သတိပဋ္ဌာန်တရားကို ကိုယ်တိုင် ဆက်လက် အားထုတ်နေသလို ဒကာ, ဒကာမတွေကိုလည်း စွမ်းနိုင်သမျှ ဟောပြော ပြသပေးနေပါ

www.dhammaransi.com



တယ်၊ ကျေးရွာမှ ကလေး, လူကြီးအသီးသီးအား မြတ်စွာဘုရားအဆုံးအမတော်တွေကို ပေးနေတာမို့ အရှင်သောပါကကို လေးစားကြည်ညိုရပါတယ်။

သူက မဟာဂန္ဓာရုံကျောင်းတိုက်မှာ ပညာသင်ယူခဲ့ကာ ဓမ္မာစရိယအောင်ပြီး သာမဏေကျော် တတိယဆင့်ကိုလည်း စာရေးသူနဲ့အတူ ဖြေဆိုခဲ့ကြပါတယ်၊ သူ့လို ပရိယတ်, ပဋိပတ် အရည်အချင်း ကောင်းတဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်ဇာတိရပ်ရွာမှာ ပြန်လည်နေပြီး အများအကျိုး သယ်ပိုးနေကြတာဟာ အားရဝမ်းသာစရာပါပဲ၊ သူက စာရေးသူထံ စာတွေ ရေးရေးပြီး ပို့တတ်ပါတယ်၊ သူ့ထံ စာပြန်ဖို့ရာ အခက်အခဲ ရှိတာကြောင့် မပြန်ဖြစ်တာကပဲ များနေပါတယ်၊ ဒါကြောင့် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ နံနက်ခင်းသြဝါဒတွေထဲက အထူးပဲ နှစ်ခြိုက်မိတဲ့ သြဝါဒစကားလေးတွေကို ထုတ်ပြကာ အရှင်သောပါကအား ရှင်းလင်းလျှောက်ထားတဲ့ ဒီစကားလေးတွေနဲ့ အရှင်သောပါကထံ စာပြန်လိုက်ပါတယ်၊ စာရှုသူလည်း ရှုစားကြည့်ပါဦး။

www.dhammaransi.com



# ကိုယ့်သီလကို ပြန်ကြည်ညို

"နာမည်ကြီးလာ, နာမည်ကြီးလာတဲ့ ဘုန်းကြီးတွေကိုမှ တချို့က တမင်လိုက်ပြီး ကြည်ညိုကိုးကွယ်ကြသတဲ့၊ ကြည်ညိုတာ ကောင်းပါရဲ့၊ ဒါပေမယ့် ကိုယ့်သီလကို ပြန်ကြည်ညိုနိုင်ဖို့က ပို အရေးကြီးတယ်၊ အဲဒါကမှ ကိုယ့်ဘဝ အာမခံချက်ရှိမယ်"တဲ့။

"အရှင်ဘုရားလည်း မှတ်မိနေပါလိမ့်မယ်၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ ဒီဩဝါဒစကားလေးဟာ အလွန်မှပဲ ကောင်းလှပါတယ်၊ ဆရာတော်ရဲ့ ခေတ်ကာလမှာရော တပည့်တော်တို့ရဲ့ ခေတ်ကာလမှာပါ နာမည်ကြီးလာပြီဆိုရင် လူတွေက ဝိုင်းအုံလာချင်ကြတာကို တွေ့နေရတာပါပဲ၊ အကျင့်သိက္ခာ မရှိဘဲ နာမည်ကြီးလာတဲ့ ပုဂ္ဂိုလ်တွေရဲ့ နာမည်ကတော့ ကြာရှည်မခံပါ၊ ကောက်ရိုးမီးလို တစ်ခဏပါပဲ၊ တစ်ခဏပဲ ထတောက်လိုက်ပြီး မကြာခင် ကြက်ပျောက်, ငှက်ပျောက် ပျောက်ကုန်ပါတယ်။

www.dhammaransi.com



"ဒါပေမယ့် ကိုယ့်သီလကို ပြန်ကြည့်ညှိနိုင်ဖို့က ပို အရေးကြီးတယ်"ဆိုတဲ့ ဆရာတော်ရဲ့ စကားလေးဟာ အလွန် ပဲ ထူးခြားလှပါတယ်၊ အလွန်ပဲ ကောင်းလှပါတယ်၊ ကောင်း ပါတယ်-လို့ မချီးမွမ်းဘဲ မနေနိုင်လောက်အောင်ကို ကောင်း ပါတယ်၊ ကိုယ့်သီလကိုသာမက ကိုယ့်သမာဓိ, ကိုယ့်ပညာကို ပြန်ကြည့်ညှိနိုင်ဖို့လည်း အရေးကြီးပါတယ်၊ ကိုယ့်သမာဓိ, ကိုယ့်ပညာကို ပြန်ကြည့်ညှိနိုင်ရင် ကိုယ့်စိတ်ကိုလည်း ပြန် ကြည့်ညှိနိုင်ပါပြီ၊ ကိုယ့်ရဲ့ ကိုယ်အပြုအမူ, ကိုယ့်ရဲ့ နှုတ် အပြောအဆို, ကိုယ့်ရဲ့ စိတ်နေစိတ်ထားကို ပြန်ကြည့်ညှိနိုင်ရင် ကိုယ့်ကိုယ်ကို ပြန်ကြည့်ညှိနိုင်ပါပြီ၊ ကိုယ့်သီလကိုသာမက ကိုယ့်သမာဓိ, ကိုယ့်ပညာကိုပါ ပြန်ကြည့်ညှိနိုင်ရင်တော့ ပိုလို့ ကောင်းပါတယ်၊ သမာဓိ, ပညာနဲ့ ထုံမွမ်းထားတဲ့ သီလက တော့ ဘဝအာမခံချက် ပိုပြီး ရစေပါမယ်ဘုရား။

သူတစ်ပါးတွေကို လိုက်ပြီး ကြည့်ညှိဖို့ ကြိုးစားတာ ထက် ကိုယ့်ကိုယ်ကို ပြန်ကြည့်ညှိနိုင်အောင် ကြိုးစားဖို့ ဆရာတော်က တိုက်တွန်းထားတယ်လို့ နားလည်မိပါတယ် ဘုရား၊ ဆရာတော်ရဲ့ ဩဝါဒစကားလေးက နာမည်ကြီးတဲ့ ဘုန်းကြီးတွေနောက်တော့ သဲသဲမဲမဲ လိုက်နေကြပြီး ကိုယ့်

www.dhammaransi.com



သီလ, ကိုယ့်သမာဓိ, ကိုယ့်ပညာကို ပြန်ကြည်ညိုနိုင်အောင် ကြိုးစားဖို့ အမှတ်တမဲ့ဖြစ်နေကြသူတွေကို အမှတ်တရ ဖြစ်သွားစေပါတယ်၊ အသည်းနှလုံးကို ကိုင်လှုပ်လိုက်သလိုလည်း ဖြစ်သွားစေပါတယ်၊ အင်မတန်မှ ထိရောက်လှပါတယ်ဘုရား။

www.dhammaransi.com



# ရွှေသည်နဲ့ တောင်းသည်

"ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီး မိန့်တာ မှတ်ဖူးတယ်၊ တောင်းတွေ, ပလုံးတွေ ရောင်းတာဟာ အဝေးကြီးက မြင်ရလောက်အောင် ထုထည်ကြီးသလိုတော့ ထင်ရပါရဲ့၊ ရောင်းရတဲ့ အမြတ်ကတော့ နည်းနည်းလေးပဲ။"

"စိန်, ရွှေ, ငွေ ရောင်းဝယ်တာကျတော့ တခြားလူ မသိလောက်အောင်ကို ထုထည်သေးလိုက်တာ၊ ဒါပေမယ့် အကျိုးအမြတ်ကတော့ များလိုက်တာ။"

"ဒီလိုပဲ သာသနာတော်မှာ ပကာသနဒါနဟာ တောင်းတွေ, ပလုံးတွေ ရောင်းတာနဲ့ တူတယ်၊ သဒ္ဓါစစ်နဲ့ လုပ်တာကမှ စိန်, ရွှေ, ငွေ ရောင်းတာနဲ့ တူတယ်"တဲ့။

"ကဲ. . . ဘယ်လို လုပ်ချင်ကြသလဲ" တဲ့။

www.dhammaransi.com



ဒါလည်း ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ရဲ့ ဩဝါဒစကားတစ်ခွန်းပဲ ဖြစ်ပါတယ်။

"အရှင်ဘုရား. . . မြန်မာနိုင်ငံမှာ ပကာသနဒါနတွေ များလွန်းနေတာမို့ ပကာသနဒါနတွေ နည်းလာအောင် ဆရာတော်က စာတွေ ရေးလည်း ရေး၊ ဟောလည်း ဟောနေပေမယ့် ဆရာတော်ရဲ့ စာ၊ ဆရာတော်ရဲ့ ဟောတရားတွေဟာ ပကာသနဒါနရှင် ဗုဒ္ဓသာသနာဝင်တွေအဖို့ ကျွဲပါး စောင်းတီး သဖွယ် ဖြစ်နေလေရော့သလားဘုရား၊ လောကလူ အများစုက အကျိုးအမြတ် နည်းပေမယ့် လူမြင်ရလွယ်တဲ့ တောင်း၊ ပလုံး ရောင်းတာနဲ့ တူတဲ့ ပကာသနဒါန ပြုဖို့ရာသာ စိတ်အားသန်ကြတာမို့ ဟောရ၊ ပြောရ၊ ရေးရတာ မောရတာသာ အဖတ်တင်သလို ဖြစ်နေပါတယ်၊ "အမြတ်များဖို့ မလို၊ လူသိဖို့သာ လိုသည်"ဆိုတဲ့ ဆိုင်းဘုတ်နဲ့ အလှူလုပ်သူတွေ နည်းလာပြီး "လူသိဖို့ မလို၊ အမြတ်များဖို့သာ လိုသည်" ဆိုတဲ့ ဆိုင်းဘုတ်နဲ့ အလှူလုပ်သူတွေ များလာရင်တော့ ဆရာတော့်မှာ မောရကျိုးနပ်တာပေါ့၊ မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေထဲမှာ တောင်းရောင်းဒါနတွေ နည်းလာပြီး ရွှေရောင်းဒါနတွေ များလာဖို့ရာ ဆရာတော့်လို ဟောပြော သတိပေးတဲ့ ပုဂ္ဂိုလ်တွေ များများ ရှိဖို့ လိုပါတယ် ဘုရား။"

www.dhammaransi.com



"မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေမှာ ရေလိုက်, ငါး လိုက်ပုဂ္ဂိုလ်တွေပဲ များနေရင်တော့ ပကာသနဒါနတွေ မြန်မာ နိုင်ငံမှာ ဗိုလ်ကျစိုးမိုးနေကြဦးမှာပါ၊ မင်းမူနေကြဦးမှာပါ၊ အများ မိုးခါးရေ သောက်လို့ မိုးခါးရေကိုပဲ အများနည်းတူ လိုက်သောက်နေကြရင်တော့ မြန်မာဗုဒ္ဓသာသနာဝင်တွေမှာ ငါးပါးမှောက်ကုန်ရချေရဲ့ဘုရား၊ အချိုးမွမ်းခံချင်တဲ့ လောဘ, ကဲ့ရဲ့ခံရမှာ ကြောက်တဲ့ ဒေါသ, အကျိုးအမြတ်ကို မစိစစ်နိုင် တဲ့ မောဟတွေရဲ့ ကျွန်ဘဝမှ မလွတ်မြောက်နိုင်သေးသမျှ ပကာသနဒါနတွေဟာ မြန်မာနိုင်ငံအနှံ့အပြားမှာ အောင်ပွဲခံ နေကြဦးမှာပါဘုရား၊ ဒါနရဲ့ အကျိုး, အပြစ်ကို စိစစ်ဝေဖန် နိုင်တဲ့ ပညာလက်နက်နဲ့ လောဘ, ဒေါသ, မောဟရန်သူ တွေကို တိုက်ခိုက်ဖြိုခွင်းနိုင်မှသာ ပကာသနဒါနတွေ မြန်မာ နိုင်ငံမှာ ကျဆုံးကြမှာပါဘုရား။"

"ပကာသနဒါနတွေကြောင့် ရှိသမျှပစ္စည်းတွေ ပြောင်တဲ့ အပြင် ကြွေးတင်ခံရသူတွေလည်း မြန်မာနိုင်ငံအတွင်းမှာ နည်းမယ် မထင်ပါဘူးဘုရား၊ ပကာသနဒါနတွေမှာ ခြယ် လှယ်နေတဲ့ လောဘ, ဒေါသ, မောဟတွေဟာ မီးဘေး, ရေ ဘေးကြောင့် ပစ္စည်းဥစ္စာ ဆုံးရှုံးကြရတာထက် ပိုပြီး ဆုံးရှုံးစေ

www.dhammaransi.com



နိုင်ကြပါတယ်၊ မီးဘေး၊ ရေဘေးထက် ပကာသနဒါနတွေမှာ ခြယ်လှယ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟဘေးတွေက ပိုပြီး ကြောက်စရာကောင်းပါတယ်၊ မြန်မာနိုင်ငံမှာ မီးဘေး၊ ရေဘေး ကင်းဝေးဖို့ လိုအပ်သလို ပကာသနဒါနတွေမှာ ခြယ်လှယ်နေတဲ့၊ အချိုးမွမ်းခံချင်တဲ့ လောဘဘေး၊ ကဲ့ရဲ့ခံရမှာ ကြောက်တဲ့ ဒေါသဘေး၊ အကျိုးအပြစ် မစိစစ်နိုင်တဲ့ မောဟ ဘေးတွေလည်း ကင်းဝေးဖို့ လိုအပ်လှပါတယ်ဘုရား။"

"ကုသိုလ် အရေခြုံ၊ ငွေတွေ ကုန်ပြီး ပျော်ရွှင်သက်သက် ဖြစ်တဲ့ ပကာသနဒါနတွေ နည်းလာပြီး ကုသိုလ် လွန်ကဲ ငွေ ကုန် နည်းကာ ဉာဏ်လည်း ယှဉ်တဲ့ ဒါနတွေ များလာပြီ ဆို ရင်တော့ ဆရာတော့်မှာ အတိုင်းမသိ ပီတိတွေ ဖြစ်နေမှာကို မြင်ယောင်မိပါသေးတယ်ဘုရား။"

www.dhammaransi.com



# ဆီနဲ့ ရေ

"သဘော်ကြီး နစ်နေတုန်း အော်ဟစ်အကူအညီ တောင်းခံနေရင်း သေမယ့်အစားတော့ မဟာဇနက မင်းသား လို တစ်လံ ရောက်ရောက်၊ နှစ်လံ ရောက်ရောက် ကူးတာက မှ ကမ်းစပ်နဲ့ နီးနိုင်သေးတယ်မဟုတ်လား၊ ညည်းမနေနဲ့၊ ထလုပ်လိုက်ပါ" တဲ့။

အရှင်ဘုရား. . . မဟာဂန္ဓာရုံဆရာတော်က ညည်း မနေဘဲ အလုပ်ကို ထပြီး လုပ်ကြဖို့ မဟာဇနကမင်းသားကို နမူနာပြပြီး တိုက်တွန်းထားတာမို့ ဆရာတော်ရဲ့ တိုက်တွန်း စကား၊ ဩဝါဒစကားဟာ အားရှိပါတယ်၊ ဝီရိယ ရှိသူတွေထဲ မှာတော့ မဟာဇနကမင်းသားဟာ တကယ့်ခေါင်ထိပ်က ဝီရိယရှင်ကြီးပါပဲ၊ မဟာဇနကလို ဧရာမဝီရိယရှင်ကြီး ဖြစ်ချင် လို့ ဆရာတော်က ဆရာတော်ရဲ့ ဘွဲ့ကို "ဇနက"လို့ ကိုယ် တိုင် ရွေးတယ်လို့ ဆိုပါတယ်၊ ဆရာတော်ဟာလည်း ဘုရား

www.dhammaransi.com



အလောင်းတော် မဟာဇနကလောက် ဝီရိယ မကြီးမားပေမယ့် မဟာဇနကရဲ့ ဝီရိယကိုတော့ အလွန်ပဲ အားရတယ်၊ အားကျပုံလည်း ရပါတယ်၊ သေဘေးနဲ့ အလွန်နီးကပ်နေတဲ့ အချိန်မှာတောင် ဝီရိယ ရဲရဲတောက်စိတ်ထား တစ်ပြားသားမှ မလျှော့ဘဲ ဇွဲသတ္တိအပြည့်နဲ့ ကမ်းမမြင် ပင်လယ်ကြီးထဲမှာ သွားလိုရာ တစ်ဖက်ကမ်းကို ရောက်အောင် ကူးခတ်နေတဲ့ မဟာဇနကရဲ့ စိတ်ထားကတော့ ဘဝမှာ အခက်အခဲလေး နည်းနည်းတွေ့တာနဲ့ ညည်းတွားနေကြသူတွေရဲ့ စိတ်ထားနဲ့ မိုးနဲ့ မြေကြီးလိုပါပဲဘုရား၊ သမုဒ္ဒရာရဲ့ ဟိုဖက်ကမ်းနဲ့ ဒီဖက်ကမ်းလိုပါပဲ ဘုရား။

ဘဝမှာ အခက်အခဲလေးတွေ တွေ့တာနဲ့ ညည်းတွားကြတဲ့၊ ဝီရိယလျှော့ကြတဲ့၊ ဇွဲပျော့ကြတဲ့၊ သတ္တိညံ့ကြတဲ့ လူတွေကို မဟာဇနကကို အားရ၊ အားကျပြီး မဟာဇနကလို ဇွဲ၊ ဝီရိယပိုင်ရှင်ဖြစ်အောင် ကြိုးစားနေတဲ့ ဆရာတော်က အားမရ၊ မကျေနပ် ဖြစ်နေပုံရပါတယ်ဘုရား၊ မဟာဇနကရဲ့ ဝီရိယနဲ့ လူညံ့တွေရဲ့ ဝီရိယကတော့ ဆီနဲ့ ရေလို၊ နို့သာဆီနဲ့ အီးလို ကွာချင်တိုင်း ကွာနေပါတယ်ဘုရား၊ ဆရာတော်ဟာ မဟာဇနကမင်းသားရဲ့ ဝီရိယကို အားရ၊ အားကျပြီး ကြိုးစား

www.dhammaransi.com



ခဲ့သလို ဝီရိယလျော့၊ ဇွဲပျော့၊ သတ္တိညံ့ကြတဲ့လူတွေလည်း မဟာဇနကမင်းသားရဲ့ ဝီရိယကို အားရ၊ အားကျပြီး ကြိုးစားလာနိုင်ပါတယ်ဘုရား၊ ဒါကြောင့်လည်း မဟာဂန္ဓာရုံဆရာတော်က "ညည်းမနေနဲ့၊ ထလုပ်လိုက်ပါ"လို့သာ မဆိုဘဲ မဟာဇနကမင်းသားကို စံထားပြီး မိန့်ကြားခဲ့တာ ဖြစ်ပါလိမ့်မယ်ဘုရား။

ဝီရိယနဲ့ ပျင်းတာဟာ အပူနဲ့ အအေး၊ အဖြူနဲ့ အမည်း၊ အမှောင်နဲ့ အလင်းတို့လို ဆန့်ကျင်ဖက် ဖြစ်ပါတယ်၊ ဝီရိယနဲ့ အပျင်း အားပြိုင်လို့ ဝီရိယ အရေးနိမ့်တဲ့အခါမျိုးမှာ မဟာဇနကမင်းသားရဲ့ ဝီရိယကို တွေးလိုက်ရင် မဟာဇနကရဲ့ ဝီရိယက တွန်းအားပေးပါတယ်၊ ကူးစက်လာသလိုလည်း ဖြစ်လာပါတယ်၊ သတ္တိလည်း သွေးပေးပါတယ်၊ ဇွဲလည်း မွေးပေးပါတယ်၊ ရဲသွေးတွေလည်း နိုးလာစေပါတယ်၊ အပျင်းကို ကျရှုံးစေပါတယ်၊ ဝီရိယကို အောင်ပွဲခံစေပါတယ်၊ ဒါကြောင့် ဆရာတော်က တပည့်တော်တို့လို တပည့်တွေမှာ ဝီရိယနဲ့ အပျင်း အားချင်းပြိုင်လို့ ဝီရိယ နိုင်ပုံ မပေါ်ခဲ့ရင် ဝီရိယက အောင်ပွဲခံနိုင်အောင် ဝီရိယကြောင့် အောင်ပွဲ ဆင်နွှဲသွားတဲ့ မဟာဇနကမင်းသားကို စံထားပြီး ဆုံးမသွားတာဟာ အလွန်ပဲ ကောင်းလှပါတယ်၊ အလွန်ပဲ အကျိုးများလှပါတယ်ဘုရား။

www.dhammaransi.com



"ဘုန်းကြီးလည်း ပျင်းတာပါပဲ၊ ကိုရင်, ဦးဇင်းတို့လည်း ပျင်းတာပါပဲ၊ ကိုရင်, ဦးဇင်းတို့က ပျင်းရင် ဘာမှ မလုပ်ဘူး၊ ဘုန်းကြီးကတော့ ပျင်းရင် အလုပ်တစ်ခုခု ထပြီး လုပ်လိုက်တာပဲ"လို့လည်း မဟာဂန္ဓာရုံဆရာတော်က ဆုံးမထားပါတယ်၊ "ညည်းမနေနဲ့၊ ထပြီး လုပ်လိုက်ပါ"လို့ ဆုံးမထားရာမှာလည်း ပျင်းရိညည်းတွားတာကို အလုပ်နဲ့ အနိုင်ယူခိုင်းထားပါတယ်၊ လမ်းဆုံးမရောက်ခင် လက်မြှောက်, ဒူးထောက်ကာ အညံ့ခံသူ, ညည်းတွား ပျင်းရိနေသူ လူအပေါင်းကို ဆရာတော်က မဟာဇနကရဲ့ ဝီရိယနဲ့ တပ်လှန့်ထားပါတယ်၊ ဆရာတော်ရဲ့ ဝီရိယကလည်း အပျင်းနဲ့ အိပ်ပျော်နေသူတွေကို ကိုင်လှုပ်ကာ နှိုးပေးပါတယ်၊ မနိုးကြားသူတွေကို နိုးကြားစေပါတယ်၊ မတက်ကြွသူတွေကို တက်ကြွစေပါတယ်ဘုရား။

ဝီရိယ(၃)မျိုးကို မှတ်သားဖူးပါတယ်ဘုရား၊ **အစပျိုး၍** ကြိုးပမ်းအားထုတ်မှု၊ အပျင်းကို လွန်မြောက်သည်အထိ ကြိုးပမ်းအားထုတ်မှု၊ ပန်းတိုင်ရောက်သည်အထိ အဆင့်ဆင့် တိုး၍ ကြိုးပမ်းအားထုတ်မှုတို့ပါပဲ၊ အဲဒီ(၃)မျိုးလုံး ပိုင်ဆိုင်နိုင်အောင် ဆရာတော်က မဟာဇနကကို စံပြပြီး တိုက်တွန်း နှိုးဆော်ထားတာ မဟုတ်ပါလားဘုရား။

www.dhammaransi.com



## နားထဲမှာ ပဲ့တင်ထပ်ဆဲပါ

"ငရဲ ရှိတယ်၊ တိရစ္ဆာန် ရှိတယ်၊ ပြိတ္တာ ရှိတယ်၊ အသူရကာယ် ရှိတယ်၊ လူနုံလူမွဲ လူဆင်းရဲ ရှိတယ်၊ သေရဦးမယ်၊ သတိထား" တဲ့။

အရှင်ဘုရား. . . တပည့်တော်တို့ဟာ မဟာဂန္ဓာရုံဆရာတော်ရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံခဲ့ရစဉ်က နံနက်ခင်း ဆရာတော်ရဲ့ ဩဝါဒကို ခံယူတိုင်း အထက်ပါ စကားလေးတွေကို ရွတ်ဆိုခဲ့ရတာကလည်း အမောပါပဲဘုရား၊ တပည့်တော်အပါအဝင် လောကသတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို သေမှသာ သေရော, သေမယ်လို့ကို မထင်မိကြပါ၊ ဒီဘဝကို သာယာတဲ့ တဏှာရဲ့ လက်ချက်ကြောင့် ရရှိထားတဲ့ ဘဝကို စွန့်လွှတ်လိုက်ရမှာကိုလည်း ကြောက်နေမိကြပါတယ်၊ "သေရဦးမယ်"လို့ သတိမထားသူတွေပဲ လောကကြီးထဲမှာ

www.dhammaransi.com



များနေကြပါတယ်၊ သားနဲ့ ပျော်, သမီးနဲ့ ပျော်, ဇနီးနဲ့ ပျော်, ခင်ပွန်းနဲ့ ပျော်, ချစ်သူနဲ့ ပျော်, မိတ်ဆွေတွေနဲ့ ပျော်, ပစ္စည်းတွေနဲ့ ပျော်နေကြသူတွေဟာ သေရမယ့်အရေးကို မေ့ဘဲ မေ့ထားချင်ကြပါတယ်၊ ပျော်စရာတွေနဲ့ ပျော်ပြီး မင်္ဂလာယူနေကြသူတွေဟာ သေရမယ့်အရေးကို တွေးမိရင်တောင် မင်္ဂလာမရှိဘူး-လို့ ထင်နေတတ်ကြပါတယ်ဘုရား။

ငယ်ရွယ်သူတွေကလည်း "ငါ ငယ်ပါသေးတယ်၊ မသေနိုင်သေးပါဘူး"လို့ ထင်နေကြပါတယ်၊ အသက်အရွယ်အလယ်အလတ် ပုဂ္ဂိုလ်တွေကလည်း "ငါ အသက် မကြီးသေးပါဘူး၊ မသေနိုင်သေးပါဘူး"လို့ပဲ ထင်နေကြပါတယ်၊ အသက်ကြီးလို့ သေခါနီးနေတဲ့ ပုဂ္ဂိုလ်တွေကတောင် "ငါ အသက်ကြီးပေမယ့် မသေနိုင်သေးပါဘူး"လို့ ထင်နေကြပါတယ်၊ အသက်ကြီးနေပေမယ့် အသက်ငယ်သေးတယ်လို့ပဲ ထင်နေတတ်ကြသူတွေကလည်း လောကမှာ များနေပါတယ်၊ အံ့ဩစရာပါပဲ၊ အသက်ငယ်ပေမယ့် သေသွားကြရသူတွေဟာ မရေမတွက်နိုင်အောင်ပဲ များလှပါတယ်၊ အသက်အရွယ်အလယ်အလတ်ပုဂ္ဂိုလ်တွေကလည်း နည်းတူပါပဲ၊ အသက်ကြီးသူတွေ သေတာ များတာကတော့ မဆန်းတော့ပါဘူး

www.dhammaransi.com



ဘုရား၊ အသက် ငယ်ငယ်ရွယ်ရွယ်, အသက် အလယ်အလတ်, အသက်ကြီးကြီးပုဂ္ဂိုလ်တွေဟာ အချိန်မရွေး သေနိုင်ကြပါတယ်၊ ဒါကြောင့် "သေရဦးမယ်"လို့ အသက်ငယ်ရွယ်သူတွေလည်း သတိထားသင့်ကြပါတယ်၊ အသက် အလယ်အလတ်ပုဂ္ဂိုလ်တွေလည်း သတိထားသင့်ကြပါတယ်၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေကတော့ သေဖို့ ပိုပြီး နီးတာမို့ "သေရဦးမယ်"လို့ ပိုပြီး သတိထားသင့်ကြပါတယ်ဘုရား။

"သေရဦးမယ်"လို့ သတိထားနိုင်ရင် ထားနိုင်သလောက် မာနတွေ လျော့ကျသွားပါတယ်၊ ကုသိုလ်တွေလုပ်ဖို့ ပြင်ဆင်လိုစိတ်, ကြိုးစားလိုစိတ်တွေ ပေါက်လာပါတယ်၊ အကုသိုလ်တွေကို ရှောင်ရှားလိုစိတ်တွေ ဖြစ်လာပါတယ်၊ "သေရဦးမယ်"လို့ သတိထားကာ ရှေ့ဘဝခရီးကိုဆက်ပြီး တွေးကြည့်လိုက်ရင် ကြောက်စရာဘဝဆိုးတွေလည်းရှိနေတာကို သိမြင်ရပါတယ်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူ-ရကာယ်ဆိုတဲ့ အပါယ်လေးဘုံဟာ ဆင်းရဲအပေါင်းရဲ့ နိုအောင်းရာ ဘဝတွေမို့ ဆင်းရဲကို မလိုလားတဲ့လူတိုင်း အဲဒီဘဝဆိုးတွေကို ကြောက်ကြပါတယ်၊ လူနုံလူမွဲ လူဆင်းရဲဘဝဟာလည်း ကြောက်စရာကောင်းပါတယ်၊ အကြောင်းကတော့

www.dhammaransi.com



ဆင်းရဲလို့ပါပဲ၊ ဆင်းရဲဆိုရင် နည်းနည်းလေးတောင်မှ မလို လားတာဟာ သတ္တဝါတိုင်းရဲ့ ဆန္ဒပါဘုရား။

ဆင်းရဲကို ကြောက်ရင် ဆင်းရဲကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတွေကို ရှောင်ရပါမယ်ဘုရား၊ အဲဒီ အကြောင်းတရားတွေကတော့ မကောင်းတဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေပါပဲ၊ အဲဒီမကောင်းမှုတွေကိုသာ ပယ်ရှားနိုင်ရင် ငရဲကိုလည်း ကြောက်စရာ မလိုပါ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူ- ရကာယ်တွေကိုလည်း ကြောက်စရာ မလိုပါ၊ လူနုံလူမွဲ လူ ဆင်းရဲကိုလည်း မှုစရာ မလိုတော့ပါဘူး၊ သေရဦးမယ်လို့ သတိထားမိသူဟာ သေပြီးနောက် ကောင်းရာဘဝ ရောက်ဖို့ ရာ ကောင်းတဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုမိဖို့ အရေးကြီး လှပါတယ်ဘုရား။

ဆရာတော်က သေရဦးမှာကို သတိပေးရုံတင်မက မသေခင် ဘဝဆိုးတွေကို ရောက်ကြောင်း မကောင်းတဲ့ ကိုယ် မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ရှောင်ရှားဖို့နဲ့ ကောင်းတဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေကို ဆောင်ပွားဖို့လည်း သတိပေး တပ်လှန့် ထားတယ်လို့ နားလည်မိပါတယ်ဘုရား၊ ဆရာတော် သက် တော် ထင်ရှားရှိစဉ်က အဲဒီသတိပေးတပ်လှန့်ခဲ့တဲ့ အသံဟာ

www.dhammaransi.com



ဆရာတော် စံလွန်တော်မူပြီးတဲ့ ယခုအချိန်တိုင်အောင် တပည့်တော်တို့နားထဲမှာ ပဲ့တင်ထပ်ရိုက်ခတ်လျက် ရှိနေပါတယ်ဘုရား။

www.dhammaransi.com



## မွှေးသော, လှသော ပန်း

"စိတ်ကောင်း ရှိလိုက်ကြစမ်းပါ၊ စာတွေတော့ တတ်ပါရဲ့၊ စိတ်ကောင်း မရှိပြန်ရင်လည်း ဘာနဲ့ တူလဲ- ဆိုတော့ ကြောင်ဝံပိုက်ကလေးလိုပဲ၊ အကောင် ငယ်ပါတယ်၊ လှလည်း လှပါရဲ့၊ အနံ့ကတော့ ဆိုးပါ့၊ စိတ်ကောင်း မရှိဘူး-ဆိုရင် အတွင်းက စပြီး ပုပ်တော့တာ၊ နောက်တော့ အပြင်လည်း ပုပ်ကရော၊ ကြာတော့ အတွင်းပုပ်, အပြင်ပုပ်ကြီးကို ဖြစ်လို့"တဲ့။

အရှင်ဘုရား. . . . မဟာဂန္ဓာရုံဆရာတော်ကတော့ ကြောင်ဝံပိုက်ဆိုတဲ့ သတ္တဝါကလေးကို ဥပမာပေးပြီး ပြောသွားပါတယ်၊ အရှင်ဘုရားကော ကြောင်ဝံပိုက်ကို မြင်ဖူးပါသလား၊ မြင်ဖူးမယ် ထင်ပါတယ်၊ တပည့်တော်တော့ တပည့်တော်ရွာမှာတုန်းက မြင်ဖူးပါတယ်၊ အရှင်ဘုရားရဲ့ ရွာနဲ့ တပည့်တော့်ရွာက (၂)မိုင်ပဲ ဝေးတာဆိုတော့ အရှင်ဘုရား

www.dhammaransi.com



ရွာမှာလည်း ရှိမှာပါပဲ၊ စာတတ်ပြီး စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ရှိသလို စာတတ်ပြီး စိတ်ကောင်းမရှိတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတာကို တပည့်တော် တွေ့ဖူးသလို အရှင်ဘုရားလည်း တွေ့ဖူးမှာပါ။ စာတတ်ပြီး စိတ်ကောင်းမရှိသူကို စာလည်း မတတ်, စိတ်ကောင်းလည်း မရှိသူထက် ပိုပြီး ကြောက်စရာ ကောင်းပါလိမ့်မယ်၊ စာတတ်ပြီး စိတ်ကောင်းမရှိတဲ့သူက စာမတတ်, စိတ်ကောင်းမရှိတဲ့သူထက် ပိုပြီး သူတစ်ပါးကို ဒုက္ခပေးတတ်ပါလိမ့်မယ်၊ ပေးနိုင်ပါလိမ့်မယ်၊ ပညာတတ်သူ ကောက်ကျစ်တာဟာ ပညာမတတ်သူ ကောက်ကျစ်တာထက် ပိုပြီး အစွမ်းထက်ပါတယ်။

စာတတ်ပြီး စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ဟာ လေးစားစရာ, အားကိုးအားထားစရာ ကောင်းပါတယ်၊ လောကမှာလည်း အကျိုးများ, သာသနာမှာလည်း အကျိုးများပါတယ်၊ ပိဋကစာပေဟာ စိတ်ကောင်းရှိအောင် လုပ်ပုံ လုပ်နည်းတွေကို သင်ပြပေးတဲ့ စာပေ ဖြစ်ပါတယ်၊ စိတ်ကောင်း မွေးမြူနည်းကို သင်ပြပေးပါတယ်၊ စာတတ်ပြီး စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ဟာ အဆင်းလည်း လှ, အနံ့လည်း မွှေးတဲ့ ပန်းလေးနဲ့ တူပါတယ်၊ အဆင်းလည်း လှ, အနံ့လည်း မွှေးတဲ့ ပန်းဟာ

www.dhammaransi.com



လူတွေရဲ့ မြတ်နိုးခံရပါတယ်၊ စာတတ်ပြီး စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ဟာလည်း လူတွေရဲ့ မြတ်နိုးခြင်းကို ခံယူရပါတယ်၊ တပည့်တော်တို့ တတ်ထားတဲ့ စာတွေနဲ့ တပည့်တော်တို့ရဲ့ စိတ်ကို ကောင်းသည်ထက် ကောင်းအောင် လုပ်သွားရပါမယ်။

မေတ္တာထားနည်း, ကရုဏာထားနည်း, မုဒိတာထားနည်း, ဥပေက္ခာထားနည်း, ခန္တီထားနည်း စတဲ့ စိတ်ကောင်းထားနည်းတွေကို ပိဋကစာပေ (ဗုဒ္ဓစာပေ)တွေထဲမှာ ပြထားပါတယ်၊ ဒီလို စိတ်ကောင်း မွေးမြူနည်းတွေကို တတ်သိထားပါလျက် စိတ်ကောင်းမရှိရင်တော့ စာပေရဲ့ အပြစ် မဟုတ်ပါဘူး၊ လူရဲ့ အပြစ်သာ ဖြစ်ပါတယ်၊ ပိဋကစာပေဟာ လူတစ်ယောက်ရဲ့ ဘဝကို မြင့်အောင် မြှင့်ပေးတဲ့ စာပေ ဖြစ်ပါတယ်၊ ပိဋကစာပေ တတ်သိထားပါလျက် စိတ်ကောင်း မရှိသူဟာ "မွဲချင်တဲ့ ခွေး ပြာပုံ ဝပ်"ဆိုတာလို နိမ့်ရာဘဝကို ဆင်းချင်သူပါပဲ၊ ခွေးကို ကောင်းကောင်းနေရာမှာ နေစေချင်လို့ ပလ္လင်ပေါ်မှာ ထင်ထားပေမယ့် ပြာပုံမှာပဲ ဆင်းဝပ်တယ်ဆိုရင် အဲဒီခွေးဟာ မွဲချင်တဲ့ ခွေးပါပဲ၊ အဲဒီလို ဖြစ်ရင်တော့ ဘဝမှာ နစ်နာလှပါတယ်။

www.dhammaransi.com



အရှင်ဘုရား. . . တပည့်တော် နှိုင်းလိုက်တဲ့ ဥပမာ ဟာ ရိုင်းများ ရိုင်းသွားသလား၊ ရိုင်းရင်လည်း ခွင့်လွှတ်တော် မူပါဘုရား၊ တပည့်တော်စိတ်ထဲ ပေါ်လာတာကို လျှောက် ထားမိတာပါဘုရား၊ ပိဋကစာပေက စိတ်ကောင်း မွေးမြူနည်း တွေကို အဆင့်ဆင့် သင်ပေးထားပါတယ်၊ စိတ်ကောင်း မွေး မြူနည်း သိထားပါလျက် အရှင်ဘုရား မမွေးမြူနိုင်ရင် အရှင် ဘုရား ညံ့တာပါပဲ၊ တပည့်တော် မမွေးမြူနိုင်ရင် တပည့်တော် ညံ့တာပါပဲ၊ တပည့်တော်ဟာ စိတ်ကောင်း ထားနည်းတွေကို သိပါလျက် မထားရင်, စိတ်ယုတ်မာ ရှိရင် တပည့်တော်ကိုယ် တပည့်တော် ရိုင်းရိုင်းနှိုင်းရရင် မွဲချင်တဲ့ ခွေးဥပမာနဲ့ပဲ နှိုင်းရ ပါလိမ့်မယ်၊ သူတစ်ပါးကို နှိုင်းယှဉ်ရင်တော့ နာချင် နာပါ လိမ့်မယ်။

သာသနာမှာရော လောကမှာပါ ကြောင်ဝံပိုက်လို ပုဂ္ဂိုလ်တွေ များလာရင် သာသနာရော လောကပါ ပျက်စီးရ ပါလိမ့်မယ်၊ အဆင်းလည်း လှ, အနံ့လည်း မွှေးတဲ့ပန်းလို ပုဂ္ဂိုလ်တွေ များလာရင်တော့ သာသနာရော လောကပါ တိုး တက်ကြီးပွားလာပါလိမ့်မယ်၊ အရှင်ဘုရားရော တပည့်တော် ပါ အဆင်းလည်း လှ, အနံ့လည်း မွှေးတဲ့ပန်းလို ဖြစ်အောင် ကြိုးစားကြရပါမယ်ဘုရား။

www.dhammaransi.com



# ညီထံသို့

သူဟာ လူ့ဘောင်မှာပဲ နေတော့မယ်လို့ သူ့ကို ထင်မိထားတယ်၊ ဒါပေမယ့် အဲဒီအထင် မှားသွားတယ်၊ သူဟာ အခု သာသနာ့ဘောင် ရောက်နေတယ်၊ ရဟန်းဝါ (၃)ဝါတောင် ရသွားပြီ၊ ရဟန်းဘောင် တက်တော့ အသက်(၂၀) နည်းနည်း ကျော်နေပြီ၊ သူ့ဘွဲ့က- ဦးဩဘာသ-တဲ့၊ စာရေးသူရဲ့ ညီအရင်းပါပဲ၊ သူ လူ့လောကထဲ ရောက်လာတဲ့အချိန်မှာ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးဟာ သက်တော် ထင်ရှားရှိနေပါသေးတယ်၊ သူ့အသက် ငယ်ငယ်မှာပဲ မဟာဂန္ဓာရုံဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့တယ်၊ သူဟာ မဟာဂန္ဓာရုံကျောင်းကြီးကို ဆရာတော်ကြီး ပျံလွန်တော်မူပြီးမှ ရောက်ခဲ့ဖူးပါတယ်၊ သက်တော်ထင်ရှားရှိတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးကိုလည်း မဖူးတွေ့လိုက်ရဘူး၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒတွေကိုလည်း မနာကြားလိုက်ရဘူး။

www.dhammaransi.com



နံနက်ခင်း အရုဏ်ဆွမ်းစားအပြီး မဟာဂန္ဓာရုံဆရာတော်ကြီး သံဃာတွေကို ဩဝါဒ ပေးတော်မူနေတာကို သူမမြင်တွေ့ဖူးလိုက်ပေမယ့် ဆရာတော် ဦးစန္ဒောဘာသ လက်ထက်မှာတော့ ဆရာတော်ဦးစန္ဒောဘာသ သံဃာတွေကို ဩဝါဒ ပေးနေတာကို မြင်ဖူးလိုက်ပါလိမ့်မယ်၊ ဦးဩဘာသလို မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသကို မဖူးတွေ့လိုက်ရ, ဆရာတော်ကြီးရဲ့ ဩဝါဒစကားကို မနာကြားလိုက်ရတဲ့ လူတွေရော, သံဃာတွေပါ မြန်မာနိုင်ငံမှာ အလွန်ပဲ များပါလိမ့်မယ်၊ ဦးဩဘာသလို ပုဂ္ဂိုလ်တွေအတွက် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒစကားလေးတွေကို ပြန်ပြောင်းပြောပြရရင် အကျိုးများလိမ့်မယ်လို့ တွေးမိပါတယ်။

ဒါကြောင့် ဦးဩဘာသအား စာရေးပြီး ပြောကြားရရင်ကောင်းမှာပဲလို့လည်း တွေးမိပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒစကားတော်တွေထဲက စာရေးသူလည်း အထူးနှစ်ခြိုက်မိတဲ့, ဦးဩဘာသလိုပုဂ္ဂိုလ်တွေအားလည်း အကျိုးများမယ့် ဩဝါဒစကားလေးတွေကို ထုတ်နုတ်ရေးပြီး ရှင်းလင်းပြောပြချင်တဲ့ ဆန္ဒလည်း ပေါ်လာမိပါတယ်၊ ဒါကြောင့် ဦးဩဘာသထံ ဒီစာလွှာလေးတွေကို ရေးကာ ပို့လိုက်ပါတယ်။

www.dhammaransi.com



## တစ်ကျပ်နဲ့ နှစ်ကျပ်

"ကိုယ့်ကိုယ်ကို အများဆိုင်, ဘုံပိုင်လို့ပဲ သဘောထားလိုက်ပါ၊ အများအတွက်, လောကအတွက် ကိုယ် ဘယ်လောက် စွမ်းနိုင်သလဲ၊ စွမ်းတဲ့ဘက်က လုပ်ပါ၊ စွမ်းနိုင်သလောက် လုပ်ပါ၊ မလုပ်ဘဲတော့ မနေပါနဲ့၊ ဝန်ကို ထမ်းပါ၊ ဝန်စီး မဖြစ်ပါစေနဲ့"တဲ့။

ဦးဩဘာသ ဒီဩဝါဒစကားလေးကို ကြားဖူးချင်မှ ကြားဖူးအုံးမယ်၊ "ကိုယ့်ကိုယ်ကို အများဆိုင်, ဘုံပိုင်လို့ပဲ သဘောထားလိုက်ပါ"ဆိုတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒစကားလေးကို ရေးပြရင်း တစ်ချိန်က မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဇာတိရပ်ရွာဖြစ်တဲ့ သရိုင်ရွာမှာ ဆရာတော်ကြီး မိန့်ခဲ့တယ်လို့ တစ်ဆင့် ကြားသိရတဲ့ ဩဝါဒစကားလေးကို သတိရလာမိတယ်။

www.dhammaransi.com



"ဘုန်းကြီးက အခု သရိုင်ဘုန်းကြီး မဟုတ်တော့ဘူး၊ သရိုင်ဆွေမျိုးတွေကချည်း ပိုင်တဲ့ ဘုန်းကြီး မဟုတ်တော့ဘူး၊ တစ်နိုင်ငံလုံးက လေးစားတဲ့ ဘုန်းကြီး ဖြစ်နေပြီ၊ ဘုန်းကြီးမှာ အလုပ်တွေ သိပ်များတယ်၊ နောင်ကို ဒီသရိုင်ရွာ လာနိုင်မှာ မဟုတ်တော့ဘူး၊ အချင်းချင်း မေတ္တာနဲ့ နေကြပါ၊ တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင် နေကြပါ၊ ငါးပါးသီလကို လုံခြုံအောင် ထိန်းကြပါ၊ မေတ္တာနဲ့ သစ္စာရှိရှိ နေထိုင်သွားကြပါ" တဲ့။

မဟာဂန္ဓာရုံဆရာတော်ကြီးက သူ့ကိုယ်သူ အများဆိုင်, ဘုံပိုင်လို့ပဲ ယူဆထားပါတယ်၊ ဆရာတော်ကြီးက သူ့တပည့်တွေကိုလည်း သူ့လိုပဲ သဘောထားနိုင်အောင် ဆုံးမစကား မိန့်ကြားထားပါတယ်၊ ဥုးဩဘာသရော, တပည့်တော် (သာမထေကျော်)ရော မဟာဂန္ဓာရုံဆရာတော်ကြီး သဘောထားတော်မူသလို ထားနိုင်အောင် ကြိုးစားကြရပါမယ်၊ ဒီအသက်နဲ့ ဒီခန္ဓာကို ဘုရားသာသနာတော်အား အပြီးအပိုင် လှူထားနိုင်ကြရင် သိပ်ကောင်းမှာပဲ၊ ကိုယ့်ကိုယ်ကို သာသနာပိုင် (သာသနာက ပိုင်ဆိုင်ထားသူ)အဖြစ် သဘောထားကြရပါမယ်၊ ဆရာတော်က ကိုယ့်ကိုယ်ကိုလည်း မေးခွန်းထုတ်ပြီး စိစစ်ခိုင်းထားတယ်၊ "**အများအတွက်, လောကအတွက် ကိုယ်**

www.dhammaransi.com



ဘယ်လောက် စွမ်းနိုင်သလဲ”တဲ့၊ ဆရာတော်ကြီးက အများအတွက်, လောကအတွက် သူ့ပရိယတ်အစွမ်းအစ, ပဋိပတ်အစွမ်းအစတွေနဲ့ စာပေတွေ ပို့ချပေးတယ်၊ စာအုပ်တွေ ရေးတယ်၊ တရားတွေ ဟောတယ်၊ အဆုံးအမတွေ ပေးတယ်၊ ကိုယ်ဟာ သူ့လောက် မစွမ်းနိုင်တာကတော့ သေချာပါတယ်၊ ဦးဩဘာသလည်း မစွမ်းနိုင်ဘူး၊ တပည့်တော်လည်း မစွမ်းဆောင်နိုင်ဘူး၊ ဒါပေမယ့် “စွမ်းတဲ့ဘက်က စွမ်းနိုင်သလောက်လုပ်ပါ”ဆိုတဲ့ စကားလေးအတိုင်း စွမ်းတဲ့ဘက်က စွမ်းနိုင်သလောက်တော့ လုပ်ကြရပါမယ်၊ ဆရာတော်က ထပ်ပြီးဆုံးမထားသေးတယ်။

“မလုပ်ဘဲတော့ မနေပါနဲ့၊ ဝန်ကို ထမ်းပါ၊ ဝန်စီး မဖြစ်ပါစေနဲ့”တဲ့။

ဦးဩဘာသ အခု ဘာတွေ လုပ်နေသလဲ၊ ပရိယတ်, ပဋိပတ်အလုပ်နှစ်ခုထဲက တစ်ခုမှ မလုပ်ဘဲတော့ မနေပါနဲ့၊ တစ်ခုမှ မလုပ်ရင်တော့ ဦးဩဘာသဟာ ဘုရားသာသနာမှာ ဝန်ထမ်းသူ မဟုတ်တော့ဘူး၊ ဝန်စီးသူ ဖြစ်သွားပြီ၊ ကိုယ့်ကိုယ်ကို ဝန်စီးသူ မဖြစ်ဘဲ ဝန်ထမ်းသူ ဖြစ်အောင် ကြိုးစားရပါမယ်။

www.dhammaransi.com



မဟာဂန္ဓာရုံဆရာတော်ကြီးက ဒီလိုလည်း ဆုံးမဖူးတယ်။

"ဘုန်းကြီးရဲ့ ဝါဒက သူများက တစ်ကျပ် ပေးရင် ကိုယ်က နှစ်ကျပ်တန်အောင် အလုပ် လုပ်လိုက်ရမှ ကျေနပ်တယ်"တဲ့။

ဦးဩဘာသ. . . ဆရာတော်ကြီးရဲ့ ဝါဒ, ဆရာတော်ကြီးရဲ့ ဝီရိယဟာ ဘယ်လောက်ကျေနပ်စရာ ကောင်းလိုက်သလဲ၊ သူများက တစ်ကျပ် ပေးရင် ကိုယ်က တစ်ကျပ်တန်အောင် လုပ်နိုင်ရင်ပဲ တော်လှပါပြီ၊ နှစ်ကျပ်, သုံးကျပ်, လေးကျပ်. . စသည် တန်အောင် လုပ်နိုင်ရင်တော့ ပိုလို့ ကောင်းတော့တာပေါ့၊ ဦးဩဘာသကို သူများက တစ်ကျပ် လှူရင် ဘယ်လောက် တန်အောင် လုပ်ခဲ့သလဲ၊ ငါးမူး, တစ်မတ် တန်အောင် လုပ်နိုင်ရုံနဲ့ ကျေနပ်စရာ မကောင်းသေးဘူးနော်၊ ငါးပြားတောင် တန်အောင် မလုပ်ရင်တော့ အလွန် အားမရစရာ ဖြစ်နေပါတယ်၊ တစ်ပြားမှ တန်အောင် မလုပ်ရင်တော့ ကိုယ်ဟာလည်း တစ်ပြားမှ တန်မှာ မဟုတ်ဘူး၊ ကိုယ်ဟာ တန်ဖိုးရှိတဲ့ ရဟန်း ဖြစ်ချင်ရင်တော့ သာသနာအလုပ်တွေကို ကြိုးပမ်းအားထုတ်ရပါလိမ့်မယ်။

www.dhammaransi.com



## ဘဝရဲ့အလှ

"အနေအထိုင်လည်း ကောင်းပါမှ, စိတ်ထားလည်း ရိုးသားကောင်းမွန် ဖြောင့်မတ်ပါမှ, ပညာလည်း ကောင်းကောင်းတတ်ပါမှ လူဆိုတာ ကြီးပွားတတ်တာပါ၊ ဒီလိုမှ မဟုတ်ရင်တော့ ဆုတ်ယုတ်ကြောင်းပါပဲ၊ စာတော့ တတ်ပါရဲ့၊ သီလမရှိပြန်ရင်လည်း အသီးမချိုတဲ့ သစ်ပင်နဲ့ တူပြန်တယ်"တဲ့။

ဦးဩဘာသ. . လူပဲဖြစ်ဖြစ်, ရှင်ရဟန်းပဲ ဖြစ်ဖြစ် ကြီးပွားချင်ကြတာချည်းပဲ၊ မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ ကြီးပွားတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တစ်ပါး အပါအဝင်ပေါ့၊ သူ့ဩဝါဒအတိုင်း လိုက်နာလို့ ကြီးပွားနေကြတဲ့ သူတပည့်တွေလည်း မနည်းပါဘူး၊ ကြီးပွားချင်တဲ့သူတွေထဲမှာ ဦးဩဘာသလည်း ပါမှာပါပဲ၊ ကြီးပွားချင်ရင်တော့ ကြီးပွားကြောင်းအလုပ်တွေကို လုပ်ရလိမ့်မယ်၊ အနေအထိုင် ကောင်းရမယ်-တဲ့၊ ကိုယ် နေတာ ထိုင်တာ ကောင်းလား, မကောင်းလားဆို

www.dhammaransi.com



တာကို နေ့စဉ် ဆင်ခြင်သုံးသပ်ကြည့်ပေါ့၊ မကောင်းတာတွေ့ရင် ဖယ်ရှားပြီး ကောင်းအောင် ကြိုးစားရမယ်၊ စိတ်ထားက မရိုးသား, မကောင်းမွန်, မဖြောင့်မတ်ရင်လည်း ကြီးပွားဖို့ခဲယဉ်းနေတတ်တယ်။

ဉူးသြဘာသရဲ့ ပတ်ဝန်းကျင်မှာ ကြီးပွားနေတဲ့သူတွေကို သတိထားကြည့်ရင် သိနိုင်, မြင်နိုင်ပါတယ်၊ ပညာလည်းကောင်းကောင်း တတ်ထားရမယ်-တဲ့၊

ပညာနဲ့ပတ်သက်ပြီး မဟာဂန္ဓာရုံဆရာတော်ကြီး မိန့်ထားတဲ့ ဒီစကားလေးတွေဟာ အလွန်ပဲ သဘောကျစရာကောင်းတယ်။

"ပညာတတ်ရင် သတ္တိလည်း ထက်လာတယ်၊ ပညာမတတ်ခင်က ခပ်ကြွမ်းကြွမ်း ဖြစ်နေပေမယ့် ပညာတတ်လာတော့ အမြော်အမြင် ရှိလာတယ်။"

"လောကကြီးပွားရေးမှာ ပညာဟာ အဓိကအားပဲ။"

"ပညာဆိုတာ စာပေပညာကိုသာ ပြောတာ မဟုတ်ဘူး၊ သူအရွယ်နဲ့သူ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်မှုအတတ် အားလုံး ပါဝင်တယ်။"

www.dhammaransi.com



"ဘာပညာပဲဖြစ်ဖြစ် ငယ်စဉ် အရွယ်ရှိစဉ်က မကြိုးစားခဲ့ရင် ပညာတစ်ခုခုနဲ့ အသက်မွေးရတော့မယ်ဆိုတော့ ပညာရင့်ရင် ရင့်သလို, ပညာညံ့ရင် ညံ့သလို အကျိုးခံစားရမှာပဲ"တဲ့။

အနေအထိုင်လည်း မကောင်း, စိတ်ထားလည်း ရိုးသားကောင်းမွန်ဖြောင့်မတ်မှု မရှိ, ပညာလည်း ကောင်းကောင်းမတတ်ဘူး-ဆိုရင်တော့ အဲဒီသူဟာ မကြီးပွားတော့ဘူး၊ ဘဝမှာ မတိုးတက်ဘူး၊ ဆုတ်ယုတ်မယ်။

ဦးဩဘာသဟာ မဟာဂန္ဓာရုံဆရာတော်ကြီးကို ကြီးပွားကြောင်းအချက် (၃)ချက်နဲ့ သုံးသပ်ကြည့်နိုင်ပါတယ်၊ ဆရာတော်ကြီးသာ ဒီလို အနေအထိုင် မကောင်းခဲ့ရင် ဒီလိုဖြစ်မလာမှာ သေချာတယ်၊ ဆရာတော်ကြီးမှာ အနေအထိုင်သာ ကောင်းပြီး စိတ်ထား ရိုးသားကောင်းမွန်ဖြောင့်မတ်မှု မရှိခဲ့ရင်လည်း ဒီလို ဖြစ်လာမှာ မဟုတ်ဘူး၊ အနေအထိုင်လည်း ကောင်းပါရဲ့၊ စိတ်ထားလည်း ရိုးသားကောင်းမွန်ဖြောင့်မတ်ပါရဲ့၊ ဒါပေမယ့် ပညာက ဒီလို ကောင်းကောင်းမတတ်ခဲ့ရင်လည်း ဒီလို ဖြစ်လာမှာ မဟုတ်ပါဘူး၊ ဆရာတော်ကြီးမှာ ဒီလို အခြေအနေ ရောက်နေတာဟာ ကြီးပွားကြောင်း အချက်(၃)ချက်လုံးနဲ့ ပြည့်စုံနေလို့ပါပဲ။

www.dhammaransi.com



ကြီးပွားကြောင်း ဒီအချက်(၃)ချက်နဲ့သာ ပြည့်စုံပါစေ, မဟာဂန္ဓာရုံဆရာတော်ကြီးသာ မဟုတ်ပါဘူး၊ ဥုးဩဘာသ လည်း ကြီးပွားမှာပါပဲ၊ ဘယ်သူမဆို ကြီးပွားမှာပါပဲ၊ အနေ အထိုင် ကောင်းမှု, ရိုးသားဖြောင့်မတ်မှု, ပညာတတ်မှုတွေဟာ ဘဝကို လှပလာအောင်, တန်ဖိုးရှိလာအောင်, မြတ်နိုးဖွယ် ဖြစ်လာအောင် လုပ်ပေးတဲ့ အရာတွေပါပဲ၊ အနေအထိုင် ကောင်းမှုအလှ, ရိုးသားဖြောင့်မတ်မှု အလှ, ပညာတတ်မှု အလှတွေနဲ့ တန်ဆာဆင်လိုက်ရင် ဘဝဟာ အင်မတန် ကျက် သရေ ရှိလာတယ်၊ တန်ဖိုး ရှိလာတယ်၊ မြတ်နိုးဖွယ် ဖြစ်လာ တယ်။

"စာတတ်ပြီး သီလ မရှိရင် အသီးမချိုတဲ့ သစ်ပင်နဲ့ တူ ပါတယ်"တဲ့၊ ဒီဩဝါဒစကားအရ ကိုယ်ရဲ့ ဘဝဆိုတဲ့ သစ်ပင်ကြီးမှာ သီလအချိုသီး သီးအောင် ကြိုးစားဖို့ လိုပါ တယ်၊ ချိုမြိန်တဲ့ ဘဝ ဖြစ်ချင်ရင် သီလ ရှိရပါမယ်၊ သီလ မရှိရင်တော့ ခါးသီးတဲ့ ဘဝကြီး ဖြစ်ပါလိမ့်မယ်၊ သီလဟာ ဘဝကို ချိုမြိန်စေတတ်ပါတယ်၊ ဒါကြောင့် ဥုးဩဘာသရဲ့ ဘဝ ချိုမြိန်ဖို့ရာ သီလဟာ အရေးကြီးလှပါတယ်၊ သီလ ရှိ အောင် ကြိုးစားရပါမယ်။

www.dhammaransi.com



## မဟာဂန္ဓာရုံရဲ့ သွေး

"ဘုရားရှင်ရဲ့ သာသနာက ထိုးစစ်နဲ့ တက်လာခဲ့တာ၊ ဘုရားရှင် မပွင့်ခင်က တိတ္ထိဆရာကြီးတွေရဲ့ ဝါဒအမျိုးမျိုး တွေ လွှမ်းမိုးနေခဲ့တယ်၊ အယူအဆတွေ အမျိုးမျိုး ဖြစ်နေ တယ်။"

"ဒီအချိန်မှာ ဘုရားရှင် ပွင့်ထွန်းလာပြီး ယုတ္တိရှိတဲ့ တရားတွေ, သဘာဝကျတဲ့ ဓမ္မတွေ, လက်တွေ့ဆန်တဲ့ ကျင့်ကြံမှုတွေ ဟောပြတော့ အားလုံးက သဘောကျကြတာပေါ့။"

"နောက်ပိုင်း သာသနာ့ဝန်ထမ်းတဲ့သူတွေက နမော်နမဲ့ ဘာသိဘာသာ နေကြတော့ အရင်က နောက်ဆုတ်နေခဲ့တဲ့ ဝါဒတွေက ပြန်ပြီး ခေါင်းထောင်ထလာကြပြန်ရော၊ သာသနာ က ပြန်ပြီး ခံစစ် ဖြစ်နေရတယ်၊ ဒီသာသနာတော်မှာလည်း

www.dhammaransi.com



နေသေး, ကိုယ်နဲ့ မဆိုင်သလို ကြောင့်ကြမဲ့လည်း နေသေး ဆိုရင် တော်ကြပါ့မလား”တဲ့။

ဉုးဩဘာသ. . . ဟိုတစ်ချိန်က သာသနာဟာ ထိုးစစ်နဲ့ အောင်ပွဲအလီလီ နွှဲခဲ့ရလို့ အပေါ်စီးရကာ အရေးသာခဲ့ပေမယ့် အခုအခါမှာတော့ ခံစစ်ဖြစ်နေရပါပြီ၊ အရေးမသာတော့ပါဘူး၊ အပေါ်စီး မရတော့ပါဘူး၊ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာဝင် မဟုတ်တဲ့ ဦးရေတွေက တစ်ဟုန်ထိုး တိုးတက်လာနေပါတယ်၊ ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတွေသာ ဘာသာခြားတွေရဲ့ အန္တရာယ်ကို နမော်နမဲ့, ဘာသိဘာသာ, ကိုယ်နဲ့ မဆိုင်သလို ကြောင့်ကြမဲ့နေကြရင်တော့ ဘာသာခြားတွေအတွက် အကွက်ကောင်း ရနေကြပါတယ်၊ အဲဒီအကွက်ကောင်းကို သူတို့က ချောင်းနေကြပါတယ်၊ ဗုဒ္ဓသာသနာဝင်တွေက နမော်နမဲ့နိုင်လေလေ, ဘာသိဘာသာ နေလေလေ, ကိုယ်နဲ့ မဆိုင်သလို ကြောင့်ကြမဲ့ နေလေလေ သူတို့က အကွက်ကောင်းရလို့ လက်ခမောင်းခတ်လေလေ နေမှာပါ။

မဟာဂန္ဓာရုံဆရာတော်ကြီးက သာသနာတော်နဲ့ ပတ်သက်ပြီး ဒီလိုလည်း အမိန့်ရှိထားပါသေးတယ်။

www.dhammaransi.com



"သာသနာဆိုတာ စောင့်ရှောက်လိုက်နာသူတွေအပေါ်မှာ အမိကမူတည်ပါတယ်၊ သူတော်ကောင်းစိတ်ရှိရှိနဲ့ ဘုရားစကား လိုက်နာသူတွေ များရင် သာသနာ ထွန်းကားတယ်၊ တင့်တယ်တယ်၊ ဝင့်ထည်တယ်၊ ဘုရားအဆုံးအမသာသနာကို မလေးစား, တန်ဖိုးမထားတဲ့အခါမှာတော့ သာသနာတော်ဟာ မှေးမှိန်ရတော့တာပဲ။"

"သာသနာဆိုတာ ငှက်ခါး ပျံသလို နိမ့်ချည်မြင့်ချည်လာခဲ့ရတာပါ၊ စောင့်ရှောက်တဲ့သူ, ပြုပြင်တဲ့သူ ရှိတဲ့အခါမှာ တိုးတက်မြင့်မား အထက်တန်း ရောက်လာပြီး စောင့်ရှောက်ပြုပြင်သူ ကင်းမဲ့တဲ့အခါမှာတော့ အောက်တန်းကျကျ မျက်နှာငယ်ငယ်နဲ့ လာခဲ့ကြရတာပါပဲ၊ ဒါလည်း ဓမ္မတာပါ။"

"သာသနာနဲ့ ပတ်သက်လာရင် လက်မလျှော့ကြပါနဲ့၊ ကြိုးစားရင် ဖြစ်နိုင်ပါသေးတယ်၊ ဗုဒ္ဓသာသနာဝင် မှန်သမျှ ရဟန်း, ရှင်, လူ ဘယ်သူမဆို ကြောင့်ကြမဲ့ မနေကြပါနဲ့၊ ကိုယ်စီကိုယ်ငှ စောင့်ရှောက်ကြပါ၊ ပြုပြင်ပေးကြပါ။"

"သာသနာတော်ဟာ ဆေးမှားမခံနိုင်တဲ့ လူနာနဲ့ တူနေပါတယ်၊ ဘာဆေးမှ မကျွေးဘဲ လက်ရှိဓာတ်စာလေးတွေနဲ့ပဲ

www.dhammaransi.com



ထားရင်တော့ ဒီလူနာဟာ သူ့အလိုလို တဖြည်းဖြည်း သွားပါတော့မယ်၊ ဆေးကောင်း၊ ဝါးကောင်း၊ သမားတော်ကောင်း၊ သူနာပြုကောင်းနဲ့ ပြုစုကုသယုယတိုက်ကျွေးနိုင်ပါမှ ဖြစ်ပါတော့မယ်၊ ဆေးတစ်ချက် မှားရင် ဖြတ်ကနဲ သွားပါလိမ့်မယ်။"

"သာသနာတော်အရေး ကိုယ့်အရေး"လို့ သဘောထားပြီး စွမ်းအားရှိသမျှ ဝိုင်းဝန်းကာ သာသနာ့ဝန်ကို ထမ်းကြ၊ ဝိုင်းဝန်းပြုပြင်ကြပြီး အဖိုးတန်ပါရမီကို ရယူကြစမ်းပါ"တဲ့။

ဦးသြဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီးက အနာဂတ်သာသနာတော်အရေးနဲ့ ပတ်သက်ပြီး သတိပေးထားတဲ့ စကားလေးတွေဟာ အလွန်ပဲ မှတ်သားလိုက်နာစရာ ကောင်းလှပါတယ်၊ အနာဂတ်သာသနာအတွက် ကိုယ်တော်တိုင် သွေးအေးတော် မမူသလို သူတပည့်တွေကို သွေးမအေးကြဖို့ နှိုးဆော်တိုက်တွန်းထားပါတယ်၊ အနာဂတ်သာသနာအတွက် မြော်မြင်နိုင်တဲ့ ဉာဏ်ရှိလေလေ သွေးမအေးနိုင်လေလေပါပဲ၊ ဆရာတော်ကြီးရဲ့ သွေးမအေးဖို့ နှိုးဆော်တဲ့ ဒီစကားလေးဟာလည်း မှတ်သားစရာ ကောင်းလှပါတယ်။

www.dhammaransi.com



"သာသနာတော်ကြီး ထွန်း လင်း တောက် ပ ဖို့ ဆို ရင် သံဃာတော်အရှင်မြတ်ကြီးတွေ အစ, ရှင်ငယ်လေးတွေ အလယ်, ဒကာ ဒကာမတွေ အဆုံး အားလုံးမှာ တာဝန်ကိုယ်စီ ရှိကြပါတယ်၊ နေသာသပ. . ဆိုပြီး သွေးအေးတော်မမူလိုက် ကြပါနဲ့"တဲ့။

www.dhammaransi.com



# အစာကိုသာ မြင်တဲ့ ငါး

"လောကကြီးတစ်ခုလုံးက လာဘ်ရှင်တာ, နာမည်ကျော်တာ, အခြံအရံ ပေါ်တာကိုမှ အဟုတ်ကြီးထင်တယ်၊ ဦးစားပေးတယ်၊ ပကာသနလုပ်တယ်၊ လာဘ်, နာမည်, အခြံအရံတွေကို မရသေးရင် ရအောင် လုပ်တယ်၊ ရပြီးလည်း ထပ်လုပ်တယ်"

"ဘုရားကတော့ 'အဲဒါတွေကြောင့် အပါယ်ရောက်ကြရတာ မနည်းဘူး'လို့ အတန်တန် ဟောတယ်၊ တကယ်တော့ လာဘ်, နာမည်ကျော်တာ, အခြံအရံပေါ်တာတွေဟာ စိတ်ထားမတတ်ရင် အပါယ်လက်မှတ်တွေပဲ" တဲ့။

ဉူးသြဘာသရေ. . . မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ လောကကြီးတစ်ခုလုံးကို သုံးသပ်ပြထားတယ်၊ ဆရာတော်ကြီး ပြောထားတဲ့ လောကကြီးတစ်ခုလုံးထဲမှာ ဘုန်းကြီး

www.dhammaransi.com



တွေလည်း ပါတယ်နော်၊ လူတွေဆိုတာတော့ မပြောပါနဲ့တော့၊ လာဘ်ရှင်တာ, နာမည်ကျော်တာ, အခြံအရံပေါတာကို မက်မောသူတွေက အဲဒါတွေကို ဘဝရဲ့ ဧရာမပန်းတိုင်ကြီးတွေလို့ ထင်နေကြတယ်၊ ဘဝရဲ့ ကြီးမားတဲ့ အောင်မြင်မှုတွေလို့ ယူဆနေကြတယ်၊ အဲဒါတွေကို မက်မောပြီး ဗျာများနေကြသူတွေဟာ ပညာရှိသူတော်ကောင်းကြီးတွေရဲ့ အမြင်မှာတော့ တကယ့်သနားစရာ ဒုက္ခိတသတ္တဝါလေးတွေပါပဲ၊ အဲဒါတွေကို မက်မောတဲ့ တဏှာရဲ့ ကျွန်ဘဝဟာ တဏှာပြုသမျှနေရတဲ့ ဘဝပါ၊ တဏှာခိုင်းသမျှ လုပ်နေရတာဟာ ပင်ပန်းလှပါတယ်၊ အဲဒီတဏှာကို တော်လှန်နိုင်ရင်တော့ မပင်လည်း မပင်ပန်း၊ ချမ်းလည်း ချမ်းသာပါတယ်။

အပါယ်လေးဘုံမှာ ဒုက္ခရောက်နေကြသူတွေထဲမှာ အဲဒါတွေရဲ့ လက်ချက်ကြောင့် ဒုက္ခရောက်နေကြသူတွေ မနည်းဘူး-တဲ့၊ ဥုးဩဘာသရေ. . . လာဘ်ရှင်တာ, နာမည်ကျော်တာ, အခြွေအရံ ပေါတာတွေဟာ ကိုယ့်အတွက် အပါယ်လက်မှတ်တွေ မဖြစ်အောင် ကြိုးစားရမယ်နော်။

မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ အဲဒါတွေနဲ့ ပတ်သက်ပြီး အခြားအဆုံးအမ ဩဝါဒစကားတွေကိုလည်း မိန့်

www.dhammaransi.com



ကြားထားသေးတယ်၊ သူ့စကားတွေက အင်မတန် တန်ဖိုးရှိလှပါတယ်၊ ဉူးသြဘာသ ဖတ်ရှုကြည့်ပါဦး။

"ပစ္စည်းနဲ့ နာမည်ကျော်ကြားမှုကို သာယာတပ်မက်လွန်းပြီ ဆိုရင်တော့ ကြပ်ကြပ်သာ သတိထား၊ ဒါမျိုးဟာ နူနာစွဲသလို ကုရခက်တယ်။"

"ဒီရောဂါမျိုးက ရိုးတွင်းချဉ်ဆီအထိ စိမ့်နေတတ်တယ်၊ အရှင်ဒေဝဒတ် သံဃာသင်းခွဲတာ, ဘုရားကို လုပ်ကြံတာ ဒါကြောင့်ပေါ့၊ လာဘ်လာဘကို သတိထားနော်၊ အဖျက်သမားက အပေါက်ဝ ရောက်နေပြီ။"

"လာဘ်လာဘကို တွယ်တာမက်မောနေသမျှ နိဗ္ဗာန်လမ်းနဲ့ကတော့ တခြားစီပဲ၊ လာဘ်လာဘဆိုတာ ဝေရမ္ဘလေကြမ်းလိုပဲ၊ အဲဒီလေပြင်း မိရင် သေဖို့သာ ပြင်၊ ငါးမျှားချိတ်မှာ သီထားတဲ့ အစာနဲ့လည်း တူသေးရဲ့၊ မြွေဟောက်လိုကြောက်စရာလည်း ကောင်းသေးရဲ့၊ သာသနာဝင်, ရာဇဝင်မှာ ဒီလာဘ်ကြောင့် ဒုက္ခရောက်ရသူတွေ များလှပါပြီ။"

"စိတ်ကူးနဲ့ သေကြည့်ကြစမ်းပါ၊ ကိုယ့်မှာ မြင့်မြတ်တဲ့တရား မပါဘဲနဲ့ သေရဲပါ့မလား၊ ဂုဏ်ပကာသနတွေ, ဘွဲ့

www.dhammaransi.com



တံဆိပ်တွေ, ကျော်စောမှုတွေဟာ သေရဲတဲ့ လက်နက်တွေ ဟုတ်ရဲ့လား၊ ဂုဏ် မရှိလို့, ဘွဲ့ မရလို့, နာမည် မကျော်လို့ ဘာမှ မဖြစ်ပါဘူး၊ ကိုယ်ကျင့်သီလ စာရိတ္တ မကောင်းရင် တော့ အပါယ်ကျမှာ သေချာပြီ။"

"လောကကြီးမှာ ကိုယ့်ကိုယ်ကို အချစ်ဆုံး-လို့ ဆိုကြ တယ်၊ ကိုယ့်ကိုယ်ကို ချစ်ရင် ကောင်းသည်ထက် ကောင်း အောင် ကြိုးစားကြရမှာ၊ တချို့ကတော့ ကိုယ့်ကိုယ်ကို ချစ် တယ်သာဆိုတာ၊ ချစ်ရာ မရောက်ကြဘူး၊ ဂုဏ်တွေ, လာဘ် တွေ, ပကာသနတွေ, ကျော်စောမှုတွေကြားမှာ ဝဲလည်နစ်မြုပ် နေကြတယ်၊ အဲဒါ ကိုယ့်ကိုယ်ကို ချစ်တာ မဟုတ်ဘူး, နှစ် နေတာ။"

"နာမည်ကြီးဖို့, ဂုဏ်ရဖို့, လာဘ်ရဖို့ မကြိုးစားကြပါနဲ့၊ အရည်အချင်း ပြည့်အောင်သာ ကြိုးစားကြစမ်းပါ၊ အရည် အချင်း ပြည့်ရင် နာမည်ဆိုတာ သူ့အလိုလို ရောက်လာတတ် တာပါပဲ၊ ထူးပြီး ကြိုးစားနေဖို့ မလိုပါဘူး၊ စေတနာ မှန် တော့လည်း သူ့အလိုလို သိလာကြတာပါပဲ၊ အများကောင်း ကျိုးအတွက် ကိုယ့်စေတနာ မှန်ဖို့ကသာ အရေးကြီးတာပါ" တဲ့။

www.dhammaransi.com



ဉာဏ်ကြီးသတ္တဝါ နွားနှစ်ကောင်ထဲက ကိုယ်ရည်ကိုယ်သွေးဘဝ, အစော သာ မြင်ပြီး ငါးများချိတ်ကို မမြင်တဲ့ ငါးဘဝမျိုး, ကိုယ့်ကိုယ် ကို ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်တဲ့ ဘဝမျိုးကို မရောက်အောင် ကြိုးစားရပါမယ်။

www.dhammaransi.com



## ဘုရားနဲ့ တွေ့ပါ

"ပညာရှိပုဂ္ဂိုလ်ကြီးတွေနဲ့ မတွေ့လိုက်ရတာ နာတယ်" လို့ တချို့က ပြောတတ်ကြတယ်၊ နာနေစရာ မလိုပါဘူး၊ အဲဒီပညာရှိကြီးတွေ ပြောထားတဲ့ စကားတွေ နားထောင်နေရတဲ့ အချိန်, သူတို့ လမ်းညွှန်ပေးထားတဲ့ စာအုပ်တွေကို ဖတ်နေရတဲ့ အချိန်ဟာ အဲဒီပညာရှိကြီးတွေနဲ့ တွေ့ရတဲ့ အချိန်ပဲ လို့ မှတ်ထားပါ"တဲ့။

ဦးဩဘာသ. . မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဒီဩဝါဒ စကားအရ ဆိုရရင် ဦးဩဘာသဟာ မဟာဂန္ဓာရုံဆရာတော် ကြီးနဲ့ တွေ့ရပြီပေါ့၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒ စကားတွေကို ဖတ်ရှုနေရတဲ့ စာဖတ်ပရိသတ်တွေလည်း ဦးဩဘာသလိုပဲ မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ တွေ့နေကြ

www.dhammaransi.com



တယ်၊ ဦးသြဘာသရော စာဖတ်ပရိသတ်တွေပါ "မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ မတွေ့လိုက်ရတာ နာတယ်"လို့ ငြီးစရာမလိုတော့ဘူးပေါ့၊ ဦးသြဘာသဟာ မဟာဂန္ဓာရုံဆရာတော်ကြီးကို ကြည်ညိုလို့ မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ ခဏခဏ တွေ့ချင်ရင် မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားထားတဲ့ စာအုပ်တွေကို ခဏခဏ ဖတ်ရမယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စာအုပ်တွေကို ရှင်, လူ, ရဟန်းတွေ အကြိုက်များကြတယ်၊ "စာဖတ်တဲ့သူတွေ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားအောင် မဟာဂန္ဓာရုံဆရာတော်ကြီးက စာရေးနိုင်တယ်၊ စာရေးကောင်းတယ်"လို့ ရှင်, လူ, ရဟန်းတွေ ချီးမွမ်းကြတာကို မကြာခဏ ကြားရတယ်။

ဦးသြဘာသလည်း မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စာပေတွေကို ဖတ်ဖူးပါလိမ့်မယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးထား, ဟောထားတဲ့ စာအုပ်တွေထဲက မဖတ်ရသေးတဲ့ စာအုပ် ရှိနေသေးရင် ရှာဖွေ ဖတ်ရှုကြည့်ပါ၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စာပေတွေကို ဖတ်ရှုကြည့်ရင် အရှုံး လုံးလုံးမရှိဘဲ အမြတ်ချည်းပဲ များများ ရပါလိမ့်မယ်။

www.dhammaransi.com



ဦးဩဘာသဟာ မြတ်စွာဘုရားနဲ့ တွေ့ချင်သလား၊ တွေ့ချင်ရင် မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ တရားတော်တွေကို ဖတ်ရှုရလိမ့်မယ်၊ ဘုရားသားတော်တစ်ပါး ဖြစ်နေတဲ့ ဦးဩဘာသဟာ ဘုရားစကားတော်တွေကို အကုန်လုံး ဖတ်ရှုလေ့လာထားရမယ်၊ လိုက်နာကျင့်သုံးရမယ်၊ ဘုရားစကားတော်တွေကို ဖတ်ရှုလေ့လာနေတဲ့ အချိန်ဟာ ဘုရားနဲ့ တွေ့နေရတဲ့ အချိန်ပါပဲ၊ ဦးဩဘာသဟာ ဘုရားရှင်နဲ့ နေ့တိုင်း တွေ့ချင်ရင် ဘုရားစကားတော်တွေကို နေ့တိုင်း ဖတ်ရှုရလိမ့်မယ်၊ ဘုရားရှင်နဲ့ မတွေ့ရတဲ့ နေ့ရယ်လို့ မရှိအောင် ကြိုးစားရပါမယ်၊ ဘုရားရှင့်စကားတော်တွေကို နေ့တိုင်း ဖတ်ရှုလေ့လာရပါမယ်။

ဘုရားရှင်က ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ အရှင်အာနန္ဒာအား မိန့်ကြားခဲ့တဲ့ စကားလေး ရှိတယ်၊ အဲဒီစကားလေးက. . .

"ငါဘုရား ဟောထားတဲ့ တရားတွေဟာ ငါဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါ သင်တို့ရဲ့ ဆရာ ဖြစ်ရစ်လိမ့်မယ်" တဲ့။

www.dhammaransi.com



ဒီဘုရားစကားတော်အရ သက်တော်ထင်ရှား မြတ်စွာဘုရားကို မတွေ့ရပေမယ့် အားငယ်စရာတော့ မရှိပါဘူး၊ ဘုရားရှင်ရဲ့ ကိုယ်စား တရားတော်တွေ ရှိနေတာပဲ။

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်က ဆရာတော်ကြီး ဦးသူရိယာဘိဝံသကလည်း ဒီစကားလေးကို မိန့်ကြားခဲ့သတဲ့။

"ဗုဒ္ဓစာပေတွေကို လေ့လာနေသူသည် ဘုရားနဲ့ တွေ့နေသည် မည်၏"တဲ့။

"ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ= တရားကို မြင်သူဟာ ငါဘုရားကို မြင်တယ်"လို့ အရှင်ဝက္ကလိအား ဘုရားရှင် မိန့်ကြားတော်မူခဲ့တဲ့ စကားအရ ပြောရရင်တော့ တရားကို မြင်မှ ဘုရားကို မြင်တယ်လို့ ပြောရမှာပေါ့၊ ဘုရားတရားတော်တွေကို ကိုယ်တွေ့ သိမြင်ပြီ ဆိုရင်တော့ ဘုရားကို မြင်တွေ့ရပြီ၊ ဦးဩဘာသဟာ မဟာစည်သာသနာ့ရိပ်သာမှာ တရားအားထုတ်ထားတာမို့ တရားရှုမှတ်လို့ တရားသိမြင်တဲ့ နည်းနဲ့လည်း ဘုရားရှင်ကို မြင်အောင် ကြိုးစားရပါမယ်။

www.dhammaransi.com



မြတ်စွာဘုရားကို မြတ်စွာဘုရားရဲ့ တပည့်တွေဟာ စာပေနဲ့လည်း တွေ့မြင်နိုင်အောင် ကြိုးစားကြရပါမယ်၊ တရားကိုယ်တွေ့ နည်းနဲ့လည်း တွေ့မြင်နိုင်အောင် ကြိုးစားကြရပါမယ်၊ နှစ်နည်းလုံးဟာ သဒ္ဓါတရားကို တိုးပွားစေပါတယ်၊ အသိဉာဏ်ကိုလည်း ပွင့်လင်းစေပါတယ်၊ တရား ကိုယ်တွေ့ သိနည်းကတော့ သဒ္ဓါ၊ ပညာကို ပိုပြီး တိုးပွားစေပါတယ်၊ ဉူးဩဘာသဟာ နှစ်နည်းလုံးနဲ့ မိမိရဲ့ သဒ္ဓါနဲ့ပညာကို မြှင့်တင်ပေးပါ။

www.dhammaransi.com



## အချာစား

"လောကကြီးမှာ ဒါနရှိမှ လူ ချစ်ခင်ကြတယ်၊ သီလရှိမှ ကြည်ညိုကြတယ်၊ ပညာတတ်မှ လေးစားကြတယ်" တဲ့။

ဥုးသြဘာသ. . . လောကလူတွေဟာ ပီယဆေးဆိုရင် အလွန်ပဲ လိုချင်ကြတယ်၊ မျက်နှာပွင့်ချင်ကြတယ်၊ ပီယဆေး, မျက်နှာပွင့်ဆေးက ဒါနပဲ-တဲ့၊ မဟာဂန္ဓာရုံဆရာတော်ကြီးက အမိန့်ရှိထားတယ်၊ ဒါနံ သဗ္ဗတ္ထသာဓကံ- ဒါနဟာ ကိစ္စအားလုံးကို ပြီးစေနိုင်တယ်-တဲ့၊ ဒါနက တန်ခိုးကြီးတယ်၊ အစွမ်းထက်တယ်၊ ဒါနပီယဆေးကို သုံးလို့ စန်းပွင့်နေကြသူတွေကို ရှာကြည့်လိုက်ရင် လွယ်ကူစွာပဲ မြင်တွေ့နိုင်ပါတယ်၊ အနာထပိဏ်, ဝိသာခါတို့ဟာ သာသနာလောကမှာ ရေပန်းစားကြတယ် မဟုတ်လား၊ ဒါနပီယဆေးကို သုံးနိုင်ကြလို့ပေါ့၊ မေတ္တာ မပါတဲ့ ဒါနထက် မေတ္တာပါတဲ့ ဒါနက ပိုပြီး အစွမ်း

www.dhammaransi.com



ထက်တဲ့ ပီယဆေး ဖြစ်ပါတယ်၊ ဒါနပြုရာမှာ ကိုယ့်ကို အချစ်ခံချင်မှုကို ဖယ်ရှားပြီး အလှူခံအပေါ် ချစ်ခင်မှု, ချမ်းသာစေလိုမှု မေတ္တာကို ထားရှိနိုင်မှ ပီယအား ကောင်းပါတယ်၊ မေတ္တာဆိုတာ အသွားရှိတော့ အပြန်ရှိတော့တာပေါ့။

သီလရှိမှ ကြည်ညိုကြတယ်-ဆိုတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စကားကို ကောက်ချက်ချကြည့်ရင် သီလက သဒ္ဓါတရားကို မွေးဖွားပေးနိုင်တယ်လို့ မှတ်ချက်ရတယ်၊ သီလဆိုတာ ကိုယ်နဲ့ နှုတ်ကို စောင့်စည်းရတဲ့ အလုပ်ပဲ၊ ကိုယ်အမူအရာနဲ့ နှုတ်အပြောအဆိုက ယဉ်ကျေးသိမ်မွေ့နေရင် မကြည်ညိုသေးသူတွေက ကြည်ညိုကြတယ်၊ ကြည်ညိုပြီးသူတွေကတော့ ပိုပြီး ကြည်ညိုကြတယ်။

နန်းရင်ပြင်က ဖြတ်သွားတဲ့ နိဂြောဓသာမဏေကလေးကို မြင်မြင်ချင်း သီရိဓမ္မာသောကမင်းကြီး ကြည်ညိုသွားတယ်ဆိုတာ သာမဏေလေးရဲ့ ကြည်ညိုဖွယ် ကိုယ်အမူအရာဂုဏ်လေးတစ်ခုကြောင့်ပါပဲ။

လူသတ်သမားကို တွေ့ရင် ဥုးသြဘာသစိတ်မှာ ကြည်ညိုနိုင်ပါ့မလား၊ သူခိုးဓားပြ, သူများသားသမီး ဖျက်ဆီးသူ, သူတစ်ပါး အကျိုးပျက်ပြားအောင် လိမ်ညာသူ, မူးယစ်ဆေးဝါး

www.dhammaransi.com



သမားတွေကို တွေ့ရင်ကော ဦးဩဘာသ ကြည်ညိုနိုင်ပါ့မလား၊ မကြည်ညိုနိုင်မှာ သေချာပါတယ်၊ ဘာကြောင့် မကြည်ညိုနိုင်သလဲ၊ သီလ မရှိလို့ပါပဲ။

ရဟန်းနှစ်ပါး မြို့ထဲကို သွားကြတယ်၊ တစ်ပါးက သင်္ကန်း မရုံဘူး၊ သင်္ကန်းက မြေကြီး ထိပြီး တရွတ်ဆွဲပါနေတယ်၊ ဆေးလိပ်ကို လက်ကြားမှာ ညှပ်ထားတယ်၊ မျက်စိ ဣန္ဒြေ မရှိ၊ ကိုယ် ဣန္ဒြေ မရှိဘူး၊ တစ်ပါးကတော့ သင်္ကန်းကို ညီညာနေအောင် ဝတ်ရုံသွားတယ်၊ မျက်လွှာချပြီး ကာယိန္ဒြေ ရှိရှိ သွားတယ်၊ အဲဒီနှစ်ပါးထဲက ပထမတစ်ပါးကို လူတွေက မကြည်ညိုနိုင်ကြပေမယ့် ဒုတိယရဟန်းကိုတော့ ကြည်ညိုကြမှာပါ၊ ဒါဟာ သီလရှိမှ ကြည်ညိုကြတယ်ဆိုတဲ့ စကားရဲ့ သာဓကတစ်ခုပါပဲ။

ပညာတတ်မှ လေးစားကြတယ်-တဲ့၊ ဒါနရှိသူကို ချစ်ခင်, သီလရှိသူကို ကြည်ညိုကြပေမယ့် ပညာမတတ်ဘူး- ဆိုရင်တော့ လေးစားချင်မှ လေးစားနိုင်ပါမယ်၊ ဒါနရှင်, သီလရှင်, ပညာရှင် ဖြစ်နိုင်ရင်တော့ အကောင်းဆုံးပေါ့၊ "ပညာမရှိ, **သူ၏ ဝန်ထမ်း**"ဆိုတဲ့အတိုင်း ပညာမတတ်ရင် သူတပါးရဲ့ ဝန်ကို ထမ်းပေးရတဲ့သူ, အခိုင်းခံဘဝ ရောက်ရပါတယ်၊

www.dhammaransi.com



ပညာတတ်သူတွေက ပညာမတတ်သူတွေကို ခိုင်းပြီး စားနေကြတယ်၊ ပညာမတတ်တဲ့ ဘဝဟာ အလွန်ပဲ အောက်တန်း, နောက်တန်း ကျလှပါတယ်၊ စားမနောက်ပိတ်ခွေးလိုဘဝဟာ ပညာမဲ့သူတွေရဲ့ ဘဝပါ။ လူ လေးစားခံရတဲ့ ဘဝကို ရောက်ချင်ရင် ပညာတတ်အောင် ကြိုးစားရပါမယ်။

ဉူးဩဘာသ. . . လူတွေ ချစ်ချင် ချစ်, မချစ်ချင် နေ ချမ်းသာစေလိုတဲ့ မေတ္တာနဲ့ ဒါနကို စွမ်းနိုင်သမျှ ပြုပေးပါ၊ **ဒါန မပါ သံသရာ မျက်နှာငယ်ရတယ်**-တဲ့၊ ရဟန်းဆိုတော့ ရဟန်းသီလကို လုံခြုံအောင် ကြိုးစားစောင့်ထိန်းပါ၊ **သီလ မပါ သံသရာ ချမ်းသာကွယ်လိမ့်မယ်**-တဲ့၊ ပညာတတ်ဖြစ်အောင်လည်း ကြိုးစားပါ၊ ဘုရားသားတော်ဆိုတော့ ပိဋကစာပေတွေ ကျွမ်းကျင်တဲ့ ပညာရှင် ဖြစ်ဖို့ လိုတယ်၊ ဒါနရှင်, သီလရှင်, ပညာရှင် ဖြစ်နိုင်ရင် ဉူးဩဘာသဟာ ရဟန်း, ရှင်, လူတွေရဲ့ ချစ်ခင်, ကြည်ညို, လေးစားမှုကို ခံယူရတဲ့ ရဟန်းတစ်ပါး ဖြစ်လာပါလိမ့်မယ်၊ ဒါန, သီလ, ပညာ ဗလာ ဖြစ်နေရင်တော့ အချာစား ရဟန်းတစ်ပါးသာ ဖြစ်နေပါလိမ့်မယ်၊ အချာစားတော့ မဖြစ်ပါစေနဲ့။

www.dhammaransi.com



# အကျော်အမော်

"သာသနာ့ဝန်ထမ်းဘဝမှာ နေကြမယ်ဆိုရင် လက်နက် စုံအောင် စုထားရမယ်၊ လက်နက် မစုံရင် စစ်မတိုက်ရဲသလို ဖြစ်နေတတ်တယ်။"

"လက်နက်-ဆိုတာ တရားဟောတတ်တာ, စာချတတ်တာ, ကံကြီး ကံငယ် ဆောင်ရွက်တတ်တာ-စတဲ့ လုပ်ရည်ကိုင်ရည် စွမ်းရည်သတ္တိတွေကို ပြောတာပါ။"

"လူကောင်း ဖြစ်ဖို့ လိုသလို လူတော် ဖြစ်ဖို့လည်း လိုအပ်တယ်"တဲ့။

ဉူးသြဘာသမှာ လက်နက်တွေ စုံနေပြီလား၊ မစုံသေးရင် စုံအောင် ကြိုးစားစုထားရမှာပေါ့၊ သာသနာတော်မှာ ဆောင်ရွက်ရမယ့် ကိစ္စတွေကို ဆောင်ရွက်ဖို့ ကြုံလာတဲ့အခါ

www.dhammaransi.com



မဆောင်ရွက်တတ်ရင်, မဆောင်ရွက်နိုင်ရင် ကိုယ်က ကြောက်ရွံ့နေတတ်တယ်၊ တရားဟောစရာကိစ္စ ကြုံလာရင်လည်း ဟောတတ်အောင် ကြိုးစားထားရမယ်၊ တရားကလည်း အလှူ, မင်္ဂလာဆောင်, အသုဘ, ရက်လည်တရား. . စသည်နဲ့ များသားပဲ၊ ဘယ်လို ပွဲပဲ ကြုံလာကြုံလာ ဟောနိုင်အောင် ကြိုးစားထားရမယ်။

တစ်ခါက အပြင်ဆွမ်းစားတစ်ခု သွားတဲ့အခါ တပည့်တော်ထက် ကြီးတဲ့ ရဟန်းတစ်ပါး ပါလို့ အဲဒီရဟန်းကို တရားချီးမြှင့်ဖို့ လျှောက်ထားတယ်၊ အဲဒီရဟန်းဟာ သက်တော်ရောဝါတော်ပါ ကြီးပါပြီ၊ ဒါပေမယ့် အဲဒီရဟန်းက "တပည့်တော်ရေစက်ချ မကျက်ရသေးဘူး၊ ရေစက်ချ ကျက်လိုက်ပါဦးမယ်၊ ရေစက်ချ ကျက်ပြီးမှ ဟောပါမယ်"လို့ ပြောတယ်၊ အဲဒီအခါအဲဒီရဟန်းကို အံ့ဩလည်း အံ့ဩမိသလို, သနားလည်း သနားသွားမိတယ်၊ ဦးဩဘာသကတော့ အဲဒီရဟန်းလို မဖြစ်ရအောင် သီလပေး, ရေစက်ချ, တရားဟော အကုန်လုပ်နိုင်အောင်, လုပ်တတ်အောင် ကြိုးစားထားပါ၊ ပရိတ်တွေကိုလည်း ရအောင် ကျက်ထားမှနော်။

www.dhammaransi.com



စာချခိုင်းမလား၊ ရဟန်းခံမှာ ကမ္မဝါစာ ဖတ်ရမလား၊ ရဟန်းလောင်းကို သွန်သင်ရမလား၊ ကိုရင် ဝတ်ပေးရမလား၊ သိမ်သမုတ် ခိုင်းမလား၊ သိမ်နုတ် ခိုင်းမလား၊ ဘာခိုင်းမလဲ၊ ခိုင်းချင်ရာ ခိုင်းစမ်း၊ အကုန် လုပ်ပေးနိုင်တယ်လို့ ဆိုရလောက်အောင် ကြိုးစားထားရမှာနော်၊ စမ်းချင်ရာ စမ်း မောင်ဘဂျမ်းပေါ့၊ ဟုတ်လား။

သာသနာမှာ ဆောင်ရွက်စရာကိစ္စ ပေါ်လာရင် မငြင်းနဲ့၊ မရှောင်နဲ့၊ မှားချင် မှားပစေ၊ ဆောင်ရွက်၊ မှားပြီးရင်တော့ မှန်သွားမှာပါ၊ "မုဆိုး စိုင်သင်"ဆိုတာလို အလုပ်ကပဲ ကိုယ့်ကို ကျွမ်းကျင်အောင် သင်ပေးသွားမှာပါ၊ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ကြီးတောင် ရဟန်းငယ်ဘဝက မန်ကျည်းစေ့ ကမ္မဝါစာကို ရဟန်းခံကိစ္စမှာ ဖတ်ခဲ့ရစဉ်က တစ်ခါမကအောင် မှားခဲ့ဖူးသတဲ့၊ မမှားဖူးသော ရှေ့နေ, မသေဖူးသော ဆေးသမား ဆိုတာ မရှိနိုင်သလို မမှားဖူးတဲ့ ထိပ်တန်းရောက်နေသူဆိုတာလည်း ရှိမှာ မဟုတ်ပါဘူး၊ ငယ်ရွယ်စဉ်က မှားရင် ငယ်သေးလို့ မှားတာ. . မှားပေမပေါ့လို့-ဆိုကာ ခွင့်လွှတ်တတ်ကြပေမယ့် ကြီးမှ မှားရင်တော့ ခွင့်မလွှတ်တတ်ကြဘူး၊ ငယ်စဉ်မှာ မှားမှာကို မကြောက်နဲ့၊ မှားမှာ ကြောက်တဲ့ စိတ်ကိုပဲ

www.dhammaransi.com



ကြောက်ရမယ်၊ "ကြောက်ရင် လွဲ၊ ရဲရင် မင်း ဖြစ်"ဆိုတာလို မကြောက်ဘဲ ရဲရဲသာ ဆောင်ရွက်၊ တစ်နေ့မှာ ခေါင်ထိပ်ထိ တက်သွားလိမ့်မယ်။

လူတစ်ယောက်ဟာ ကောင်းဖို့ လိုသလို တော်ဖို့လည်း လိုတယ်၊ ကောင်းလည်း ကောင်း၊ တော်လည်း တော်ပြီဆိုရင် တော့ အကျော်အမော်လူ ဖြစ်လာမှာပါပဲ၊ ရှင်၊ ရဟန်းဟာ လည်း ကောင်းဖို့ လိုသလို တော်ဖို့လည်း လိုတယ်၊ အကျင့် သီလ ကောင်းရမယ်၊ စိတ်ထား ကောင်းရမယ်၊ ပညာ တော်ရ မယ်၊ အကျင့်သီလနဲ့ စိတ်ထားလည်း ကောင်း၊ ပညာလည်း တော်ပြီဆိုရင်တော့ ရှင်ဖြစ်က အဲဒီရှင်ဟာ ရှင်ကျော်၊ ရှင် မော်ပဲ၊ ရဟန်းဖြစ်က အဲဒီရဟန်းဟာ ရဟန်းကျော်၊ ရဟန်းမော်ပဲ၊ ဦးဩဘာသဟာ အကျော်အမော် ရဟန်း တစ်ပါး ဖြစ်လာချင်ရင် ကောင်းလည်း ကောင်းရမယ်၊ တော် လည်း တော်ရမယ်၊ အကျင့်သီလနဲ့ စိတ်ထား ကောင်းရမယ်၊ ပညာ တော်ရမယ်၊ ဒါဆိုရင် ဦးဩဘာသလည်း အကျော် အမော်ရဟန်းတစ်ပါး ဖြစ်လာမှာပါ။

www.dhammaransi.com



# ဘယ်သူမှ မကြည်ညိုချင်နေပါ

"သဗ္ဗညုတဉာဏ်တော်ကြီးကို မျှော်ကြည့်မိတိုင်း ဦးညွှတ်ချင်စရာ ကောင်းတယ်၊ ဘုရားနဲ့ ပတ်သက်တာတွေကို ရွတ်မိတိုင်း အလိုလို လက်အုပ်ချီမိတယ်၊ သဗ္ဗညုတဉာဏ်တော်ကြီးရဲ့ ကျယ်ပြန့်နက်ရှိုင်းပြီး အတိုင်းအဆ နှိုင်းမရပုံတွေကို သိရလေလေ ပို ကြည်ညိုလေးစားလာလေလေပဲ"တဲ့။

ဦးသြဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီးက နံနက်ခင်း သြဝါဒပေးတဲ့အခါ သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်း(၃)ပါးလင်္ကာကို သံဃာတွေကို နေ့တိုင်း ဆိုစေတယ်၊ ဆရာတော်ကြီးက သြဝါဒပေးတဲ့အခါ မြတ်စွာဘုရားအကြောင်းအရာကို ပြောလိုက်ရင် လက်အုပ်ချီချီပြီး ပြောတယ်၊ ဆရာတော်ကြီးက ဘုရားကို တအား ကြည်ညိုတာပဲ၊ တစ်ခါတလေ ဘုရားအလောင်းတော်အကြောင်းတွေကို ပြောရင်း ရင်ထဲမှာဆို့ဆို့ပြီး နေလို့ ဆက်မပြောနိုင် ဖြစ်တတ်တယ်၊ ဘုရားရှင်ရဲ့

www.dhammaransi.com



အပေါ် ကြည်ညိုတဲ့ သဒ္ဓါတရား အားကောင်းလွန်းလို့လည်း သာသနာတော်အတွက် အလုပ်တွေကို ပျံလွန်တော်မူခါနီး အချိန်အထိ လုပ်သွားခဲ့တာပဲ။

ဆရာတော်ကြီးမှာ သူ့ သဒ္ဓါက သူ့ကို သာသနာ့အလုပ် တွေကို လုပ်ဖို့ တိုက်တွန်းလို့ အကြီးအကျယ် လုပ်သွားတဲ့ အတွက် အကြီးအကျယ် အောင်မြင်သွားတယ်၊ အင်မတန် စည်းကမ်းကြီးလှတဲ့ ကျောင်းတိုက်ကြီး ဖြစ်အောင် ဆောင် ရွက်သွားလို့ အင်မတန် စည်းကမ်းကြီးတဲ့ ကျောင်းတိုက် အဖြစ် နာမည်ကြီးတယ်၊ ပြည်တွင်းကသာမက ပြည်ပကပါ လာလေ့လာကြတယ်၊ အံ့ဩသွားကြတယ်၊ သဘောကျသွား ကြတယ်၊ သံဃာတွေ များစွာ ရှိနေပေမယ့် အသံ တိတ်ဆိတ် နေတာ, သပ်ရပ်သန့်ရှင်းနေတာ, စည်းကမ်းတကျ သွားလာ နေထိုင်ကြတာတွေဟာ လာလာသမျှသူတွေကို အံ့အားသင့် စေပါတယ်။

နံနက်ခင်း ဩဝါဒပေးချိန်မှာ သံဃာတော်တွေကို မြင် တွေ့လိုက်ရရင် မြင်ရသူ ဘယ်သူမဆို ကြည်ညိုကြတယ်၊ သံဃာတွေက တန်းစီပြီး ငြိမ်သက်စွာ ထိုင်နေကြရတယ်၊ အပ်ကျသံကိုတောင် ကြားရလောက်အောင် တိတ်ဆိတ်တယ်၊

www.dhammaransi.com



အဲဒီလို မြင်ကွင်းက မြန်မာနိုင်ငံအတွင်းမှာ ရှားပုံပေါ်ပါတယ်၊ များလာရင်တော့ သိပ်ကောင်းမှာပဲ။

ဦးသြဘာသ. . . ဆရာတော်ကြီး ပြောထားတဲ့ ဒီ စကားလေးကို ဖတ်ကြည့်ရင် ဆရာတော်ကြီး မြတ်စွာဘုရား ကို ဘယ်လောက် ကြည်ညိုတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။

"လောကကြီးထဲမှာ အဖိုးအထိုက်အတန်ဆုံး ပုဂ္ဂိုလ်ကြီး တစ်ပါးကို ဖော်ထုတ်ပေးပါလို့-ဆိုရင် ဘုန်းကြီးကတော့ မြတ်စွာဘုရားကိုပဲ ထုတ်ပြမယ်။"

"အခုခေတ်မှာ သိပ္ပံပညာတွေ ထွန်းကားတယ်ဆိုပြီး ဘုရားကိုပဲ ခေတ်မမီသလိုလို၊ သိပ္ပံပညာလောက်ပဲ လက် တွေ့ မကျသလိုလို ပြောတတ်ကြတယ်၊ အလိုလေး. . ပြော မှ ပြောရက်ကြပလေ"လို့ အောက်မေ့မိတယ်၊ ဘုရားအဖြစ်ကို ခြေခြေမြစ်မြစ် မသိဘဲ ပြောကြတဲ့ စကားတွေဟာ နား မခံ သာအောင် ရင့်သီးလွန်းလှတယ်။"

"ဘုရားကို ဘယ်သူမှ မကြည်ညိုချင်နေပါ၊ ဘုန်းကြီး ကတော့ ကြည်ညိုမယ်၊ ကိုးကွယ်မယ်"တဲ့။

www.dhammaransi.com



ဆရာတော်ကြီး ရေးထားတဲ့ ဒိသဗ္ဗညုတဉာဏ်တော် အစွမ်း(၃)ပါး လင်္ကာကို ဖတ်ရင်း ဉူးသြဘာသလည်း ကြည်ညိုသဒ္ဓါ ပွားကြည့်ပါ။

※ သိရန်မှန်က, မကျန်ရအောင်, လုံးဝ စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း၊

※ သိသည့်တရား, များအပြား၌, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း၊

※ ကျွတ်ထိုက်ကြပေ, များဝေနေ၏, ဣန္ဒြေစရိုက်, သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗဉ် ဉာဏ်တော် အစွမ်းတည်း၊

※ ဉာဏ်တော်စွမ်းပကား, ဤသုံးပါးကြောင့်, အများဝေနေ, ကျွတ်လွတ်စေဖို့, မနေမနား, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍ , ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင်ငါတို့ဘုရားတည်း။

www.dhammaransi.com



ဒီလင်္ကာလေးတွေ ဆိုပြီးသွားရင် သံဃာအားလုံးဟာ တစ်ပြိုင်နက်တည်း ညီညီညာညာ ဦးချလိုက်ကြတယ်၊ ပြီးမှ အမျှပေးဝေကြတယ်။

ဉူးသြဘာသလည်း ဒီလင်္ကာလေးတွေ ရအောင် ကျက်ပြီး ဘုရားအာရုံယူကာ ကြည်ညိုပါ။

www.dhammaransi.com



# အဖော်မွန်

"ဗုဒ္ဓါနုဿတိ ဘာဝနာကို နေ့တိုင်း အာရုံပြု ပွားများနေတဲ့သူဟာ အရှိန်အဝါ ရှိတယ်၊ ဉာဏ်ပညာ ထက်မြက်တယ်၊ ဩဇာအာဏာ ကောင်းတယ်၊ ဒါကြောင့် ဘုရားဂုဏ်တော်တွေကို စိတ်ထဲမှာ အာရုံပြုပြီး ပွားကြည့်စမ်းပါ၊ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာတရား လက်ကိုင်ထားတဲ့သူဟာ သာမန်လူတွေထက် ဇာရှိန် ပိုမြင့်ပါတယ်"တဲ့။

ဉူးဩဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီးက ဘုရားဂုဏ်တော်တွေကို အာရုံပြုတဲ့ ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို အထူးပဲ ပွားများအားထုတ်တော်မူတယ်၊ နေ့တိုင်း ပွားများတယ်၊ အသံကျယ်ကျယ်နဲ့ ရွတ်ဆိုရှိခိုးနေတာမျိုးလည်း မဟုတ်ဘူး၊ စိတ်ထဲကပဲ အာရုံပြုပွားများနေတာပဲ၊ ပုတီးကြီးကိုင်ပြီး ပုတီးစိတ်ကာ ပွားများတာမျိုးလည်း မဟုတ်ဘူး၊ မဟာဂန္ဓာရုံဆရာတော်ကြီး ပုတီးကိုင်တာ, ပုတီးစိပ်တာကို

www.dhammaransi.com



လည်း တစ်ခါမှ မတွေ့ဖူးဘူး၊ သူကိုယ်တိုင် ဘုရားဂုဏ်တော်တွေကို အာရုံပြုပွားများနေသလို သူ့တပည့်တွေကိုလည်း သူ့လို ပွားများဖို့ ဆုံးမတော်မူတယ်၊ ဘုရားဂုဏ်တော်တွေကို အာရုံပြုပွားများလို့ သူ့မှာ အရှိန်အဝါ, သြဇာအာဏာ ရှိလာပြီး ဉာဏ်ပညာ ထက်မြက်မှုအကျိုးကို သူကိုယ်တိုင် ရရှိထားပါလိမ့်မယ်။

ဒါကြောင့် သူ့တပည့်တွေကိုလည်း အရှိန်အဝါ, သြဇာအာဏာ ရှိလာပြီး ဉာဏ်ပညာ ထက်မြက်လာစေလိုပုံ ရပါတယ်၊ ဒါကြောင့် သူ့တပည့်တွေကို ဘုရားဂုဏ်တော်တွေကို အာရုံပြုပွားများကြဖို့ တိုက်တွန်းတာ ဖြစ်ပါလိမ့်မယ်၊ ဉူးသြဘာသလည်း အရှိန်အဝါ ရှိချင်ရင်, ဉာဏ်ပညာ ထက်မြက်ချင်ရင်, သြဇာအာဏာ ကောင်းချင်ရင် နေ့တိုင်း ဘုရားဂုဏ်တော်တွေကို စိတ်ထဲက အာရုံပြုပွားများပေးပါ၊ ဘုရားဂုဏ်တော်တွေကို အာရုံပြုနေတဲ့ စိတ်မှာ လောဘလည်း မပါဘူး၊ ဒေါသလည်း မပါဘူး၊ မောဟလည်း မပါဘူး၊ မာန်မာန, ဣဿာ, မစ္ဆရိယစတဲ့ အညစ်အကြေးတွေလည်း မပါဘူး။

www.dhammaransi.com



ရွှေဟာ အညစ်အကြေး ကင်းရင် ကင်းသလောက် တောက်ပတယ်၊ လနဲ့ နေဟာ မီးခိုး, မြူ, တိမ်စတဲ့ အညစ်အကြေးတွေ ကင်းရင် ကင်းသလောက် တောက်ပတယ်၊ စိတ်ဟာလည်း လောဘ, ဒေါသ, မောဟစတဲ့ အညစ်အကြေးတွေ ကင်းရင် ကင်းသလောက် တောက်ပတယ်၊ အရှိန်အဝါ ရှိတယ်၊ ဉာဏ်ပညာ ထက်မြက်တယ်၊ ဩဇာအာဏာ ကောင်းတယ်၊ အရှိန်အဝါ, ဩဇာအာဏာ မရှိအောင်, ဉာဏ်ပညာ မထက်မြက်အောင် လုပ်တဲ့ဟာတွေက အဲဒီ လောဘ, ဒေါသ, မောဟစတဲ့ စိတ်အညစ်အကြေးတွေပါပဲ။

ဉူးဩဘာသ. . . ဘုရားဂုဏ်တော်တွေကို အနက် အဓိပ္ပာယ် သိပြီး အာရုံပြု ကြည်ညိုမှ အရသာရှိတယ်၊ ဒါကြောင့် ဘုရားဂုဏ်တော်ပါဠိတွေကို ရတဲ့အပြင် မြန်မာလို အနက်အဓိပ္ပာယ်ကိုလည်း သိအောင် လုပ်ထားရမယ်၊ အနက်အဓိပ္ပာယ်ကို သိပြီး အာရုံပြုမှလည်း သဒ္ဓါတရားက ထက်ထက်သန်သန် ဖြစ်တာ၊ **အနက်အဓိပ္ပာယ်ကို သိပြီး အာရုံပြုလေလေ သဒ္ဓါက ထက်သန်လာလေလေပဲ**၊ ဒါကြောင့် ပါဠိကို ရရုံနဲ့ မပြီးသေးဘူး၊ အနက်အဓိပ္ပာယ်ပါ သိဖို့လည်း အရေးကြီးတယ်။

www.dhammaransi.com



မဟာဂန္ဓာရုံဆရာတော်ကြီးက မေတ္တာကို ပွားပို့ပါတယ်၊ မေတ္တာပို့ရမယ့်သူတွေကို တစ်ဦးစီ မေတ္တာပို့တာ တစ်ရက်နဲ့ မပြီးလို့ တစ်ခါတစ်ရံ နှစ်ရက် ခွဲပြီး ပို့ရသတဲ့၊ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာဟာ ဆရာတော့်အတွက် တကယ့်အဆောင်ကောင်း တွေပါပဲ၊ အဲဒီအဆောင်ကောင်းနှစ်ခုကို အားကိုးပြီး လောက အကျိုး, သာသနာအကျိုးတွေကို သယ်ပိုးတော်မူခဲ့တယ်၊ ဆရာတော်ရဲ့ ဘဝအတွက် ဒီအဆောင်ကောင်းနှစ်ခုဟာ အဖော်မွန်, အဖော်ကောင်းလည်း ဖြစ်ပါတယ်၊ ဒီအဖော်မွန်, အဖော်ကောင်းနှစ်ဦးရဲ့ အကူအညီသာ မပါခဲ့ရင် ဆရာတော် ရဲ့ သာသနာ့လုပ်ငန်းခွင်ဟာ ဒီလောက် အောင်မြင်လာမှာ မဟုတ်ပါဘူး။

ဉူးသြဘာသလည်း ဆရာတော်ကြီးလောက် မအောင် မြင်တောင် ဆရာတော်ကြီးလောက်နီးပါး အောင်မြင်ချင်ရင် တော့ ဆရာတော်ကြီး လက်ကိုင်ပြု ဆောင်ထားတဲ့ အဆောင် ကောင်းနှစ်ခုကို ဆောင်ထားဖို့ လိုပါလိမ့်မယ်၊ အဲဒီအဆောင် ကောင်း နှစ်ခုကို ဉူးသြဘာသရဲ့ ဘဝခရီးအတွက် အဖော် မွန်, အဖော်ကောင်းအဖြစ် လက်တွဲပြုနိုင်ရင် ပြုနိုင်သလောက် ဉူးသြဘာသရဲ့ ဘဝဟာ အောင်မြင်လာပါလိမ့်မယ်။

www.dhammaransi.com



## မငိုပါနဲ့

"သာသနာ့ဝန်ထမ်းတွေ ကြပ်ကြပ်သတိထားရမှာ တစ်ခုက တောင်းတာပဲ၊ ယာစနံ ရောဒနံ အာဟု-တဲ့၊ တောင်းတာဟာ ငိုပြတာပါပဲ၊ တောင်းသောအားဖြင့် လူတွေကို ငိုပြရတာ ရှက်စရာပါ၊ ရသမျှလေးနဲ့ တင်းတိမ်ရောင့်ရဲကြစမ်းပါ၊ ရှေးက သူတော်ကောင်းကြီးတွေဆိုရင် လွှာ ဖိ နပ် က လေး တစ် ရံ တောင်းဖို့တောင် (၇)နှစ်ကြာတဲ့အထိ ပြောလို့ မထွက်ဘူး၊ သိက္ခာရှိရှိ နေကြစမ်းပါ"တဲ့။

ဦးဩဘာသ. . အခုလေးတင်ပဲ တပည့်တော်နဲ့ အတူနေတဲ့ ဦးသောဘနက ပြောပြတယ်၊ သူက ခင်ဦးမြို့နယ်ကပါ၊ သူ ခင်ဦးကို ပြန်တဲ့အခါ ကားပေါ်မှာ ကားမောင်းတဲ့လူက ဘုန်းကြီးသံဃာတွေအကြောင်း ပြောပြနေသတဲ့၊ ဦးသောဘန

www.dhammaransi.com



ကို ပြောပြတာတော့ မဟုတ်ပါဘူး၊ ကားပေါ်မှာ စီးလာတဲ့ ခရီးသည်တွေကို ပြောပြနေတာပါတဲ့။

"တချို့ ကိုရင်၊ ဦးဇင်းတွေက ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တွေမှာ ထမင်းစား၊ လက်ဖက်ရည်သောက်နေတဲ့ လူတွေထံ သွားပြီး ပိုက်ဆံအလှူခံကြတယ်၊ လူတွေက သူတို့ထံလာပြီး ပိုက်ဆံတောင်းကြတဲ့ လူဝတ်ကြောင်တွေကို "No-money"လို့ ပြောပြောလွှတ်ကြတယ်၊ ကိုရင်၊ ဦးဇင်းတွေ လာတောင်းရင်တော့ လှည့်တောင် မကြည့်ဘဲ "ကန်တော့-money"လို့ ပြောပြောလွှတ်ကြတယ်၊ ဆရာဘုန်းကြီးတွေက တပည့်မွေးပြီး မသွန်သင်၊ မဆုံးမဘဲ ပစ်ထားကြတယ်"တဲ့။

ဦးဩဘာသ. . . သာသနာတော်မှာ အဲဒီလို တောင်းသောအားဖြင့် ငိုပြနေကြတဲ့ ရှင်၊ ရဟန်းတွေကြောင့် သာသနာဟာ အသရေ ညှိုးရပါတယ်၊ မျက်နှာငယ်ရပါတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဒီအဆုံးအမ ဩဝါဒစကားလေးတွေဟာ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို ရည်ရွယ်ပြီး ပြောထားတဲ့ စကားလေးတွေများလို့ ထင်ရပါတယ်၊ ဖတ်ကြည့်ပါဦး။

www.dhammaransi.com



"သာသနာ့စိတ် တကယ် မရှိတော့ ဝမ်းကလေး တစ်ထွာ ကြောင့်၊ လျှာကလေး လက် နှစ်သစ်ကြောင့် မအပ်မရာတွေ၊ မသင့်လျော်တာတွေ လုပ်ကိုင်နေကြတာကို တွေ့ရတယ်၊ ဘုရားမျက်နှာတော်ကိုမှ မထောက်ထားပါဘဲ အောက်ကျ နောက်ကျ လုပ်နေကြတာ ဝမ်းနည်းစရာ ကောင်းလိုက်တာ။"

"လောကလူတွေက 'ငွေ ရှိရင် ဘာမဆို ဖြစ်တယ်'လို့ ပြောကြတယ်၊ သာသနာတော်ကတော့ ငွေကြောင့် လျော့ရဲ ပျက်စီးရတယ်၊ ဘုရားရှင်က ငွေကို မြွေ-လို့ ဟောတယ်၊ ရဟန်းတွေအတွက် မြွေ၊ ငွေအပ်ရင် ကာမဂုဏ်ငါးပါးလည်း အပ်စပ်တော့မှာပေါ့-လို့ ဟောခဲ့တယ်၊ လောကမှာ ငွေဟာ ငွေပါပဲ၊ သာသနာတော်မှာတော့ ငွေဟာ မြွေ။"

"သဗ္ဗညုဘုရားရှင် တည်ထောင်ခဲ့တဲ့ သာသနာတော် ကို အထက်တန်းစား ရှင်ဘုရင်တွေ၊ အိမ်ရှေ့စံတွေ၊ မင်းညီ မင်းသားတွေ၊ ပညာရှိပဏ္ဍိတ်တွေ၊ သူဌေးသူကြွယ်တွေ၊ ဂုဏ် ရှိသိန်ရှိ ပုဂ္ဂိုလ်တွေချည်းလိုလိုက တာဝန် ထမ်းလာခဲ့ကြ၊ လက်ဆင့်ကမ်းလာကြ၊ ချီးမြှောက်ထောက်ပံ့လာခဲ့ကြတာဆို တော့ သာသနာကို အားလုံးက မော့ကြည့်ရတဲ့ အခြေအနေ အထိ တင့်တယ်ခဲ့တယ်။"

www.dhammaransi.com



"ဟော. . . ခုနောက်ပိုင်းကျတော့ လူပေါင်းစုံ, အမျိုးပေါင်းစုံ, ဇာတ်ပေါင်းစုံ, စရိုက်ပေါင်းစုံတွေ ဝင်လာကြပြီး ကိုယ့်သဘောနဲ့ကိုယ် ထင်သလိုနေကြ, စည်းလွတ်ကမ်းလွတ်တာတွေ ရှိလာကြတော့ သာသနာဟာ ငိုကြည့်ခံရတဲ့ ဘဝမျိုး ရောက်တော့မယ်။"

"ကဲ. . . ဘယ်သူတွေမှာ တာဝန်ရှိသလဲ" တဲ့။

ဦးသြဘာသ. . . ငိုပြတဲ့ ဘဝတော့ ဘယ်တော့မှ မရောက်ပါစေနဲ့၊ ရှက်စရာကောင်းလှပါတယ်၊ မြွေကိုလည်း အထူးရှောင်ပါ၊ ကိုယ့်ကြောင့် သာသနာတော်ဟာ ငိုကြည့်ခံရတဲ့ အခြေအနေ မရောက်ပါစေနဲ့၊ သာသနာဟာ ကိုယ့်အတွက် မဖြစ်ပါစေနဲ့၊ ကိုယ်ကသာ သာသနာအတွက် ဖြစ်ပါစေ။

"တပည့် မကောင်း ဆရာ့ ခေါင်း"ဆိုတဲ့အတိုင်းပါပဲ၊ တပည့်တွေကို တာဝန်ယူ မွေးမြူထားတဲ့ ဆရာတွေမှာ တပည့်တွေ အချိုးကျဖို့ရာ တာဝန်ရှိနေကြပါတယ်၊ ဦးသြဘာသ . . . ကိုယ့်ကြောင့် ဆရာမှာ သိက္ခာမကျပါစေနဲ့၊ သာသနာလည်း သိက္ခာမကျပါစေနဲ့။

www.dhammaransi.com



## မျက်ရည်

"လောကကြီးမှာ ဘယ်လောက် ကြီးကျယ် ကြီးကျယ် သေခါနီးမှ မျက်ရည်လည်ရရင် မတော်ပေဘူး" တဲ့။

ဉူးဩဘာသ . . တပည့်တော်တော့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အထက်ပါဩဝါဒစကားလေးကို အလွန့်အလွန်ပဲ ကြိုက်လှပါတယ်၊ အဓိပ္ပာယ်က အသားပါသလောက် ရွတ်ဆို ကြည့်လို့လည်း ကောင်းတယ်၊ ရွတ်ဆိုလို့လည်း ကောင်းတာနဲ့ တပည့်တော်တော့ အဲဒီဩဝါဒလေးကို မကြာမကြာ ရွတ်ဆို နေမိတယ်။

လောကကြီးထဲမှာ ကြီးကျယ်ကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ ရှိတယ်၊ တချို့က ရာထူးနဲ့ ကြီးကျယ်ကြတယ်၊ သမ္မတ, ဝန်ကြီးချုပ်, ဘုရင် စတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့၊ တချို့က ပညာနဲ့

www.dhammaransi.com



ကြီးကျယ်ကြတယ်၊ ပါမောက္ခကြီးတွေ, ဆရာဝန်ကြီးတွေ, အင်ဂျင်နီယာကြီးတွေ, သိပ္ပံပညာရှင်ကြီးတွေ, စာရေးဆရာကြီးတွေစတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့၊ တချို့က ပစ္စည်းနဲ့ ကြီးကျယ်ကြတယ်၊ သန်းပေါင်းများစွာ ချမ်းသာတဲ့ သူဌေးကြီးတွေ, ကုမ္ပဏီပိုင်ရှင်ကြီးတွေစတဲ့ ပုဂ္ဂိုလ်တွေပေါ့၊ ကိုယ့်အတိုင်းအတာနဲ့ကိုယ် ကြီးကျယ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံမှာရော ပြည်ပနိုင်ငံအသီးသီးမှာပါ မနည်းကြပါဘူး။

ဘယ်လောက် ရာထူး, အာဏာ, ပါဝါတွေ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ဖြစ်, ပညာတွေ ဘယ်လောက် တတ်တဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ဖြစ်, ပစ္စည်းတွေ ဘယ်လောက် ပေါကြွယ်တဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ဖြစ် သေခြင်းလို့ ခေါ်တဲ့ သေမင်းထံမှာတော့ အညံ့ခံကာ လက်မြှောက် ဒူးထောက်ပြီး အရှုံးပေးရတာပဲ၊ ရာထူး, အာဏာ, ပညာ, ပစ္စည်းတွေဟာ သေမင်းနဲ့ တွေ့ရင်တော့ ဘာအစွမ်းမှ မထက်တော့ပါဘူး။

ရာထူး, အာဏာ ကြီးကျယ်သလောက် လောဘတွေ ကြီးကျယ်နေရင်, ဒေါသတွေ ကြီးကျယ်နေရင်, မောဟတွေ ကြီးကျယ်နေရင်, မာန်မာနတွေ ကြီးကျယ်နေရင်, ဣဿာ-

www.dhammaransi.com



မစ္ဆရိယတွေ ကြီးကျယ်နေရင်တော့ အဲဒီရာထူးရှင်၊ အာဏာရှင်ကြီးဟာ သေခါနီးမှာ မျက်ရည်လည်ရပါလိမ့်မယ်၊ ပညာနဲ့ကြီးကျယ်ကြသူတွေ, ပစ္စည်းဉစ္စာနဲ့ ကြီးကျယ်ကြသူတွေမှာလည်း လောဘ, ဒေါသ, မောဟ, မာန်မာန, ဣဿာ, မစ္ဆရိယတွေ ကြီးကျယ်နေရင်တော့ သေခါနီးမှာ မျက်ရည်လည်ကြရပါလိမ့်မယ်၊ သားသမီး, ပစ္စည်းတွေကို စွဲလမ်းပြီးတော့ ခွဲခွာရမှာကို စိုးရိမ်ကာ မျက်ရည်လည်တာလည်း ရှိနိုင်တယ်၊ သေခါနီး ဒုက္ခဝေဒနာကို မခံနိုင်လို့ စိတ်ဆင်းရဲပြီးမျက်ရည်လည်တာလည်း ရှိနိုင်တယ်၊ မကောင်းတာတွေကိုလုပ်ခဲ့မိလို့, ကောင်းတာတွေကို မလုပ်မိလို့ ဝမ်းနည်း နောင်တရကာ မျက်ရည်လည်တာလည်း ရှိနိုင်တယ်၊ မကောင်းတဲ့ဘဝ ရောက်ရမှာကို ကြောက်ရွံ့စိုးရိမ်ပြီး မျက်ရည်လည်တာလည်း ရှိနိုင်တယ်။

ရာထူးတွေ ကြီးကျယ်ပေမယ့် စိတ်ထား မကြီးကျယ်ရင်သေခါနီးမှာ မျက်ရည်လည်ရပါလိမ့်မယ်၊ ပညာ ကြီးကျယ်ပေမယ့် စိတ်ထား မကြီးကျယ်ရင်, ပစ္စည်းဉစ္စာ ကြီးကျယ်ပေမယ့်စိတ်ထားမကြီးကျယ်ရင် သေခါနီးမှာ မျက်ရည်လည်ရပါလိမ့်မယ်၊ လောကကြီးမှာ ကြီးကျယ်တဲ့သူပဲ ဖြစ်ဖြစ်, မကြီးကျယ်

www.dhammaransi.com



တဲ့သူပဲဖြစ်ဖြစ် သေခါနီးမှာ မျက်ရည်မလည်ရအောင် မသေခင် စိတ်ထား ကြီးကျယ်အောင် ကြိုးစားထားရပါလိမ့်မယ်။

ရာထူး မကြီးကျယ်ရင် နေပါစေ, အာဏာ မကြီးကျယ်ရင် နေပါစေ, ပညာ မကြီးကျယ်ရင် နေပါစေ, ပစ္စည်း မကြီးကျယ်ရင် နေပါစေ၊ စိတ်ထားတော့ ကြီးကျယ်ဖို့ လိုပါတယ်၊ မေတ္တာစိတ်ထား, ကရုဏာစိတ်ထား, မုဒိတာစိတ်ထား, ခန္တီစိတ်ထား, အများအကျိုးဆောင်စိတ်ထားစတဲ့ စိတ်ထားကောင်းတွေဟာ ကြီးကျယ်တဲ့ စိတ်ထားတွေပါပဲ၊ အဲဒီလိုစိတ်ကောင်းတွေ ထားနိုင်ရင် ထားနိုင်သလောက် စိတ်ထားဟာ ကြီးကျယ်လာပါတယ်။

ကြီးကျယ်တဲ့ ရာထူး, အာဏာ, ပညာ, ဉစ္စာတွေက သေခါနီးမှာ မျက်ရည်မလည်ရအောင် မလုပ်ပေးနိုင်ပေမယ့် ကြီးကျယ်တဲ့ စိတ်ထားတွေက လုပ်ပေးနိုင်ပါတယ်၊ ဉုးသြဘာသလည်း သေခါနီးမှာ မျက်ရည်မလည်ရအောင် ကြိုတင်ပြီး ကြီးကျယ်တဲ့ စိတ်ထားတွေ မွေးမြူဖို့ လိုတယ်၊ ကြီးကျယ်မြင့်မြတ်တဲ့ စိတ်ထားတွေ မွေးမြူနိုင်အောင် ကြိုးစားပါ။

www.dhammaransi.com



## ပညာရှိနဲ့ စိတ်

"ထမင်းကို မစားချင်လည်း စား၊ စားချင်လည်း စားရသလို တရားကိုလည်း ထိုင်ချင်လည်း ထိုင်၊ မထိုင်ချင်လည်း မှန်မှန် ထိုင်ရတယ်" တဲ့။

ဦးဩဘာသ. . မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဒီဩဝါဒ စကားလေးကို လူအတော်များများကို တပည့်တော် ပြောပြပြီး တရားမှန်မှန် ရှုမှတ်ဖို့ တိုက်တွန်းဖူးတယ်၊ ပြည်တွင်း၊ ပြည်ပ နှစ်မျိုးလုံးက လူတွေကို ပြောပြဖူးတယ်၊ ကြားရသူတွေအားလုံးက ဒီအဆုံးအမလေးကို သဘောကျကြတယ်၊ တရားရှုမှတ်တာကို ထမင်းစားတဲ့ ဥပမာနဲ့ ပြောသွားတော့ လူတိုင်း နားလည်တာကိုး၊ မြန်မာနိုင်ငံက လူတွေမှာ ထမင်း မစားတဲ့သူ ရှိတာမှ မဟုတ်တာ၊ လူတိုင်း စားနေတဲ့ ထမင်းနဲ့ ဥပမာပေး ပြောတာဆိုတော့ နားလည်လွယ်လို့ သဘောကျတာ ပေါ့။

www.dhammaransi.com



ထမင်းစားတာကတော့ ခန္ဓာကိုယ် အင်အားရှိဖို့နဲ့ ကျန်းမာဖို့ ဖြစ်ပါတယ်၊ တရား ရှုမှတ်တာကတော့ စိတ်ဓာတ် သန့်ရှင်းအင်အားရှိဖို့နဲ့ ချမ်းသာဖို့ပဲ ဖြစ်ပါတယ်၊ ဉူးဩဘာသ လည်း သတိပဋ္ဌာန်တရား ရှုမှတ်ထားတာပဲ၊ နေ့တိုင်း မှန်မှန် ရှုမှတ်ဖို့ လိုတယ်၊ ရှုမှတ်လိုက်ရင် စိတ်သန့်ရှင်းပြီး ချမ်းသာတဲ့ အကျိုးကိုတော့ ချက်ချင်းလက်ငင်း ခံစားရတယ်၊ "ပါပသ္မိံ ရမတိ မနော- စိတ်ဆိုတာ မကောင်းမှုမှာ မွေ့လျော်တယ်"ဆို တဲ့ ဘုရားစကားတော်လိုပါပဲ၊ စိတ်ကို လွှတ်ထားရင်တော့ သူ့ ရဲ့ ပျော်စံရာ နန်းတော်ဖြစ်တဲ့ ကာမဂုဏ်အာရုံဆီကိုပဲ သွား နေမှာပါပဲ၊ စိတ်ကို မထိန်းသိမ်းရင်တော့ စိတ်ဟာ မကောင်းမှု ထဲက ထွက်မှာ မဟုတ်ဘူး။

"ပညာရှိဆိုတာ စိတ်အလို လိုက်သူ မဖြစ်ရဘူး-တဲ့၊ အစောင့်အရှောက်ခံရတဲ့ စိတ်ဟာ ချမ်းသာကို ဆောင်ပေး နိုင်တယ်"တဲ့၊ မြတ်စွာဘုရား မိန့်တော်မူခဲ့တဲ့ စကားလေးတွေ ပါပဲ၊ မြတ်စွာဘုရားရဲ့ စကားတော်ကို လိုက်နာနိုင်ရင် လိုက် နာနိုင်သလောက် ချမ်းသာကို ခံစားရပါတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အောက်ပါ ဩဝါဒလေး တွေဟာလည်း အလွန်ပဲ ကောင်းလှပါတယ်။

www.dhammaransi.com



"မကောင်းတဲ့ အာရုံတွေကတော့ အလကားနေရင်း ပေါ်တယ်၊ ကောင်းတဲ့ အာရုံတွေကတော့ သတိ ရှိမှ ပေါ်တယ်၊ သတိဆိုတာ ပိုတယ် မရှိဘူး၊ လိုတယ်သာ ရှိတယ်။"

"တရားဆိုတာ ဟောတရား, နာတရားတွေက မစွမ်းလှဘူး၊ အလုပ်တရားကမှ စွမ်းတာ။"

"နွားများဟာ ကြီးလာလေလေ ချိုက ပို ရှည်လာလေလေပဲ၊ လူတွေလည်း အသက်ကြီးလာလေလေ တဏှာလောဘ ပိုကြီးလာလေလေပဲ၊ ရှည်လာတဲ့ ချိုကို ကတ်ကြေးနဲ့ ကိုက်ပေးရသလို ရှည်လာတဲ့ တဏှာချိုကိုလည်း ဘာဝနာကတ်ကြေးနဲ့ ကိုက်ပေးရတယ်၊ စာထဲက တရားတွေကို ကိုယ့်သန္တာန်ထဲ ရောက်အောင် လုပ်ကြပါ။"

"လူတွေက စိတ်ကို မပြုပြင်တတ်တော့ စိတ်ငယ်လာတယ်၊ စိတ်ငယ်တော့ ရုပ်တွေ ညှိုးလာတယ်၊ ရုပ်တွေ ညှိုးတော့ စိတ္တဇရုပ်တွေ ညှိုးလာပြန်ရော၊ နှလုံးရောဂါ, သွေးတိုးရောဂါ, အသည်းရောဂါလို့ နာမည်တတ်ကြပေမယ့် တကယ်တော့ စိတ်ကြောင့် ဖြစ်ရတာတွေပါပဲ။"

www.dhammaransi.com



"လူတွေဟာ တစ်နေ့ တစ်နေ့ ရုပ်ကိုပဲ ပြုပြင်ဖို့ စိတ်သန်နေကြတယ်၊ နာမ်ကို ပြုပြင်ဖို့တော့ သတိတောင် မရတတ်ဘူး၊ ရုပ်ချမ်းသာဖို့ပဲ ဂရုစိုက်နေကြတော့တာပဲ၊ နာမ်ချမ်းသာဖို့ ဂရုစိုက်ပြီး မပြုပြင်ကြသမျှ ဒုက္ခတွေ တွေ့နေကြရဦးမှာပဲ။"

"မကောင်းတဲ့ စိတ်တွေက မကောင်းတဲ့ ရုပ်ကို ဖြစ်စေတယ်၊ ဖန်တီးတယ်၊ မကောင်းတဲ့ စိတ်တစ်ချက်က ဒုက္ခိတဘဝမှာ ကျစေနိုင်တယ်၊ ဒါ့ကြောင့် စိတ်ကို အမြဲ ပြုပြင်ပေးရတယ်၊ ဘယ်လောက်အထိ ပြင်ပေးရမတုံး-ဆိုတော့ သေတဲ့အထိ ပြင်ပေးနေရမယ်"

"ကိုယ့်ဘဝကို သတိတရားနဲ့ မမေ့အောင် စောင့်ရှောက်ကြပါ၊ ကိုယ့်ကိုယ်ကို ချစ်တယ်ဆိုရင် · တစ်ဘဝထဲ မချစ်ကြပါနဲ့၊ နောက်ဘဝသံသရာအတွက်ရော ချစ်ကြစမ်းပါ၊ ဘဝဆိုတာ ပစ္စုပ္ပန်တစ်ဘဝတည်း ပြီးသွားမှာမှ မဟုတ်တာကိုး။"

"စာအရသာ မပေါ်သေးသမျှ စာတွေ ဘယ်လောက်ပဲ တတ်တတ်, မိုးထိအောင်ပဲ ရောက်ရောက် စိတ်မချရသေးဘူး၊

www.dhammaransi.com



စိတ်ဓာတ်တွေလည်း မပျော့ပြောင်းသေးဘူး၊ မနူးညံ့သေးဘူး၊ ဒီဘဝ, နောက်ဘဝ အားလုံးကောင်းအောင် စခန်းကြီးနှစ်ခု ဖွင့်မှ ရတော့မယ်၊ ဘာတွေလဲဆိုရင် စာစခန်းရယ်, ဘာဝနာ စခန်းရယ်" တဲ့။

မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒစကားတွေဟာ သိပ်ပြီး ကောင်းတာပဲနော်၊ လိုက်နာသူတွေအဖို့တော့ သိပ်ပြီး တန်ဖိုးရှိမှာပဲ၊ ဉာဏ်ဩဘာသလည်း မှတ်သားပြီး လိုက်နာနိုင် အောင် ကြိုးစားပါ။

www.dhammaransi.com



# လူမိုက်တစ်သောင်းနဲ့ လူကောင်းတစ်ယောက်

"ကဲ့ရဲ့မှာကို တွေးမကြောက်နဲ့၊ ကိုယ်ကသာ အလုပ် မှန်ကန်နေပေ့စေ၊ စိတ်ထား သေးနုပ်တဲ့ သူတွေဆိုတာ ကဲ့ရဲ့ တတ်စမြဲပဲ၊ လူကောင်းတစ်ယောက် ချီးမွမ်းမှုကိုသာ အရေး စိုက်ပါ" တဲ့။

ဉူးသြဘာသ. . . . ဉူးသြဘာသကို ကဲ့ရဲ့တဲ့သူတွေ မနည်းသလို တပည့်တော်ကို ကဲ့ရဲ့တဲ့သူတွေလည်း ရှားမှာ မဟုတ်ပါဘူး၊ ကိုယ်ကတော့ မှန်ကန်တဲ့ လမ်းကြောင်းပေါ် လျှောက်နေဖို့ လိုပါတယ်၊ မှန်ကန်တဲ့ လမ်းကြောင်းပေါ် လျှောက်နေပေမယ့် ကဲ့ရဲ့ချင်သူတွေကတော့ ကဲ့ရဲ့နေကြမှာ ပါပဲ၊ မှန်ကန်တဲ့ လမ်းကြောင်းပေါ် လျှောက်နေပါလျက် ကဲ့ရဲ့ နေသူတွေကိုတော့ အလုပ်ရှုပ်ခံပြီး ထည့်စဉ်းစားစရာ မလို

www.dhammaransi.com



ပါဘူး၊ ခွေး ဟောင်တိုင်း ထကြည့်နေရင် အိပ်ရေးပျက်ရုံပဲ ရှိလိမ့်မယ်၊ ကဲ့ရဲ့တိုင်းသာ အလုပ်ပျက်နေရရင် ဘယ်မှာ အောင်မြင်တော့မလဲ၊ ပညာရှိလူကောင်းရဲ့ အကဲ့ရဲ့ မခံရ အောင်တော့ ကြိုးစားရပါလိမ့်မယ်၊ ပညာရှိသူတော်ကောင်း ဆိုတာ ချီးမွမ်းသင့်တာကို ချီးမွမ်းတယ်၊ ကဲ့ရဲ့သင့်တာကို ကဲ့ရဲ့တယ်၊ ချီးမွမ်းသင့်တာကို မကဲ့ရဲ့သလို ကဲ့ရဲ့သင့်တာကို လည်း မချီးမွမ်းဘူး။

ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့၊ ဘုရား အကဲ့ရဲ့မခံရဖို့ပဲ အရေး ကြီးပါတယ်၊ ဘယ်သူ မချီးမွမ်း၊ ချီးမွမ်း၊ ဘုရား ချီးမွမ်းခံရဖို့ပဲ အရေးကြီးပါတယ်၊ ဘုရား ကဲ့ရဲ့ခံရရင်တော့ အဲဒီလူဟာ လူ ရှော်ပဲ၊ ဘုရား ချီးမွမ်းခံရရင်တော့ အဲဒီလူဟာ လူတော်ပဲ၊ ဉူးဩဘာသဟာ ရှော်တဲ့သူ မဖြစ်ဘဲ တော်တဲ့သူ ဖြစ်အောင် ကြိုးစားဖို့ လိုတယ်။

နတ္ထိ လောကေ အနိန္ဒိတော = လောကမှာ ကဲ့ရဲ့ခံရမှုမှ လွတ်တဲ့သူဆိုတာ တစ်ယောက်မှ မရှိဘူး-တဲ့၊ အလုပ်မရှိ အလုပ်ရှာပြီး ကဲ့ရဲ့သူတွေကတော့ ဘယ်သူ့ကိုမှ ရှောင်မှာ မဟုတ်ပါဘူး၊ ရာနှုန်းပြည့် အပြစ်ကင်းစင်တော်မူတဲ့ မြတ်စွာ

www.dhammaransi.com



ဘုရားကိုတောင် ရှောင်ကြမှာ မဟုတ်ပါဘူး၊ တပည့်တော် တို့လို အပြစ်မကင်းနိုင်သေးတဲ့ ပုဂ္ဂိုလ်တွေအဖို့ရာ ကဲ့ရဲ့ခံရ တာဟာ ဆန်းတဲ့အရာ မဟုတ်တော့ပါဘူး။

ကဲ့ရဲ့ဒဏ် ခံရလို့ ချီးမွမ်းဖွယ်ဂုဏ်နဲ့ ပြည့်စုံအောင် ကြိုး စားတဲ့အတွက် ချီးမွမ်းဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံသွားတဲ့သူတွေ လောကမှာ မနည်းပါဘူး၊ သူတို့လို လူတွေအတွက် ကဲ့ရဲ့ခံရ တာဟာ အထက်မြင့်ဖို့ အကြောင်း ဖြစ်သွားပါတယ်၊ ကဲ့ရဲ့တဲ့ ဒဏ်ကို မခံနိုင်လို့ အဆိုးဝဲဂယက်ထဲမှာ နစ်မြုပ်သွားကြသူ တွေလည်း ရှိကြပါတယ်၊ မီးဟာ မသုံးတတ်တဲ့သူတွေအတွက် အန္တရာယ်ပါပဲ၊ သုံးတတ်တဲ့သူတွေအတွက်တော့ အကူအညီ ပေးတဲ့ မိတ်ဆွေပါပဲ။

ရေဟာလည်း ရန်သူ ဖြစ်တဲ့အခါ ဖြစ်, မိတ်ဆွေ ဖြစ်တဲ့ အခါ ဖြစ်တာ ရှိပါတယ်၊ ချီးမွမ်းဖွယ်ဂုဏ် ရှိလို့ ချီးမွမ်းခံရ တာဟာ ကောင်းပေမယ့်, အဲဒီချီးမွမ်းခံရတာကို သာယာမိန်း မောယစ်မူးနေပြီး ကောင်းတာတွေကို ဆက် မလုပ်ရင်တော့ အဲဒီချီးမွမ်းခံရတာဟာ အန္တရာယ်လိုလို ဖြစ်သွားပါတယ်၊ ချီး

www.dhammaransi.com



မွမ်းခံရရင်လည်း သာယာမိန်းမော ယစ်မူးမနေမိအောင် သတိထားရပါတယ်၊ သာယာမိန်းမောယစ်မူးမိရင်လည်း အဲဒီ သာယာမိန်းမောယစ်မူးမှုကို ပယ်ဖျောက်ကာ ဘဝခရီးကောင်းကို ဆက်လက်လျှောက်လှမ်းရပါမယ်။

ကဲ့ရဲ့ဒဏ်ကို ခံနိုင်ရည်အား ရှိတတ်ကြပေမယ့် ချီးမွမ်းခံရတဲ့ ဒဏ်ကိုတော့ ခံနိုင်ရည်အား မရှိသူတွေကပဲ များပါတယ်၊ ကဲ့ရဲ့ခံရလို့ ဘဝမြင့်လာကြသူတွေ မရှားသလို ချီးမွမ်းခံရလို့ **ဘဝနိမ့်သွားကြသူတွေလည်း မနည်းပါဘူး**၊ မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ သူ့ဘဝကို ဘော့လုံးလိုပဲ-လို့ ပြောထားပါတယ်၊ ဘော့လုံးကို မြေကြီးပေါ် နာနာ ရိုက်ပုတ်လေလေ, ဘော့လုံးဟာ အထက်ကို မြင့်တက်လေလေပါပဲ၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဘဝကို မလိုလားသူတွေက ဝိုင်းပြီး နှိပ်ကြ, ပုတ်ခတ်ကြလေလေ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဘဝဟာလည်း အထက်ကို မြင့်တက်လာလေလေပဲ-တဲ့။

ဉူးဩဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်းပါပဲ၊ ကဲ့ရဲ့ခံရမှာကို တွေးမကြောက်ပါနဲ့၊ ကိုယ်ကသာ အလုပ် မှန်ကန်နေပါစေ၊ **သူတော်ကောင်းတစ်ယောက် ချီး**

www.dhammaransi.com



မွမ်းတာကိုသာ ဂရုစိုက်ပါ၊ လူမိုက်တစ်သောင်း ကဲ့ရဲ့တာကို ဂရုမစိုက်ပါနဲ့၊ လူမိုက် တစ်သောင်း ကဲ့ရဲ့တာဟာ လူကောင်း တစ်ယောက် ချီးမွမ်းရင် ပျောက်သွားတာပါပဲ-တဲ့။

www.dhammaransi.com



## အမည်းနဲ့ အဖြူ

"ဘုရားပွဲ၊ ဘုရားပူဇော်ပွဲ ဆိုတာ စာထဲမှာတော့ ဘုရားဂုဏ်တော်တွေကို သီဆိုရွတ်ဖတ်ပြီး ကြေးစည်၊ ခေါင်းလောင်းစတဲ့ သဒ္ဒ(အသံ)အလှူကို လှူကြတယ်၊ မီးပူဇော်ကြတယ်၊ တို့ မြန်မာနိုင်ငံ ရောက်လာတော့မှ ပုဂံခေတ်က နတ်၊ အရည်းကြီးတို့ကို ကိုးကွယ်မှု ရောလာပြီး ကြက်ကောင်လုံး၊ ဝက်ကောင်လုံးတွေ၊ အငြိမ့်၊ ဇာတ်၊ လူပြက်၊ ပြက်လုံးတွေနဲ့ ပူဇော်လာကြတယ်၊ ဒါ မှားနေတာပဲ"တဲ့။

ဦးဩဘာသ. . . တပည့်တော်တို့ ရွာဘုရားပွဲမှာတောင် ဇာတ်ပွဲ ထည့်တာ (၂)နှစ် ရှိပြီဆိုပဲ၊ အဲဒီသတင်းကြားရတော့ စိတ်ထဲမှာ မကောင်းဖြစ်မိတယ်၊ တပည့်တော်တို့ တစ်သက်မှာ တစ်ခါမှ မပါခဲ့ဖူးတဲ့ ဇာတ်ပွဲက တန်ခူးလပြည့်နေ့ ရွာဘုရားပွဲမှာ ပါလာနေပြီ-တဲ့၊ နောင်လည်း ဘယ်လောက် ကြာသည်အထိ ပါနေမယ် မသိရပါဘူး၊ ဗုဒ္ဓဘာသာ

www.dhammaransi.com



ဝင်တွေလို့ အမည်ခံထားကြပေမယ့် ဘုရား မကြိုက်တဲ့အလုပ်တွေကို လုပ်နေကြသူတွေကိုတော့ ဘုရားက မနှစ်မြို့က်မှာ သေချာပါတယ်၊ ဘုရားပွဲမှာ ဇာတ်ပွဲ ထည့်ပြီဆိုကတည်းက အဲဒီဘုရားပွဲမှာ ကုသိုလ်က တစ်ပဲ, ငရဲက တစ်ပိဿာ နေမှာပါ။

ဉူးသြဘာသ ရွာကို မရောက်ဖြစ်တာ ကြာသလိုတပည့်တော်လည်း ရွာ မရောက်ဖြစ်တာ (၄)နှစ်, (၅)နှစ်လောက် ရှိသွားပါပြီ၊ အဲဒီအတောအတွင်းမှာ ဘုရားပွဲမှာဇာတ်ပွဲပါလာတာပဲ၊ ဘုရားပွဲစတဲ့ ဘာသာရေးပွဲတွေမှာ ပါတဲ့ဇာတ်ပွဲတွေဟာ သာသနာအတွက်တော့ ဂြိုဟ်ဆိုးတွေပါပဲ၊ဆွမ်းဆန်ထဲမှာ ရောလာတဲ့ ကြွက်ချေးတွေပါပဲ၊ မဟာဂန္ဓာရုံဆရာတော်ကြီး အမိန့်ရှိထားတဲ့ အောက်ပါစကားလေးတွေဟာ မှတ်သားလိုက်နာစရာ ကောင်းလှပါတယ်။

"အပျော်အပါးများတဲ့ မြို့, ရွာ, နိုင်ငံဟာ ဆင်းရဲစမြဲပဲ။"

"တရားရုံးများ, ပွဲလမ်းသဘင်, ကစားဌာန, ဘုံဆိုင်တွေမှာ လူရှုပ်တာဟာ တိုင်းပြည်ရဲ့ မကောင်းတဲ့ လက္ခဏာပဲ။"

www.dhammaransi.com



"လူတွေဟာ စီးပွားရေးသာ အမြော်အမြင် ရှိပြီး ဘာသာရေးမှာတော့ မမြော်မြင်တတ်ဘူး" တဲ့။

မြတ်စွာဘုရားသာ သက်တော်ထင်ရှား ရှိမယ်ဆိုရင် ဘုရားပွဲမှာ ဇာတ်ပွဲတွေထည့်တာကို အလွန်ပဲ ရှုတ်ချမှာပါပဲ၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့ကိုတောင် သူတို့ရဲ့ တပည့်ရဟန်းငယ်လေးတွေက ကျောင်းထဲမှာ အသံဆူညံလို့ ဘုရားက နှင်ထုတ်တော်မူခဲ့သေးတယ်၊ ဘုရားက တိတ်ဆိတ်မှုကို အလွန်နှစ်ခြိုက်တော်မူတာ၊ ဘုရားပွဲက ဇာတ်ပွဲတွေက ဘုရားကို ပူဇော်ရာ မရောက်ပါဘူး၊ ဘုရားအလိုတော်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်၊ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပါတယ်၊ **ဘုရားတပည့် အမည်ခံထားကြတဲ့ ဗုဒ္ဓသာသနာဝင်တွေဟာ ဘုရားအလိုတော်နဲ့ ဆန့်ကျင်တာတွေကို မလုပ်သင့်ကြပါဘူး၊** ဘုရားအလိုတော်နဲ့ ဆန့်ကျင်တာတွေကို လုပ်ရင် ဘုရားကို ကန့်လန့်တိုက်နေတာပါပဲ။

ဘုရားပွဲတွေမှာ ဒါနကို ပကာသန မပါဘဲ ပြုကြရင် ကောင်းမှာပါပဲ၊ အခုတော့ ကုသိုလ်အရေခြုံပြီး ငွေတွေကုန်ကာ ပျော်ရုံသက်သက် ဖြစ်နေကြပါတယ်၊ ဘုရားပွဲမှာ

www.dhammaransi.com



ကုသိုလ်သက်သက်ပဲ ရအောင် လုပ်ကြရင် ကောင်းပါတယ်၊ အခုတော့ အကုသိုလ်တွေက နှောနေလို့ ဘုရား သဘော မကျတာကတော့ သေချာပါတယ်၊ ကုသိုလ်ရအောင် လုပ်တဲ့ ဘုရားပွဲတွေမှာ အကုသိုလ် ပွားစေတဲ့ ဇာတ်ပွဲတွေ ထည့်တာကတော့ အဖြူရောင်သန့်သန့်လေးမှာ အမည်းရောင်ဆိုး လိုက်တာနဲ့ တူပါတယ်၊ အဖြူရဲ့ အလှကို အမည်းက ဖျက်ဆီးလိုက်ပါတယ်၊ ကုသိုလ်အဖြူရောင်ထဲမှာ အကုသိုလ် အမည်းရောင်တွေ လွှမ်းနေရင် နိုင်ငံရော၊ သာသနာရော, လူမျိုးပါ နစ်နာလှပါတယ်၊ သာဘာခြားတွေနဲ့ ပြည်ပသား တွေရဲ့ အထင်သေးခြင်း, ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း ကောင်း ကောင်းကြီး ခံရပါတယ်။

ကုသိုလ်အဖြူထဲမှာ အကုသိုလ်အမည်းရောင်တွေ လွှမ်း မိုးမလာရအောင် ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတွေမှာ အသီးသီး တာဝန်ရှိနေပါတယ်၊ အဖြူထဲမှာ အမည်း အရော မခံရရင် နိုင်ငံရော, သာသနာရော, လူမျိုးပါ အကျိုးအမြတ် တွေ အများကြီး ထွက်လာပါလိမ့်မယ်။

www.dhammaransi.com



ဦးဩဘာသ. . . . မဟာဂန္ဓာရုံဆရာတော်ကြီးက အမည်းလမ်းဟာ မှားတယ်လို့ ဆိုပါတယ်၊ မှားတဲ့ အမည်းလမ်းကို ရှောင်ရှားပြီး မှန်တဲ့ အဖြူလမ်းကို လျှောက်လှမ်းကြပါလို့ တိုက်တွန်းလိုပါတယ်။

www.dhammaransi.com



# အသက်တမျှ

"သဘော်တစ်စင်း ပေါက်လို့ ရေတွေ ဝင်လာပြီး တဖြည်းဖြည်း နစ်ဆင်းနေတာကို ကြည့်နေလို့ မဖြစ်ဘူး၊ ဝိုင်း အော်နေလို့လည်း မဖြစ်ဘူး၊ ညည်းနေလို့လည်း မရဘူး၊ ကိုယ်စီကိုယ်င ရေတွေကို ပက်ထုတ်ကြရမှာပေါ့။"

"အဲဒီပုံအတိုင်းပဲ သာသနာတော်မှာ ကိုယ်စီကိုယ်င အလုပ်လုပ်လိုက်ကြရင် သာသနာတော်ဟာ အတော်အတန် ပြန်ပြီး တက်လာနိုင်ပါသေးတယ်၊ တဖြည်းဖြည်း ကျလာတာ ကို ထိုင်ကြည့်နေလို့ မဖြစ်ဘူး၊ ညည်းနေလို့ မဖြစ်ဘူး၊ ရတဲ့ အခြေအနေမှာ ရှိသလောက်အင်အားနဲ့ အလုပ်လုပ်ကြရမှာ ပေါ့၊ သာသနာအဆက်တွေ ထွက်လာနိုင်ပါသေးတယ်" တဲ့။

www.dhammaransi.com



ဦးဩဘာသ. . . ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတွေဟာ ကိုယ့်အလုပ် ကိုယ် လုပ်ကြရပါမယ်၊ လူတွေက သာသနာတော်ကို လိုအပ်ရာရာ ပစ္စည်းတွေနဲ့ ထောက်ပံ့ကြရမယ်၊ ရဟန်းသံဃာတော်တွေ ဟောကြားတဲ့ တရားတော်တွေကို နာကြား, မှတ်သား, လိုက်နာကြရမယ်၊ ရဟန်းသံဃာတော်တွေက ဘုရားစကားတော်တွေကို သင်ယူကြရမယ်၊ ပို့ချကြရမယ်၊ ပြောပြ, ဟောပြကြရမယ်၊ ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးကြရမယ်၊ ကိုယ် ကျင့်သုံးလို့ သိလာတာတွေကို သူတစ်ပါးတွေလည်း ကျင့်နိုင်လာအောင် ကြိုးစားပေးကြရမယ်၊ ဒီလို ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတိုင်း ကြိုးစားကြရင် သာသနာဟာ မကျဆင်းနိုင်သေးပါဘူး၊ တက်လာနိုင်ပါသေးတယ်။

ဒီလို သာသနာအလုပ်ကို မလုပ်ပါဘဲ သာသနာဟာ မကျဆင်းနိုင်ပါဘူးလို့ ယူဆရုံ, ပြောဆိုနေရုံနဲ့ မကျဆင်းဘဲနေမှာ မဟုတ်ပါဘူး၊ ထိုင်ကြည့်နေရုံ, ညည်းနေရုံနဲ့လည်း သာသနာဟာ မကျဆင်းဘဲနေမှာ မဟုတ်ပါဘူး၊ ပရိယတ်, ပဋိပတ်အလုပ်တွေကို မလုပ်ရင် မလုပ်သလောက် သာသနာဟာ ကျဆင်းနေပါတယ်။

www.dhammaransi.com



ဦးသြဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီးက သာသနာတော်ရဲ့ တန်ဖိုးကို နားလည်တယ်၊ အဖိုးမဖြတ်နိုင်တဲ့ ဘုရားသာသနာတော်လို့ ယူဆလက်ခံထားတယ်၊ သာသနာတော်ကို အကြောင်းပြုပြီး သူ့မှာ ကောင်းကျိုးအထွေထွေ ရရှိနေခဲ့တယ်၊ သူ့မှာ ရသလို အခြားသူတွေ ရနေတာကိုလည်း သူ သိမြင်ခဲ့တယ်၊ ဒါကြောင့် သူဟာ သာသနာတော်ကို အလွန့်အလွန်ပဲ မြတ်နိုးတော်မူတယ်၊ သူ မြတ်နိုးတန်ဖိုးထားသလို အခြားသူတွေလည်း သူ့လိုပဲ မြတ်နိုးတန်ဖိုးထားစေချင်တယ်၊ ဘုရားသာသနာတော်ရဲ့တန်ဖိုးကို သိလေလေ ဘုရားသာသနာတော်ကို မြတ်နိုးလေလေပါပဲ၊ ကိုယ့်အသက်ထက်တောင် မြတ်နိုးကြပါတယ်။

အငြိမ်းဓာတ်နိဗ္ဗာန်ကို သိသွားရင် အဲဒီပုဂ္ဂိုလ်ဟာ ဘုရား, တရား, သံဃာ ရတနာ(၃)ပါးနဲ့ ငါးပါးသီလကို အသက်ထက် ပိုပြီး မြတ်နိုးတန်ဖိုးထားသွားပြီ၊ ဘုရားကို "ဘုရား မဟုတ်ဘူး"၊ တရားကို "တရား မဟုတ်ဘူး"၊ သံဃာကို "သံဃာ မဟုတ်ဘူး"လို့ မပြောရင် သတ်မယ်ဆိုတောင် အသက်ကိုသာ အသေခံမယ်၊ ငါးပါးသီလကိုလည်း အသက်

www.dhammaransi.com



သာ အသေခံမယ်၊ မချိုးဖောက်ဘူး၊ အဲဒါ ဘာလို့လဲ၊ ရတနာသုံးပါးနဲ့ ငါးပါးသီလရဲ့ ဂုဏ်ကျေးဇူးတွေကို ဉာဏ်နဲ့ သက်ဝင်ပြီး မတုန်မလှုပ် ယုံကြည်ထားလို့ပဲ။

ရတနာသုံးပါးနဲ့ ငါးပါးသီလရဲ့ တန်ဖိုးကို အဲဒီလောက် သိမြင်ယုံကြည်ထားတဲ့သူတွေ မြန်မာနိုင်ငံမှာ များလာခဲ့ရင် မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာဟာ ဘယ်လိုနည်းနဲ့မှ မကွယ်ပနိုင်ပါ၊ ရတနာသုံးပါးနဲ့ ငါးပါးသီလကို အသက်ထက် မမြတ်နိုးနိုင်တောင် အသက်လောက် မြတ်နိုးတန်ဖိုးထားနေသမျှ သာသနာဟာ အခြေအနေ ကောင်းနေပါသေးတယ်၊ အသက်လောက် မမြတ်နိုးနိုင်တောင် သား, သမီး, ဇနီး, ပစ္စည်းဥစ္စာ, ရာထူး, အာဏာတွေထက် ပိုပြီး မြတ်နိုးတန်ဖိုးထားနိုင်သေးရင် တော်ပါသေးတယ်။

ဗုဒ္ဓသာသနာဝင်တွေဟာ ရတနာသုံးပါးနဲ့ ငါးပါးသီလကို သား, သမီး, ဇနီး, ပစ္စည်းဥစ္စာ, ရာထူး, အာဏာတွေလောက်တောင်မှ မမြတ်နိုး, တန်ဖိုးမထားတော့ဘူး-ဆိုရင် သာသနာဟာ မရှုမလှ ကျဆင်းရပါတော့မယ်။

www.dhammaransi.com



ဉူးသြဘာသ. . . ဘုရားသာသနာတော်ကို အသက်ထက် ပိုပြီး မြတ်နိုးတန်ဖိုးထားနိုင်အောင် ကြိုးစားပါ၊ အနည်းဆုံး အသက်လောက်တော့ မြတ်နိုးတန်ဖိုးထားနိုင်အောင် ကြိုးစားပါ။

www.dhammaransi.com



# ဆွာ ဘတ္တိ

"စကားပြောတဲ့အခါ, တရားဟောတဲ့အခါ အောက်တန်းကနေ မဟောပြောပါနဲ့၊ ကိုယ့်ကိုယ်ကို နှိမ့်ချပြီး (တကတည်း သနားစရာလေးလို လုပ်ပြီး) အသနားမခံကြပါနဲ့၊ လိုရင်း, တိုရှင်း တစ်ခွန်းစ, နှစ်ခွန်းစ လိုသလောက်သာ ပြော၊ ဒီထက် လွန်ပြီး သူတောင်းစားများ တောင်းသလို (မပေးမချင်း တညည်းညည်း တညူညူနဲ့) မတောင်းရဘူး"တဲ့။

ဉုးဩဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီးက တစ်ခါက ရဟန်းတစ်ပါးကို "ဆွာ ဘတ္တိ" မလုပ်နဲ့-လို့ ဆုံးမဖူးသတဲ့၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာ အမျိုးသမီး ဧည့်သည်တွေ လာရင် တည်းဖို့ ဇရပ်ဝင်းဆိုတာ ရှိတယ်၊ မဟာဂန္ဓာရုံတိုက်ရဲ့ မြောက်ဖက်ပိုင်းမှာပါ၊ တံတိုင်းခတ်ပြီး ထားတဲ့ သီးသန့်နေရာ

www.dhammaransi.com



ဝင်းပါ၊ အဲဒီရဟန်းရဲ့ ရဟန်းဒကာမတွေက မြန်မာနိုင်ငံအောက်ပိုင်းက-တဲ့၊ အဲဒီရဟန်းရဲ့ ရဟန်းဒကာမတွေက ဇရပ်ဝင်းထဲမှာ တည်းတယ်၊ အဲဒီရဟန်းက သူ့ရဟန်းဒကာမနဲ့ ညှိသည်တွေထံ သွားပြီး ပြုံးဖြဖြမျက်နှာနဲ့ "ဒကာမကြီးတို့ နေကောင်းကြသလား"လို့ မေးသတဲ့၊ အဲဒါကို ဆရာတော်က မြင်သိသွားတယ်၊ ဆရာတော်က အဲဒီရဟန်းထံ လာပြီး "ကိုယ်တော် . . . ဒကာမတွေကို ဆွာ ဘတ္တိ မလုပ်ပါနဲ့"လို့ ပြောလိုက်သတဲ့။

ဦးဩဘာသ. . . ဆွာ ဘတ္တိ-ဆိုတဲ့ စကားကို ဦးဩဘာသ နားလည်ချင်မှ လည်မယ်၊ "ဆွာ"ဆိုတာ ခွေးကို ပြောတာ၊ ဘတ္တိ-ဆိုတာ ခစားတာ၊ ခွေးက အရှင်သခင်ကို အမြီးလေး နန့်နန့် နန့်နန့် လုပ်ပြီး ခစားချဉ်းကပ်တယ်၊ ခွေးက အရှင်သခင်ကို ခစားသလို ဒကာ၊ ဒကာမတွေကို မဆက်ဆံကြပါနဲ့-လို့ ဆုံးမလိုပါတယ်၊ အပြောခံရတဲ့ ရဟန်းဟာ ဆွာ ဘတ္တိဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို နားလည်မယ်ဆိုရင် အတော်ပဲ ရှက်သွားမယ် ထင်ပါတယ်၊ အထက်ပါ ဖော်ပြခဲ့တဲ့ ဩဝါဒစကားလေးတွေကို ပြောပြမယ်လို့ စိတ်ကူး လိုက်တဲ့ အခါ အဲဒီရဟန်းရဲ့ အဖြစ်အပျက်လေးကို သတိရလာမိတယ်။

www.dhammaransi.com



ဉူးဩဘာသ. . . ဒကာ, ဒကာမတွေနဲ့ ဆက်ဆံတဲ့ အခါ ဆွာ ဘတ္တိ မဖြစ်အောင် တပည့်တော်တို့ သာသနာ့ ဝန်ထမ်း, ရှင်, ရဟန်းတွေဟာ သတိထားကြရပါမယ်၊ တည် တည်ကြည်ကြည်နဲ့ ဆက်ဆံကြရပါမယ်၊ ဒကာ, ဒကာမတွေ ထံက တစ်ခုခု ရလိုတဲ့ လောဘနဲ့ မဆက်ဆံဖို့ လိုပါတယ်၊ လောဘ ပါလာရင် မျက်နှာချိုသွေးပါတော့မယ်၊ ဒကာ, ဒကာမတွေကို မျက်နှာချိုသွေးတာဟာ ခွေးအမြီးနန့်တာနဲ့ တူ ပါတယ်၊ ဒကာ, ဒကာမတွေအပေါ် မေတ္တာ, ကရုဏာနဲ့ ဆက်ဆံရပါတယ်၊ မျက်နှာချိုလည်း မသွေး, စကားလည်း မချွဲမှ ရဟန်းဣန္ဒြေ ရှိပါမယ်။

ဉူးဩဘာသ. . . ရေတွင်းပျက်တွေကို တွေ့ဖူးမှာပါ၊ ရေတွင်းတစ်တွင်းမှာ ရေကောင်းရေသန့်တွေ ရှိတယ်၊ ဒါပေ မယ့် အဲဒီရေတွင်းမှာ ခါးမှိုက ပျက်စီးယိုယွင်းဆွေးမြေ့နေ တယ်၊ အဲဒီရေတွင်းက ရေကောင်းရေသန့်တွေကို သောက်သုံး လိုတဲ့ ပုဂ္ဂိုလ်ဟာ ဆွေးမြေ့နေတဲ့ ခါးမှိုကို တအား မှီပြီး ခပ် ရင် ရေတွင်းထဲ လိမ့်ကျသွားလိမ့်မယ်၊ ရေတွင်းထဲ လိမ့်ကျ မသွားအောင် ခပ်ရို့ရို့လေးနဲ့ ခပ်ယူရတယ်။

www.dhammaransi.com



အဲဒီလိုပါပဲ၊ ဒကာ, ဒကာမတွေကို ဆက်ဆံတဲ့အခါ သိပ် မမှီရဘူး၊ မှီလွန်းရင် ကျသွားတတ်တယ်၊ ခပ်ရှိရှိ ဆက်ဆံရတယ်၊ မရဲရဘူး၊ ရဲတင်းတာ, ရမ်းကားတာတွေဟာ သာသနာမှာ မသင့်လျော်တဲ့ အမှုအရာတွေပဲ၊ မသင့်လျော် တာ, မကောင်းတာတွေကို မလုပ်ရဲမှ လူစွမ်းကောင်း ဖြစ် တယ်၊ လုပ်ရဲရင် လူညံ့ ဖြစ်သွားတယ်၊ ဦးပြဘာသဟာ အစွမ်းကောင်းတဲ့ ရဟန်း ဖြစ်ဖို့ လိုတယ်၊ ရဟန်းညံ့ မဖြစ် သင့်ဘူး။

ဒကာ, ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါ "ဆွာ ဘတ္တိ"ဆို တဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စကားကို ကြားကြားလာမိ ပါတယ်၊ ဦးပြဘာသလည်း ဆွာ ဘတ္တိဆိုတဲ့ စကားလေးကို သတိရပြီး လိုက်နာပါ၊ ဆွာ ဘတ္တိလုပ်တဲ့ ရှင်ရဟန်းတွေ ရှိ ခဲ့ရင် သာသနာတော် အသရေ ပျက်လှပါတယ်၊ ဦးပြဘာသ . . . ကိုယ့်ကြောင့် သာသနာအသရေ မပျက်စေဘဲ အသရေ တက်အောင်သာ ကြိုးစားပါ။

www.dhammaransi.com



# သားတော်အစစ်

"ဗုဒ္ဓသာသနာဝင်ရယ်လို့ ဖြစ်လာရင် ဘုရားကို ကြည်ညိုတတ်မှလည်း ကောင်းတယ်၊ ကြည်ညိုတတ်အောင်လည်း လေ့လာရတယ်၊ ပွားများနှလုံးသွင်းရတယ်"တဲ့။

ဦးဩဘာသ. . . မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားထားခဲ့တဲ့ လင်္ကာတစ်ပိုဒ်ကို အထက်ပါ ဩဝါဒစကားလေးကို ရေးသားရင်း သတိရလာမိပါတယ်။

အဲဒီလင်္ကာပိုဒ်လေးက. . .

"ဗုဒ္ဓကြောင်းရာ ကောင်းစွာ သိမှ

ဗုဒ္ဓကိုလည်း ကြည်ညိုမည်"တဲ့။

9B&B

www.dhammaransi.com



ဒီတော့ ဗုဒ္ဓသာသနာဝင် အမည်ခံထားကြတဲ့ ရဟန်း, ရှင်, လူတွေဟာ မြတ်စွာဘုရားအကြောင်းကို သိအောင် လေ့လာထားကြရပါမယ်၊ ဘုရားဂုဏ်တော် (၉)ပါး ပါဠိကို ရတဲ့ ဗုဒ္ဓသာသနာဝင်ဦးရေဟာ မြန်မာနိုင်ငံမှာ များချင်မှ များပါဦးမယ်၊ ဘုရားဂုဏ်တော် (၉)ပါး ပါဠိနဲ့ အဓိပ္ပာယ်ကိုပါ သိတဲ့သူကတော့ ပိုပြီးတော့ နည်းပါလိမ့်မယ်၊ **ဘုရားဂုဏ်တော်တွေကို နှုတ်တိုက်ရပြီး အနက်အဓိပ္ပာယ် သိကာ ကြည်ညိုတတ်ကြပါမှ ဗုဒ္ဓသာသနာဝင်ဆိုတဲ့ နာမည်နဲ့ လိုက်ဖက်ပါလိမ့်မယ်၊** အဲဒီလို မဟုတ်ရင် လူနဲ့ နာမည်ဟာ တစ်ခြားစီ ဖြစ်နေပါလိမ့်မယ်၊ ဗုဒ္ဓသာသနာဝင်ဆိုတဲ့ နာမည်ဟာ အဓိပ္ပာယ်မဲ့ နာမည် ဖြစ်နေပါလိမ့်မယ်။

ဘုရားကို ကြည်ညိုတဲ့ သဒ္ဓါတရား ရှိမှလည်း ဘုရားရဲ့ အဆုံးအမတွေကို လိုက်နာနိုင်ပါတယ်၊ ဘုရားအဆုံးအမတွေကို လိုက်နာမှလည်း ဗုဒ္ဓသာသနာဝင်စစ်စစ် ဖြစ်ပါမယ်၊ မလိုက်နာရင်တော့ ဗုဒ္ဓသာသနာဝင်လို့ အမည်ခံထားပေမယ့် ဗုဒ္ဓသာသနာဝင်အတုပါပဲ၊ အစစ်ဟာ တန်ဖိုး ရှိပေမယ့် အတုကတော့ တန်ဖိုးမဲ့ပါတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ အစစ်ဖြစ်အောင် ကြိုးစားကြရပါမယ်။

www.dhammaransi.com



မဟာဂန္ဓာရုံဆရာတော်ကြီးကတော့ ဘုရားကို အလွန့်ကို ကြည်ညိုလှပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အောက်ပါ သြဝါဒစကားလေးတွေကို ဖတ်ကြည့်ရင် မဟာဂန္ဓာရုံဆရာတော်ကြီးဟာ ဘုရားကို ဘယ်လောက် ကြည်ညိုတယ်ဆိုတာကို ဥုံးသြဘာသ ခန့်မှန်းနိုင်ပါလိမ့်မယ်၊ ဥုံးသြဘာသ ဖတ်ရှုကြည့်ပါဦး။

"ဘုရား အာရုံပြုပြီး နေရတာ စိတ်ငြိမ်သက်အေးဆေးမှု ရှိတယ်၊ ဘုရားအကြောင်းကို ကောင်းကောင်းကြီး သိမှ အရသာ ရှိပါတယ်၊ ဘုရားကို အာရုံပြုရင် စိမ့်လာအောင် အာရုံပြုကြစမ်းပါ။"

"ဘုန်းကြီး အလုပ် လုပ်နေရာမှာ ဗုဒ္ဓါနုဿတိ အရင်းခံပြီး အလုပ်လုပ်လို့ ကျမ်းစာတွေ အထမြောက်နေတာပါ၊ ဘုန်းကြီးက ဘုရားကို သိပ် မြတ်နိုးကြည်ညိုတယ်။"

"လောကကြီးတစ်ခုလုံးက ဘယ်သူမှ ဘုရားကို မကြည်ညိုချင် နေပါစေ၊ ဘုန်းကြီးတစ်ပါးတည်း ကြည်ညိုနေမှာပါ။"

www.dhammaransi.com



"ဘုရားဂုဏ်တော်တွေကို သေသေချာချာ လေ့လာကြစမ်းပါ၊ ဂုဏ်တော်တွေ သိပြီး ကြည်ညိုရတာကမှ အရသာရှိလှပါတယ်၊ အဲဒီအခါမှာမှ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားရတာလည်း အားရစရာ ဖြစ်ပါမယ်၊ ဗုဒ္ဓသာသနာဝင်တွေဆိုတာ ဗုဒ္ဓါနုဿတိတို့, မေတ္တာတို့ မကင်းစေရဘူး၊ အရည်အချင်း ပြည့်နေအောင် လေ့ကျင့်ထားကြစမ်းပါ၊ အရေးဟဲ့ ဆိုရင် ပူကြလွန်းလို့, ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြလွန်းလို့ ပြောပြောနေရတာ။"

"ဘုရားဂုဏ်တော်တွေကို ပီပီပြင်ပြင် လေ့လာကြစမ်းပါ၊ ဂုဏ်တော်တွေကို သိမှ ဘုရားကို မြင်လာပါမယ်၊ ဘုရားမြင်မှလည်း တရားကို မြင်ပါမယ်၊ အခု တရား မမြင်ကြလို့, တရားလက်ကိုင် မရှိကြလို့ တရားလက်လွတ်ဖြစ်ကြရတာပေါ့"တဲ့။

ဘုရားသားတော်တစ်ပါးအဖြစ် ခံယူထားတဲ့ ဦးဩဘာသကတော့ ဘုရားဂုဏ်တော်တွေကို လူဝတ်ကြောင်တွေထက် ပိုပြီး လေ့လာထားရပါမယ်၊ ဘုရားဂုဏ်တော်တွေကို သွားရင်း, ရပ်ရင်း, ထိုင်ရင်း, လျောင်းရင်း အာရုံပြု ကြည်ညို

www.dhammaransi.com



နိုင်အောင် ကြိုးစားလေ့ကျင့်သင့်ပါတယ်၊ ဘုရားကို ကြည်ညို လေလေ ဘုရားစကားကို နားထောင်လိုက်နာလေလေ ဖြစ် လာပါမယ်၊ ဘုရားစကားတော်အဆုံးအမတွေကို လိုက်နာမှ လည်း ဘုရားသားတော်အစစ် ဖြစ်နိုင်ပါလိမ့်မယ်။

www.dhammaransi.com



ဦးဩဘာသ. . . ဒကာ, ဒကာမတွေနဲ့ ဆက်ဆံတဲ့ အခါ ဆွာ ဘတ္တိ မဖြစ်အောင် တပည့်တော်တို့ သာသနာ့ ဝန်ထမ်း, ရှင်, ရဟန်းတွေဟာ သတိထားကြရပါမယ်၊ တည် တည်ကြည်ကြည်နဲ့ ဆက်ဆံကြရပါမယ်၊ ဒကာ, ဒကာမတွေ ထံက တစ်ခုခု ရလိုတဲ့ လောဘနဲ့ မဆက်ဆံဖို့ လိုပါတယ်၊ လောဘ ပါလာရင် မျက်နှာချိုသွေးပါတော့မယ်၊ ဒကာ, ဒကာမတွေကို မျက်နှာချိုသွေးတာဟာ ခွေးအမြီးနန့်တာနဲ့ တူ ပါတယ်၊ ဒကာ, ဒကာမတွေအပေါ် မေတ္တာ, ကရုဏာနဲ့ ဆက်ဆံရပါတယ်၊ မျက်နှာချိုလည်း မသွေး, စကားလည်း မချွဲမှ ရဟန်းကောင်း ရှိပါမယ်။

ဦးဩဘာသ. . . ရေတွင်းပျက်တွေကို တွေ့ဖူးမှာပါ၊ ရေတွင်းတစ်တွင်းမှာ ရေကောင်းရေသန့်တွေ ရှိတယ်၊ ဒါပေ မယ့် အဲဒီရေတွင်းမှာ ခါးမှိုက ပျက်စီးယိုယွင်းဆွေးမြေ့နေ တယ်၊ အဲဒီရေတွင်းက ရေကောင်းရေသန့်တွေကို သောက်သုံး လိုတဲ့ ပုဂ္ဂိုလ်ဟာ ဆွေးမြေ့နေတဲ့ ခါးမှိုကို တအား မှီပြီး ခပ် ရင် ရေတွင်းထဲ လိမ့်ကျသွားလိမ့်မယ်၊ ရေတွင်းထဲ လိမ့်ကျ မသွားအောင် ခပ်ရို့ရို့လေးနဲ့ ခပ်ယူရတယ်။

www.dhammaransi.com



"ပေတိုး"ဆိုတဲ့ ကပ္ပိယကြီးတစ်ယောက် ရှိသတဲ့၊ အဲဒီဘုန်းကြီးကျောင်းက ဆရာတော်က ဆွမ်းကောင်း, ဟင်းကောင်းတွေကို စားသောက်ပြီးတိုင်း "ဒုက္ခ၊ ဒုက္ခ"လို့ ငြီးတွားလေ့ရှိသတဲ့၊ ကပ္ပိယပေတိုးက ဆရာတော်ရဲ့ အဲဒီငြီးတွားသံကို တစ်နေ့မက, နှစ်နေ့မက အခါခါ ကြားနေရတော့ အထက်က ပြောခဲ့တဲ့ စကားလေးကို ပြောသတဲ့၊ "ဒီလိုဒုက္ခများတော့ ပေတိုးတို့ ခံချင်စမ်းပါဘိ"တဲ့။

"နာမည် ကြီးလာရင် ဟိုက လာ, ဒီက လာနဲ့ တော်တော် ဒုက္ခ များတယ်"လို့ မဟာဂန္ဓာရုံဆရာတော်ကြီးက မိန့်ထားတာမို့ အဲဒီစကားကို ဖတ်ရတဲ့အခါ "ဒီလို ဒုက္ခများတော့ ဩဘာသတို့ ခံချင်စမ်းပါဘိ"လို့ ပြောချင်နေမလား၊ နာမည်ကြီးလို့ ဖြစ်ပေါ်လာတဲ့ ဒုက္ခတွေကို ကိုယ်တွေ့ မရင်ဆိုင်, မကြုံတွေ့ရသေးရင်တော့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စကားကို နားလည်ချင်မှ နားလည်ပါလိမ့်မယ်၊ မဟာပုညော မဟာဒုက္ခော- ဘုန်း သိပ်ကြီးရင် ဒုက္ခ သိပ်ကြီးတယ်-တဲ့၊ ပရိသတ်တွေ ဝင်လာမစဲ တဖွဲဖွဲ ဖြစ်နေကြတဲ့ ဆရာတော်ကြီးတွေကို ဦးဩဘာသ တွေ့ဖူးပါလိမ့်မယ်။

www.dhammaransi.com



ပရိသတ်တွေ ဝိုင်းဝိုင်းလည်နေတဲ့ ဆရာတော်ကြီးတွေမှာ ပင်ပန်းလှပါတယ်၊ အဲဒီလို ပရိသတ်တွေ ဝိုင်းဝိုင်းလည်နေတာကိုပဲ သာယာနေရင်တော့ ပင်ပန်းဆင်းရဲတယ်လို့ ထင်နိုင်မယ် မဟုတ်ဘူး၊ ကျင်ကြီး, ကျင်ငယ် စွန့်ရာမှာတောင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စွန့်ရရင် ကောင်းတယ်-တဲ့၊ ဘေးမှာ လူရှိရင် လွတ်လွတ်လပ်လပ် မစွန့်နိုင်ဘူး၊ ပရိသတ်တွေ ဝိုင်းဝိုင်းလည်နေတဲ့ ဆရာတော်ကြီးတွေမှာ ဘယ်မှာ လွတ်လွတ်လပ်လပ် ရှိတော့မလဲ။

မဟာဂန္ဓာရုံဆရာတော်ကြီးဟာ နာမည် အင်မတန်ကြီးပါတယ်၊ သူလည်း နာမည်မကြီးခင်တော့ နာမည်ကြီးချင်တာ ရှိချင် ရှိပါလိမ့်မယ်၊ သူ အလုပ် တကယ်လုပ်လို့ နာမည်ကြီးလာတဲ့အခါမှာတော့ နာမည်ကြီးလို့ ရလာတဲ့ ဒုက္ခတွေကို သူကိုယ်တိုင် တွေ့ကြုံပါလိမ့်မယ်၊ ဒါကြောင့် သူ့တပည့်တွေကို နာမည်ကြီးအောင် မလုပ်ကြဖို့ မိန့်တော်မူတာ ဖြစ်ပါလိမ့်မယ်၊ နာမည်ကြီးတာနဲ့ တစ်ပါတည်း ဒုက္ခဟာ တွဲကပ်လျက်ပါလာတတ်တာမို့ နာမည်ကြီးလာရင် ပရိသတ်ကြောင့် ဒုက္ခရင်ဆိုင်ရပါလိမ့်မယ်။

www.dhammaransi.com



တချို့ နာမည်ကြီးတဲ့ ဆရာတော်ကြီးတွေက ပရိသတ် အလို လိုက်လွန်းလို့ အသက်မတိုသင့်ဘဲနဲ့ တိုသွားကြရပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးမှာတော့ ပရိသတ်အလို မလိုက်တာကို တွေ့ရပါတယ်၊ ဆွမ်းစားပင့်, ပရိတ်ရွတ်, အလှူပွဲစတဲ့ ကိစ္စတွေမှာ လိုက်လေ့မရှိဘူး၊ သူ့ထံ ပရိသတ် လာရင်လည်း ကြာကြာ လက်ခံပြီး စကားပြောလေ့ မရှိဘူး၊ "ကဲ- ဘယ်က လာကြလဲ၊ ငါးပါးသီလ လုံအောင် နေကြ"လို့ သာ မိန့်ပြီး ပြန်လွှတ်လေ့ရှိတယ်၊ မဟာစည်ဆရာတော်ကြီး လည်း ပရိသတ်ကို ကြာကြာလက်ခံ စကားပြောလေ့ မရှိဘူး-တဲ့၊ နိုင်ငံ့ခေါင်းဆောင် လာရင်လည်း စကားတစ်ခွန်း နှစ်ခွန်း လောက်ပဲ ပြောသတဲ့၊ ပြီးရင် သူ့အလုပ် သူ ဆက်လုပ်နေလေ့ ရှိသတဲ့။

သာသနာ့ထိပ်ခေါင်တင် ဒီလို ဆရာတော်ကြီးတွေဟာ အလွန်ပဲ ကြည်ညိုအားကျစရာ ကောင်းလှပါတယ်၊ ပရိသတ် ထက် ကိုယ့်အလုပ်ကို ဦးစားပေးတဲ့ ဆရာတော်ကြီးတွေဟာ သာသနာမှာ အရေအတွက် များချင်မှ များပါလိမ့်မယ်၊ ပရိသတ်တွေ များသည်ထက် များလာအောင် ကြိုးစားနေကြ ရင်တော့ ဒုက္ခကို လက်ယပ်ခေါ်နေတာနဲ့ တူနေပါလိမ့်မယ်၊

www.dhammaransi.com



ဒုက္ခကို သုခလို့ ထင်နေကြသူတို့အဖို့တော့ ပင်ပန်းတယ်လို့ ယူဆမှာ မဟုတ်ပါဘူး၊ နာမည်ကြီးလာရင် ချမ်းသာမယ်လို့ ထင်ကြသူတွေထဲမှာ ဥုးဩဘာသ မပါအောင် ကြိုးစားရပါမယ်၊ ဥုးဩဘာသလည်း နာမည်ကြီးလာမယ်ဆိုရင် ဥုးဩ-ဘာသကို ကြိုဆိုနေမယ့် အရာတွေကတော့ ပရိသတ်နဲ့ ဒုက္ခပါပဲ၊ ပရိသတ် များရင် များသလောက် ဒုက္ခကလည်း များလာတတ်ပါတယ်၊ ပရိသတ်များလို့ ဒုက္ခများနေတဲ့ နာမည်ကြီးဆရာတော်ကြီးတွေကို ကြည့်ပြီး တပည့်တော်မှာ သံဝေဂ ရမိသလို သနားလည်း သနားမိပါတယ်။

www.dhammaransi.com



## အောင်နိုင်သူ

"သူတစ်ပါးရဲ့ လှေကွဲကို ဖာထေးပေးနိုင်ပါလျက် ကိုယ့်လှေကျမှ မဖာနိုင်ရင် ရေလယ်မှာ နစ်ရလိမ့်မယ်" တဲ့။

ဦးဩဘာသ. . မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အထက်ပါ ဩဝါဒစကားလေးရဲ့ အဓိပ္ပာယ်ကို နားလည်လောက်မယ် ထင်ပါတယ်၊ သူတစ်ပါးကို လိမ်မာအောင် ဆုံးမနိုင်ပါလျက် ကိုယ့်ကိုယ်ကို လိမ်မာအောင် မဆုံးမနိုင်ရင် သံသရာရေယဉ် ကြောမှာ နစ်မျောရလိမ့်မယ်လို့ ဆိုလိုပါတယ်၊ သူတစ်ပါး အနာကို ပျောက်အောင် ကုသပေးနိုင်ပါလျက် ကိုယ့်အနာကို ပျောက်အောင် မကုနိုင်ရင်တော့ မကောင်းဘူးပေါ့၊ သူတစ်ပါး

www.dhammaransi.com



ကို ဒါနပြုအောင် ဟောနိုင်ပြီး ကိုယ်ကိုယ်တိုင် ဒါန မပြုနိုင်သေးရင် မကောင်းသေးဘူး၊ သူတစ်ပါးကို သီလ ဆောက်တည်ချင်အောင် ဟောနိုင်ပေမယ့် ကိုယ်ကိုယ်တိုင်ကတော့ သီလ မရှိဘူးဆိုရင် မကောင်းသေးဘူး၊ သူတစ်ပါးကို ဘာဝနာ အားထုတ်အောင် ဟောနိုင်ပေမယ့် ကိုယ်ကိုယ်တိုင် ဘာဝနာအလုပ် အားမထုတ်နိုင်သေးဘူးဆိုရင် မကောင်းသေးဘူး။

ဉူးသြဘာသ. . . လောကလူတွေဟာ သူတစ်ပါးကို သာ ဆရာ လုပ်ချင်ကြတာ၊ ကိုယ့်ကိုယ်ကိုတော့ ဆရာ မလုပ်ချင်ကြဘူး၊ ကိုယ့်ကိုယ်ကို ဆရာ ပြန်လုပ်နိုင်ရင် သိပ်ကောင်းမှာပဲ၊ လူတွေဟာ ကိုယ့်ကိုယ်ကို ညာချင်ကြတယ်၊ ကိုယ့်မှာ အပြစ်ရှိရင် ဖော့တွက်ချင်ကြတယ်၊ ကိုယ့်ဘဝထဲက အနှစ်သာရကို ရအောင် ထုတ်ယူနိုင်သူတွေကတော့ ကိုယ့်ကိုယ်ကို မညာကြဘူး၊ ကိုယ့်မှာ အပြစ်ရှိရင်လည်း ဖော့မတွက်တတ်ကြဘူး၊ ပညာရှိတွေဟာ ကိုယ့်ဘဝထဲက သီလအနှစ်သာရ, သမာဓိအနှစ်သာရ, ပညာအနှစ်သာရ ရရေးအတွက် ကိုယ်နဲ့ အသက်ကိုတောင် မငဲ့ကွက်ကြဘူး။

www.dhammaransi.com



လောကမှာ တချို့ပုဂ္ဂိုလ်တွေက သူတစ်ပါးကိုတော့ ဆုံးမကြတယ်၊ ကိုယ့်ကိုယ်ကိုတော့ မဆုံးမကြဘူး၊ တချို့ ပုဂ္ဂိုလ်တွေက ကိုယ့်ကိုယ်ကိုတော့ ဆုံးမကြတယ်၊ သူတစ်ပါး ကိုတော့ မဆုံးမကြဘူး၊ တချို့ပုဂ္ဂိုလ်တွေက ကိုယ့်ကိုယ်ကို လည်း မဆုံးမဘူး၊ သူတစ်ပါးကိုလည်း မဆုံးမဘူး၊ တချို့ ပုဂ္ဂိုလ်တွေက ကိုယ့်ကိုယ်ကိုလည်း ဆုံးမကြတယ်၊ သူတစ်ပါး ကိုလည်း ဆုံးမကြတယ်။

ဉာဏ်ဩဘာသဟာ အဲဒီပုဂ္ဂိုလ်(၄)ယောက်ထဲက ဘယ် ပုဂ္ဂိုလ်အမျိုးအစားထဲမှာ ပါဝင်ပါသလဲ၊ ကိုယ့်ကိုယ်ကို ဆုံးမ နိုင်သူက လောကမှာ ရှားပါတယ်၊ ကိုယ့်ကိုယ်ကိုရော, သူ တစ်ပါးကိုပါ ဆုံးမနိုင်သူကတော့ အရှားပါးဆုံးပေါ့၊ ကိုယ့် ကိုယ်ကိုလည်း မဆုံးမ, သူတစ်ပါးကိုလည်း မဆုံးမတဲ့သူထက် ကိုယ့်ကိုယ်ကို မဆုံးမနိုင်ပေမယ့် သူတစ်ပါးကို ဆုံးမနိုင်သူက တော်ပါသေးတယ်။

ဉာဏ်ဩဘာသ. . . ကိုယ့်ဘဝ မနစ်မွန်းချင်ရင် ကိုယ့်လှေ ကို လုံအောင် ဖာဖို့ အရေးကြီးပါတယ်၊ လှေထဲမှာ ရေတွေ ဝင်နေပါလျက် လှေအပေါက် မဖာရင် မကြာခင် နစ်မွမ်းရ ပါလိမ့်မယ်၊ ကိုယ်သွားလိုရာ တစ်ဖက်ကမ်းဆိုတဲ့ ပန်းတိုင်

www.dhammaransi.com



မရောက်သေးသရွေ့ ကိုယ့်လှေကို လုံအောင် ဖာပေးပါ၊ အခု ဥုးသြဘာသရဲ့ လှေမှာ အပေါက် ရှိနေလား၊ အပေါက်ကို တွေ့လျှင် တွေ့ချင်း ဖာပေးမှနော်၊ နောင်မှ ဖာမယ်ဆိုပြီး အကြွေးထားလိုက်ရင် နစ်ရမှာ သေချာတယ်။

လောကမှာ သူတစ်ပါးကို အောင်နိုင်တဲ့သူတွေဟာ မရှားပါးပေမယ့် ကိုယ့်ကိုယ်ကို အောင်နိုင်သူကတော့ အရှား တကာ့ အရှားဆုံးပါပဲ၊ ဥုးသြဘာသဟာ ကိုယ့်ကိုယ်ကို အောင်နိုင်သူလား, ရှုံးသူလား၊ ကိုယ့်ကိုယ်ကို ရှုံးသူ မဖြစ်ဘဲ အောင်နိုင်သူ ဖြစ်အောင် ကြိုးစားရပါမယ်၊ ကိုယ့်သန္တာန်မှာ လောဘသူပုန်, ဒေါသသူပုန်, မာန်မာနသူပုန်, ဣဿာသူပုန်, မစ္ဆရိယသူပုန် ထကြွသောင်းကြမ်းလာတဲ့အခါ နိုင်အောင် ဥုးသြဘာသ တိုက်ဖူးပါသလား၊ အဲဒီသူပုန်တွေ သောင်းကြမ်း လာတဲ့အခါ နိုင်အောင် နှိမ်နင်းနိုင်ရင်တော့ ဥုးသြဘာသဟာ ကိုယ့်ကိုယ်ကို အောင်နိုင်သူ ဖြစ်သွားတာပါပဲ၊ အဲဒီသူပုန်တွေ ထံ လက်မမြှောက်, ဒူးမထောက်, အညံ့မခံဘဲ အောင်နိုင် အောင် တိုက်ခိုက်ရပါမယ်၊ အဲဒီသူပုန်တွေကို နိုင်အောင် တိုက်နိုင်မှ ဥုးသြဘာသရဲ့ ဘဝဟာ အောင်မြင်တဲ့ ဘဝ ဖြစ် လာပါလိမ့်မယ်။

www.dhammaransi.com



## ရှင် ချောင် သေ ကြပ်

"ကိုယ်တော်တို့ကတော့ ဘာမှ မတွေးကြဘူး၊ ကိုယ့်ကိုယ်ကိုလည်း တွေးပေးရတယ်၊ ဘုန်းကြီး ဝတ်နေတာက ဝတ်လို့ ကောင်းလို့ မဟုတ်ဘူး၊ တကယ့်ကို ပါရမီတွေ ဖြည့်ချင်လို့၊ ကုသိုလ်တွေ ရချင်လို့၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရအောင်လို့ သူများထက် ထူးပြီး ဘုန်းကြီးဝတ်နေတာ" တဲ့။

မဟာဂန္ဓာရုံဆရာတော်ကြီးက ဘုန်းကြီး ဝတ်ကြသူတွေမှာ ရည်ရွယ်ချက်ထားဖို့ အမိန့်ရှိထားတယ်၊ "ဘုန်းကြီးဆိုတာ ပါရမီ ဖြည့်ရမယ်၊ ကုသိုလ်ရအောင် လုပ်ရမယ်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရအောင် လုပ်ရမယ်"တဲ့၊ ဦးဩဘာသကလည်း ဘုန်းကြီးပီပီ နေချင်ရင်တော့ ပါရမီ ဖြည့်ဖို့ လိုမယ်၊ ကုသိုလ် ရအောင် လုပ်ဖို့ လိုမယ်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရအောင် ကြိုးစားဖို့

www.dhammaransi.com



လိုမယ်၊ ဉူးသြဘာသလိုပဲ တပည့်တော်လည်း လုပ်ဖို့ လိုတာပါပဲ၊ ဉူးသြဘာသနဲ့ တပည့်တော်တို့တင်မက ဘုရားတပည့် အားလုံး လုပ်ဖို့ လိုပါတယ်။

ဘုန်းကြီးဘဝနဲ့ ပါရမီ၊ ဘုန်းကြီးဘဝနဲ့ ကုသိုလ်၊ ဘုန်းကြီးဘဝနဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်တွေဟာ အမြဲတွဲဖက်နေရမယ့် အရာတွေ ဖြစ်ပါတယ်၊ ပါရမီ မဖြည့်တဲ့ ဘုန်းကြီးဘဝ, ကုသိုလ် မရတဲ့ ဘုန်းကြီးဘဝ, မဂ် ဖိုလ် နိဗ္ဗာန်နဲ့ ဝေးတဲ့ ဘုန်းကြီးဘဝဟာ အနှစ်သာရ ကင်းမဲ့တဲ့ ဘဝ ဖြစ်နေပါတယ်၊ ဘုန်းကြီးဘဝရဲ့ အနှစ်သာရဟာ ပါရမီပဲ၊ ကုသိုလ်ပဲ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ပဲ။

ဉူးသြဘာသဟာ ပါရမီ မဖြည့်ရင်, ကုသိုလ် မရရင်, မဂ်, ဖိုလ်, နိဗ္ဗာန် ရအောင် မကြိုးစားရင် အနှစ်သာရ ကင်းမဲ့တဲ့ ဘုန်းကြီး ဖြစ်နေပြီ၊ သီလ မရှိတဲ့ ဘုန်းကြီးဟာ အသက်သေနေတဲ့ သူနဲ့ တူတယ်၊ ဝိနည်းဟာ သာသနာတော်ရဲ့ အသက်-တဲ့၊ သီလ မရှိတဲ့ ဘုန်းကြီးမှာ သီလသာသနာ အသက်သေနေတယ်၊ ဘုန်းကြီးဆိုတာ သီလရှိရုံနဲ့လည်း ပြည့်စုံသေးတာ မဟုတ်ဘူး၊ သီလဘုန်းကြီး ဖြစ်တဲ့အပြင် သမာဓိဘုန်းကြီး ဖြစ်ဖို့လည်း လိုသေးတယ်၊ သီလဘုန်းကြီး

www.dhammaransi.com



ဖြစ်ရင် ကိုယ်, နှုတ် ကြည်ညိုဖွယ် ဖြစ်သွားပြီ၊ သမာဓိ ဘုန်းကြီး ဖြစ်ရင်တော့ ကိုယ်, နှုတ်အပြင် စိတ်ပါ ကြည်ညိုဖွယ် ဖြစ်သွားပြီ၊ သီလဘုန်းကြီး, သမာဓိဘုန်းကြီး ဖြစ်ရုံနဲ့ လည်း မပြီးသေးဘူး၊ ပညာ ဘုန်းကြီးလည်း ဖြစ်ဖို့ လိုသေး တယ်၊ သီလ, သမာဓိ, ပညာ အကျင့် (၃)မျိုးလုံး ရှိပြီဆိုရင် တော့ ပြည့်စုံတဲ့ ဘုန်းကြီး ဖြစ်ပါပြီ။

ဥုးဩဘာသ- တပည့်တော်တို့ သံဃာတွေဟာ သီလ တောင်မှ မရှိဖူး-ဆိုရင် အလွန်ပဲ ကြောက်စရာ ကောင်းလှပါ တယ်၊ သီလမရှိတဲ့ သံဃာ ဝတ်ထားတဲ့ အဝတ်တွေဟာ ရဲရဲ တောက်ပူလောင်နေတဲ့ သံပြားကြီးနဲ့ တူလှပါတယ်၊ စားရတဲ့ ဆွမ်းတွေက ရဲရဲတောက် သံတွေခဲတွေနဲ့ တူလှပါတယ်၊ နေရာကျောင်းက ရဲရဲတောက် သံလှောင်အိမ်ကြီးနဲ့ တူလှပါ တယ်၊ သီလမရှိတဲ့ သံဃာကို ဒကာ, ဒကာမတွေ ချီနေတဲ့ လက်အုပ်တွေဟာ ဝိုင်းပြီး ထိုးနေကြတဲ့ လှံတွေနဲ့ တူလှပါ တယ်-တဲ့။

သီလဘုန်းကြီးတောင် မဖြစ်နိုင်ဘူး-ဆိုရင် ဘုန်းကြီး လုပ်ရတာ နောင်ဘဝသံသရာမှာ ကြောက်စရာ ကောင်းလှပါ

10B&B

www.dhammaransi.com



တယ်၊ သာသနာမှာ ဝိနည်းနဲ့အညီ မနေနိုင်ရင် လူထွက်ကြဖို့ မဟာဂန္ဓာရုံဆရာတော်ကြီးက သူ့တပည့်သံဃာတွေကို မကြာခဏ မိန့်လေ့ရှိပါတယ်၊ ကာမချမ်းသာကို လက်လွှတ်ဆုံးရှုံးခဲ့ပြီး ရဟန်းဝတ်, ရှင်ဝတ်လာကြသူတွေဟာ ရဟန်းချမ်းသာကို (ကိလေသာငြိမ်းချမ်းသာကို) မခံစား, မရရှိရင်တော့ နှစ်ခါရှုံး ရှုံးရပါလိမ့်မယ်။

သီလပါရမီလောက်တောင် မဖြည့်နိုင်ရင်, သီလကုသိုလ်လောက်တောင် မယူနိုင်ရင် နောင်ဘဝသံသရာမှာ အကြပ်တွေ့ရပါလိမ့်မယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီး မိန့်ထားတဲ့ ဩဝါဒစကားတစ်ခွန်း ရှိပါတယ်။

"ရှင် ချောင် သေ ကြပ်၊ ရှင် ကြပ် သေ ချောင်" တဲ့၊ ဒီဘဝ အသက်ရှင်တုန်း အချောင်ခိုပြီး ပေါ့ပေါ့နေကြရင် သေတဲ့အခါ အကြပ်တွေ့မယ်၊ ဒီဘဝ အသက်ရှင်တုန်း ကိုယ်ကျင့်သီလ, စာရိတ္တတွေနဲ့ ကြပ်ကြပ်တင်းတင်း နေထားလိုက်ရင် သေတဲ့အခါကျတော့ ချောင်မယ်၊ ဒီဘဝ မကြပ်ရင် နောင်ဘဝ ကြပ်သွားမယ်"တဲ့။

ဦးဩဘာသ- နောင်ဘဝသံသရာမှာ ချောင်ဖို့ရာ မသေခင် တပည့်တော်တို့ တတွေ အချောင်ခိုပြီး ပေါ့ပေါ့ မနေ

www.dhammaransi.com



မိကြဖို့ အရေးကြီးလှပါတယ်၊ ချောင်ရင်တော့ ကြပ်ပါလိမ့်မယ်၊ ကြပ်ရင်တော့ ချောင်ပါလိမ့်မယ်၊ သံသရာမှာ မကြပ်ရအောင် ယခုဘဝ ကြပ်ကြပ် နေထားနိုင်မှ ဖြစ်ပါမယ်။

www.dhammaransi.com



## ပန်း

"လူ လူ, ဘုန်းကြီး ဘုန်းကြီး အရှည်ကို မျှော်ရပါတယ်၊ ဘဝပဒေသာပန်းခြံကြီးနဲ့ တူတဲ့ လူ့ဘဝကို ပစ်မထားကြပါနဲ့၊ ကိုယ် စိုက်ထားတဲ့ ပန်းခြံကြီးထဲက ကိုယ်လိုချင်တဲ့ ပန်းကို ခူးပြီး မလိုချင်တာ မကောင်းရာကို ထားခဲ့သလို လောကီအာရုံကာမဂုဏ်တွေကို ဖယ်ထားခဲ့ပြီး ပါရမီပန်းတွေကို နေ့စဉ်လှလှ ပန်ဆင်သွားကြဖို့ပါပဲ၊ ဘုရားအလောင်းတော်ဟာ ဘဝပါရမီပန်းတွေကို ဆင်မြန်းပြီး လာခဲ့တယ်၊ ဒါကို အတုယူကြစမ်းပါ"တဲ့။

ဦးသြဘာသ. . မဟာဂန္ဓာရုံဆရာတော်ကြီးက အရှည်ကို မျှော်ရမယ်လို့ ဆုံးမထားတယ်၊ သံသရာအရှည်ကြီးကို မျှော်မကြည့်ဘဲ ဒီတစ်ဘဝတာလေးကိုပဲ လူတွေရော ဘုန်းကြီးတွေပါ ကြည့်နေတတ်ကြပါတယ်၊ ဒီတစ်ဘဝ ချမ်းသာရေး

www.dhammaransi.com



လေးကို ကြည့်ကာ မကောင်းမှုတွေကို လုပ်တတ်ကြပါတယ်၊ လူ့ဘဝဟာ ဘဝပဒေသာပန်းခြံကြီးနဲ့ တူသတဲ့၊ လူ့ဘဝမှာ ဒါနပန်းကို ခူးချင်လည်း ခူးလို့ ရတယ်၊ သီလပန်းကို ခူးချင်လည်း ခူးလို့ ရတယ်၊ ဘာဝနာပန်းကို ခူးချင်လည်း ခူးလို့ ရတယ်၊ ဘယ် ပါရမီပန်းကို ခူးချင်သလဲ၊ ခူးချင်ရာ ခူးလို့ ရတယ်၊ ပါရမီပန်းတွေကို နေ့စဉ် ခူးပြီး နေ့စဉ် ပန်ဆင်နိုင်အောင် ကြိုးစားရပါမယ်၊ ပန်းခြံကြီးထဲ ပန်းခူးဖို့ မေ့နေကြသူတွေကို မမေ့အောင် မဟာဂန္ဓာရုံဆရာတော်ကြီးက ဆုံးမထားပါတယ်။

ပန်းခြံကြီးထဲက အဆိပ်ပန်းတွေကိုတော့ မခူးမိဖို့ လိုပါတယ်၊ လောကီအာရုံ ကာမဂုဏ်တွေဟာ အဆိပ်ပန်းနဲ့ တူပါတယ်၊ အဆိပ်ပန်းကို နမ်းရှူမိရင် နမ်းရှူမိသူကို အဆိပ်ပန်းက ဒုက္ခပေးတတ်ပါတယ်၊ ကာမဂုဏ်အာရုံတွေဟာလည်း သုံးဆောင်သူကို ဒုက္ခပေးတတ်ပါတယ်၊ ရိုးရိုးအဆိပ်ပန်းထက် ကာမဂုဏ်အာရုံ အဆိပ်ပန်းတွေက ပိုပြီး ကြောက်စရာကောင်းပါတယ်၊ ရိုးရိုးအဆိပ်ပန်းက ဒုက္ခပေးရင် တစ်ဘဝပဲ ဒုက္ခပေးနိုင်ပါတယ်၊ **ကာမဂုဏ်အာရုံအဆိပ်ပန်းကတော့ ဒီတစ်ဘဝမကပဲ ဘဝပေါင်းများစွာ ဒုက္ခပေးနိုင်ပါတယ်၊** ဒု-သ-

www.dhammaransi.com



န-သောလို့ နာမည်ကြီးတဲ့ သူဌေးသား (၄)ယောက်ဟာ ကာမဂုဏ်အဆိပ်ပန်းကို နမ်းရှူမိလို့ ငရဲမှာ အကြာကြီး ဒုက္ခ ခံစားရပါတယ်၊ အဲဒီသူဌေးသား (၄)ယောက်လို ဘဝတူ သတ္တဝါတွေဟာလည်း လောကကြီးအတွင်းမှာ မရေမတွက် နိုင်အောင်ပင် များလှပါတယ်၊ ကာမဂုဏ်အဆိပ်ပန်းရဲ့ ဆိုး ကျိုးတွေကို ခံစားရတဲ့အခါ သူဌေးသား (၄)ယောက်မှာ နောင်တရကြပါတယ်။

ဦးသြဘာသ. . . တပည့်တော်တို့ရဲ့ ဘဝပဒေသာပန်းခြံ ကြီးထဲက အဆိပ်ပန်းတွေကိုတော့ မနမ်းရှူမိအောင် အထူး သတိထား ရှောင်ရမယ်နော်၊ ပါရမီပန်းတွေကို စုံနိုင်သမျှ စုံ နေအောင် ကြိုးစားခူးရမယ်၊ ပန်ဆင်ရမယ်၊ တပည့်တော်တို့ မှာ အားကျအတုယူစရာ ပုဂ္ဂိုလ်ကြီး ရှိနေပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးကတော့ ဘုရားလောင်းပါပဲ၊ ဘုရားအလောင်းတော် ကတော့ အင်မတန် မွှေးပြီး အင်မတန် လှပတဲ့ အဆိပ်ပန်း တွေကိုတောင် ဘဝပေါင်းများစွာ ရှောင်တော်မူခဲ့တယ်၊ အဲဒီ လို ကာမဂုဏ်အာရုံအဆိပ်ပန်းတွေကို တံတွေးပေါက်ပမာ စွန့်တော်မူခဲ့ပါတယ်၊ တံတွေးပေါက်ပမာ စွန့်တော်မူပုံတွေကို

www.dhammaransi.com



အာရုံပြုလိုက်ရင် ဘုရားလောင်းတော်ရဲ့ စိတ်ထားဟာ အင်မတန်ပဲ ကြည်ညိုစရာ, လေးစားစရာ, အားကျစရာ, အတုယူစရာ ကောင်းလှပါတယ်။

ဘုရားအလောင်းတော်ဟာ ပါရမီပန်းတွေကို လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာအောင် ဆွတ်ခူးပန်ဆင်ခဲ့တာကို ဥုးဩဘာသလည်း သိပြီးသားပါပဲ၊ ဘုရားအလောင်းတော်ကို အားကျအတုယူပြီး နေ့စဉ် ပါရမီပန်းတွေကို ဆွတ်ခူးပန်ဆင်နိုင်အောင် ကြိုးစားကြရပါမယ်၊ တပည့်တော်တို့ဘဝပဒေသာပန်းခြံကြီးထဲမှာ ပါရမီပန်းတွေ ဝေနေအောင် ပြုလုပ်ကြရပါမယ်၊ တပည့်တော်တို့ရဲ့ ဘဝပဒေသာမှာ ဘယ်လိုပါရမီပန်းတွေကို ဆွတ်ခူး ပန်ဆင်ဖူးပြီလဲ? ဘယ်လောက်ဆွတ်ခူး ပန်ဆင်ဖူးသလဲ? တပည့်တော်တို့ဘဝဟာ ဘယ်လောက် လှပနေပြီလဲ? တပည့်တော်တို့ဘဝကို အထက်ပါမေးခွန်းတွေ အခါခါ မေးကာ လှပလာအောင် ကြိုးစားသင့်ကြပါတယ်။

သူဌေး ဖြစ်လိုသူဟာ ပိုက်ဆံ ရဖို့, စုဆောင်းဖို့သာအချိန်ရှိသမျှ ကြိုးစားသလို, ပညာတတ်လိုသူဟာ ပညာရဖို့

www.dhammaransi.com



သာ အချိန် ရှိသမျှ ကြိုးစားသလို ပါရမီပန်းတွေနဲ့ ဝေဆာနေပြီး လှပတဲ့ ဘဝကို ဖန်တီးလိုသူဟာ ပါရမီပန်းတွေကို တစ်ပွင့်ပြီး တစ်ပွင့် များသည်ထက် များလာအောင် ကြိုးစားဆွတ်ခူးရပါမယ်၊ ပါရမီပန်းတွေနဲ့ ဝေနေအောင် ကြိုးစားကြရပါမယ်။

www.dhammaransi.com



## သိပ်ကောင်းမှာပဲ

အိပ်ရာဝင်သော် သတိရလို့ ဗုဒ္ဓ ဓမ္မ သံဃာရယ်၊
ကိုးကွယ်ပါတယ် စိတ်မှာ ညွတ်လို့
နှုတ်ပါ တွတ်တွတ် ရွတ်ရတယ်၊
အိပ်ရာ ထပြန် တစ်ဖန်ထပ်၍
မှန်မှန် မပြတ် ရွတ်ပါကွယ်၊
ဘေးအန္တရာယ် ရန်စွယ် ကင်းလို့
ကောင်းခြင်းသုခ ရလိမ့်မယ်။ ။

စာရေးသူဟာ ဘုန်းတော်ကြီးကျောင်း ပညာရေးနဲ့ စတုတ္ထတန်းကို အောင်မြင်ခဲ့ပါတယ်၊ ယခုအခါတော့ စာရေးသူတို့ရဲ့ စပါးတွင်းရွာမှာ တွဲဖက် အစိုးရမူလတန်းကျောင်း

www.dhammaransi.com



ရှိနေပါတယ်၊ အဲဒီ တွဲဖက်အစိုးရမူလတန်းကျောင်းမှာ စာရေးသူရဲ့ တစ်ဝမ်းကွဲ တူမလေး မဝင်းမာကြည်ဟာ စာသင်ပြပေးနေတဲ့ ကျောင်းဆရာမလေး ဖြစ်နေပါတယ်၊ စာရေးသူတို့ရဲ့ စပါးတွင်းရွာလေးမှာ တက္ကသိုလ်ဘွဲ့ ရထားတဲ့သူဟာ မဝင်းမာကြည်တစ်ယောက်ပဲ ရှိပါတယ်၊ မဝင်းမာကြည်ရဲ့ အစ်ကို မောင်ဝင်းမြင့်ကတော့ စပါးတွင်းရွာရဲ့ ပထမဆုံးသော တက္ကသိုလ်ဘွဲ့ရတစ်ဦးပါ၊ ယခုအခါ မောင်ဝင်းမြင့်က ကွယ်လွန်သွားပြီမို့ သူ့ညီမလေး မဝင်းမာကြည်သာ စပါးတွင်းရွာရဲ့ တစ်ဦးတည်းသော တက္ကသိုလ်ဘွဲ့ ရထားသူလေး ဖြစ်နေပါတော့တယ်၊ မဝင်းမာကြည်ဟာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ (၁၃၆၀-၆၁)ခုနှစ်မှာ (၂)လ တရားအားထုတ်သွားပြီး ဉာဏ်စဉ်နာယူသွားပါတယ်၊ ကလေးတွေကို စာသင်ပေးနေတဲ့ မဝင်းမာကြည်ထံ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လက်ာလေးတွေကို ရေးပေးပြီး ရှင်းပြပေးရရင် ကောင်းမယ်လို့ တွေးမိပါတယ်၊ ဒါ့ကြောင့် အောက်ပါ စာလေးတွေကို ရေးလိုက်ပါတယ်။

www.dhammaransi.com



မဝင်းမာကြည်. . . မဝင်းမာကြည်ဟာ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကို မဖူးမျှော်ဖူးပေမယ့် မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးကိုတော့ ရောက်ဖူးချင် ရောက်ဖူးပါလိမ့် မယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးက မူလတန်းဘာသာရေး ဗုဒ္ဓဘာသာလက်စွဲကျမ်းမှာ အထက်ပါလင်္ကာလေးကို ရေးထား ပါတယ်၊ နာမည်ကြီး စာရေးဆရာကြီးရဲ့ လက်ရာ ဖြစ်တဲ့ အလျောက် အထက်ပါလင်္ကာလေးဟာ ရွတ်လို့လည်း ကောင်းတယ်၊ အဓိပ္ပာယ်လည်း ကောင်းတယ်၊ မဝင်းမာကြည် ရဲ့ တပည့်ကျောင်းသူ, ကျောင်းသားလေးတွေနဲ့တော့ အင် မတန် သင့်လျော်တဲ့ လင်္ကာလေး ဖြစ်ပါတယ်၊ မဝင်းမာ ကြည်ရဲ့ တပည့်ကျောင်းသူ, ကျောင်းသားတွေကို ဒီလင်္ကာ လေးကို ရအောင် သင်ပေးထားရင် သိပ်ကောင်းပါတယ်၊ မဝင်းမာကြည် ဒီလင်္ကာလေးကို ရဖူးလား၊ မရသေးရင် ရ အောင် ကျက်ထားပါ၊ လင်္ကာလေးရဲ့ အဓိပ္ပာယ်ကိုတော့ မဝင်းမာကြည် နားလည်လောက်ပါတယ်၊ ကလေးတွေ အိပ် ရာ ဝင်ရင် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို သတိရဖို့ ပြောပေးပါ၊ "ဘုရားကို ကိုးကွယ်ပါ၏၊ တရားတော်ကို ကိုး

www.dhammaransi.com



ကွယ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ပါ၏”လို့ စိတ်က ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တွေကို အာရုံပြုပြီး နှုတ်က တတွတ်တွတ် ရွတ်ဖို့ ပြောပေးပါ၊ ပါဠိဘာသာနဲ့ ရွတ်ဆိုရင်တော့ “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ”လို့ ရွတ်ဆိုရမှာပေါ့။

အိပ်ရာဝင်တဲ့အခါ ရွတ်ဖို့ ပြောပေးရသလို အိပ်ရာထတဲ့အခါမှာလည်း ရွတ်ဖို့ ပြောပေးပါ၊ မှန်မှန် ရွတ်ဖို့, မပြတ်ရွတ်ဖို့လည်း ပြောပေးပါ၊ ဘေးအန္တရာယ်ကင်းခြင်း, ကောင်းကျိုးသုခ ရခြင်းဆိုတဲ့ အကျိုးတွေ ရနိုင်ကြောင်းကိုလည်း ပြောပေးပါ၊ ထင်းခုတ်သမားရဲ့ သားလေးဇာတ်ကြောင်းကို ပြောပြရင်တော့ ကလေးတွေ ပိုပြီး စိတ်ဝင်စားကြပါလိမ့်မယ်၊ “နမော ဗုဒ္ဓဿ= ဘုရားကို ရှိခိုးပါ၏”လို့ ရွတ်ဆိုလေ့ရှိတဲ့ အဲဒီသားလေးဟာ ဘီလူးအစားခံရမယ့်ဘေးမှ လွတ်ခဲ့ရတယ်ဆိုတဲ့ ဇာတ်လမ်းလေ. .၊ မဝင်းမာကြည် ကြားဖူးပါလိမ့်မယ်၊ ပိဋကစာပေထဲက စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းလေးတွေကို ဖတ်ရှုမှတ်သားပြီး ကလေးတွေကို ပြောပေးပါ၊ ဇာတ်လမ်းလေးတွေ, ပုံပြင်လေးတွေဆိုရင် ကလေးတွေက အလွန်ပဲ ကြိုက်နှစ်သက်ကြတယ်။

www.dhammaransi.com



ဘုရားဂုဏ်တော် (၉)ပါး, တရားဂုဏ်တော် (၆)ပါး, သံဃာ့ဂုဏ်တော် (၉)ပါးကို ပါဠိလိုရော မြန်မာလိုပါ ကလေးတွေကို ရအောင် သင်ပေးထားရင် ပိုကောင်းပါတယ်၊ ဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်ကို ရှင်းပြပေးဖို့လည်း လိုပါတယ်၊ ဘုရား, တရား, သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို အဓိပ္ပာယ်ပါ နားလည်မှ ရတနာသုံးပါးကို ကြည်ညိုရတာ, ကိုးကွယ်ဆည်းကပ်ရတာ လေးနက်မှု ရှိပါတယ်၊ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို မရသေးရင် ရအောင် ကျက်ထားပါ၊ အဓိပ္ပာယ် နားမလည်သေးရင် နားလည်အောင် လုပ်ထားပါ၊ မြန်မာနိုင်ငံက စာသင်ကျောင်းတွေမှာ ဆရာ, ဆရာမတွေရော ကျောင်းသား, ကျောင်းသူတွေပါ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ပါဠိရော အနက်အဓိပ္ပာယ်ပါ ရနေကြရင် သိပ်ကောင်းမှာပဲ။

www.dhammaransi.com



## ကုသိုလ်ရေးမှို ကြိုးစားမည်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့,
အသက်ပေးလို့ ဖြည့်ခဲ့သည်၊
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့,
ငါပါ အသက်ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလို တွေးလို့, ကုသိုလ်ရေးမှို
ကြိုးစားမည်။ ။

မဝင်းမာကြည်. . . မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဒီလက်ာလေးကိုရော ရဖူးသလား၊ မရသေးရင် ကျက်ထားပါဦး၊ ဒီလက်ာလေးရဲ့ အဓိပ္ပာယ်ကိုလည်း နားလည်မှာပါ၊ ဘုရား

www.dhammaransi.com



အလောင်းတော်ဟာ ပါရမီတော်တွေကို (၄)အသင်္ချေနဲ့ ကမ္ဘာ တစ်သိန်း ကြာအောင် ဖြည့်တော်မူခဲ့ရတယ် မဟုတ်လား၊ ပါရမီ(၁၀)ပါးကို ဖြည့်ကျင့်တော်မူခဲ့ရာမှာ အသက်ပေးပြီး တော့တောင် ဖြည့်ကျင့်တော်မူခဲ့ရတယ်၊ အသက်ပေးပြီး ဖြည့် ကျင့်ခဲ့ရတဲ့ ဘဝတွေဟာလည်း ဘဝပေါင်းများစွာပါပဲ၊ လူ နတ် များစွာ ချမ်းသာရေးကို ရှေးရှုပြီး သူ့အသက်ပေးကာ ပါရမီ ဖြည့်ခဲ့တာဖြစ်တယ်၊ ဘုရားအလောင်းတော်ရဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေအပေါ်မှာ ထားရှိတဲ့ မေတ္တာ, ကရုဏာတော်ဟာ ကြီးမားလှပါတယ်၊ မွန်မြတ်လှပါတယ်၊ ဘုရားအလောင်း တော်ဟာ အဲဒီမဟာမေတ္တာ, မဟာကရုဏာတော်ကြောင့် ကိုယ်တော်ရဲ့ ကိုယ်ဆင်းရဲမှုကို လျစ်လျူရှုကာ သတ္တဝါတွေရဲ့ ချမ်းသာမှုကိုသာ အလေးပြုတော်မူပါတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီးက ဘုရားအလောင်းတော် ရဲ့ ပါရမီဖြည့်တော်မူခဲ့ပုံတွေကို အလွန်ပဲ အားကျတော်မူ တယ်၊ အများ အကျိုး သယ်ပိုးလိုတဲ့ စိတ်ထားရှိသူတိုင်းဟာ ဘုရားအလောင်းတော်ရဲ့ စိတ်ထားကို အားကျစမြဲပါပဲ၊ အများ အကျိုးအတွက် သူ့အသက်ကိုတောင် စတေးနိုင်တဲ့ ဘုရား လောင်းရဲ့ စိတ်ထားဟာ ဘယ်မှာ အားကျစရာ မဖြစ်ဘဲ

www.dhammaransi.com



ရှိမလဲ၊ အင်မတန့် အင်မတန်ကို အားကျစရာ လေးစားစရာ ကောင်းလှပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးက "ဗုဒ္ဓ မြတ်စွာ သာသနာအတွက်တော့ ငါပါ အသက်ဆုံးစေမည်" လို့ အာဂစိတ်ထား ထားရှိတော်မူတယ်၊ ဗုဒ္ဓသာသနာတော် အတွက် အသက်ပေးထားတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ သဒ္ဓါတရား၊ သတ္တိတွေကို သိရှိရတော့ မဟာဂန္ဓာရုံဆရာတော် ကြီးကို ပိုပြီး ကြည်ညိုလာမိပါတယ်၊ သာသနာတော်မှာ မဟာဂန္ဓာရုံဆရာတော်ကြီးလို အသက်ပေးနိုင်တဲ့ ဆရာတော် ကြီးတွေ ရှိကြပါလိမ့်အုံးမယ်၊ ဒါပေမယ့် များချင်မှ များပါ လိမ့်မယ်၊ များရင်တော့ အလွန်ကောင်းပေါ့။

မဝင်းမာကြည်. . . . မဟာဂန္ဓာရုံဆရာတော်ကြီးဟာ သာသနာအတွက်ရော နိုင်ငံအတွက်ရော လူမျိုးအတွက်ရော အလုပ်တွေ အများကြီး လုပ်သွားခဲ့တယ်၊ ရဟန်း၊ ရှင်၊ လူ တွေအတွက် စာအုပ်တွေ အများကြီး ရေးခဲ့တယ်၊ သူ ရေးခဲ့ တဲ့ စာအုပ်တွေကို ရဟန်း၊ ရှင်၊ လူ အများပြည်သူတွေ အလွန်ပဲ နှစ်ခြိုက်ကြတယ်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ ရတနာ့ ဂုဏ်ရည်၊ အနာဂတ်သာသနာရေး၊ ဘာသာသွေး၊ တစ်ဘဝ သံသရာ စတဲ့ စာအုပ်တွေကတော့ ရှင်၊ ရဟန်းတွေသာမက

www.dhammaransi.com



လူတွေပါ အလွန် ကြိုက်ကြတဲ့ စာအုပ်တွေပါပဲ၊ မဝင်းမာကြည် မဖတ်ဖူးသေးရင် အဲဒီစာအုပ်တွေကို ဖတ်ကြည့်ဦးလေ၊ ဖတ်ရတာ ဆွဲဆောင်အားရှိတယ်၊ ဘာသာဋီကာဆိုတဲ့ စာအုပ်ပေါင်းများစွာကတော့ သာသနာ့ဝန်ထမ်း ရှင်, ရဟန်းတွေရဲ့ တကယ့် အားကိုးအားထားရပြုရတဲ့ စာအုပ်တွေပါပဲ၊ မဟာဂန္ဓာရုံဆရာတော်ကြီးဟာ စာအုပ်တွေကို နေ့စဉ် ရေးသလို သံဃာတွေအား ဩဝါဒတွေကိုလည်း နေ့စဉ်ပဲ ပေးတော်မူတယ်။

စည်းကမ်းကောင်းပြီး သန့်ရှင်းတိတ်ဆိတ်တဲ့ နေရာမှာတော့ ခေါင်ထိပ်ကပါပဲ၊ နိုင်ငံခြားသားတွေတောင် မပြတ်သလောက်ပဲ လာရောက်လေ့လာကြတယ်၊ လာရောက်လေ့လာကြသူတိုင်းဟာ အံ့ဩ အားရကျေနပ်သွားကြတယ်၊ ဝီရိယအလွန်ကြီးမားတော်မူတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လက်သုံးစကားတစ်ခွန်း ရှိတယ်၊ အဲဒီတစ်ခွန်းက "အလုပ် လုပ်နိုင်ရင် နေမယ်၊ အလုပ် မလုပ်နိုင်ရင် သေမယ်"ဆိုတဲ့ စကားပါပဲ၊ မဟာဂန္ဓာရုံဆရာတော်ကြီးဟာ သူ့စကားနဲ့ ညီအောင်နေသွားနိုင်တယ်၊ ပျံလွန်တော်မမူမီ (၂)နာရီအလိုအထိတောင် စာချသွားသေးတယ်၊ အသက်ရှင်သမျှ အလုပ် လုပ်

www.dhammaransi.com



သွားတော်မူတယ်၊ "နောက်မဆုတ်ပေါင်၊ ခုလို တွေးလို့၊ ကုသိုလ်ရေးမို့၊ ကြိုးစားမည်"လို့ ရေးထားခဲ့တဲ့အတိုင်း ဆရာတော်ကြီးဟာ သူ့မှာ ကျန်းမာရေး ချို့ယွင်းလာမှန်း သိပါလျက်နဲ့ နောက်မဆုတ်ပဲ ကြိုးစားသွားခဲ့ပါတယ်၊ ကုသိုလ်ရေးမို့ ကြိုးစားတာနေမှာပေါ့။

မဝင်းမာကြည့် . . .
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါပါ အသက်ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလို တွေးလို့ ကုသိုလ်ရေးမို့
ကြိုးစားမည် - ဆိုတဲ့

မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လက်ာလေးအတိုင်း ကြိုးစားနိုင်ပါစေ။

www.dhammaransi.com



# ထူးခြားတဲ့ ရွာလေး

"အချင်းချင်း မေတ္တာနဲ့ နေကြ၊ ဝိုင်းဝန်းကူညီကြပါ၊ ငါးပါးသီလ လုံခြုံအောင် နေကြပါ၊ ဘုရားရှိခိုးတာလည်း ဩကာသနဲ့တင် မပြီးကြပါနဲ့၊ တကယ့် ဗုဒ္ဓအစစ်, ဘုရားအစစ်ကို မှန်းအာရုံပြုကြပါ၊ ဘုရားဂုဏ်တော်တွေကို အာရုံပြုကြပါ၊ ကမ္ဘာသူ ကမ္ဘာသား ဝေနေယျ သတ္တဝါတွေကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပေါ်စေ-လို့ အမြဲ မေတ္တာနဲ့ သစ္စာရှိရှိ နေထိုင်ကြပါ"တဲ့။

မောင်လှဝင်းဟာ စာရေးသူရဲ့ ညီတစ်ဝမ်းကွဲ ဖြစ်ပါတယ်၊ စာရေးသူရဲ့ ဇာတိ စပါးတွင်းရွာအုပ်စုမှာ လူကြီးလုပ်နေပါတယ်၊ သူဟာ အမရပူရ မဟာဂန္ဓာရုံနဲ့ မန္တလေး-မဟာမြိုင်ကျောင်းတိုက်တွေမှာ ဖိုးသူတော်ဘဝ, ကိုရင်ဘဝနဲ့ ပိဋက

www.dhammaransi.com



စာပေတွေကို သင်ယူခဲ့ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီး စတဲ့ ဆရာသမားတွေထံက အဆုံးအမကောင်းတွေကို ရခဲ့ပါတယ်၊ ဒါကြောင့် အထက်ပါ ဩဝါဒစကားလေးတွေကို သူ ဖတ်ရှုရတဲ့အခါ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒစကားပဲဆိုတာ သူ ချက်ချင်း သိလောက်ပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးက ငါးပါးသီလ လုံအောင် နေကြဖို့, ဘုရားအာရုံပြုဖို့, မေတ္တာပို့ဖို့ ရောက်လာတိုင်းသော ဒကာ, ဒကာမတွေကို ဆုံးမစကား ပြောကြားလေ့ရှိလို့ပါပဲ။

မောင်လှဝင်း. . . စပါးတွင်းရွာက ရွာသူရွာသားတွေဟာ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အထက်ပါ ဩဝါဒစကားလေးကို လိုက်နာနိုင်ကြရင် သိပ်ကောင်းမှာပဲ နော်၊ မဟာဂန္ဓာရုံဆရာတော်ကြီး ဆုံးမထားသလို အချင်းချင်း မေတ္တာနဲ့ နေကြရင်, ဝိုင်းဝန်းကူညီကြရင်, ငါးပါးသီလ လုံခြုံအောင် နေကြရင်, ဘုရားရှိခိုးရာမှာလည်း ဩကာသနဲ့ တင် မပြီးကြဘဲ တကယ့် ဘုရားအစစ်ကို မှန်းအာရုံပြုကြရင်, ဘုရားဂုဏ်တော်တွေကို အာရုံပြုကြရင်, မေတ္တာနဲ့ သစ္စာရှိရှိ နေထိုင်ကြရင် စပါးတွင်းရွာလေးဟာ သိပ်ပျော်စရာ ကောင်းမှာပဲ၊ တခြားရွာတွေက စံနမူနာ ယူရလောက်အောင် ထူးခြား

www.dhammaransi.com



တဲ့ ရွာလေး ဖြစ်လာမှာပဲ၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အထက်ပါ ဩဝါဒနဲ့အညီ နေထိုင်နိုင်ကြရင်တော့ စပါးတွင်း ရွာသာမက ဘယ်ရွာမဆို၊ ဘယ်မြို့မဆို ပျော်စရာကောင်း လာမှာပါပဲ၊ ငါးပါးသီလ ကင်းမဲ့၊ မေတ္တာကင်းမဲ့၊ သစ္စာကင်းမဲ့၊ ဗုဒ္ဓါနုဿတိဘာဝနာ ကင်းမဲ့ပြီ ဆိုရင်တော့ စပါးတွင်းရွာလေး ဟာ ပျော်စရာကင်းမဲ့သွားပါလိမ့်မယ်၊ သီလ၊ မေတ္တာ၊ သစ္စာ၊ ဘာဝနာတွေ ကင်းမဲ့နေရင် ဘယ်ရွာမဆို၊ ဘယ်မြို့မဆို ပျော်စရာ ကင်းမဲ့သွားပါလိမ့်မယ်။

မြန်မာနိုင်ငံက ပျော်စရာကောင်းတဲ့ ရွာတွေ၊ မြို့တွေကို လိုက်ကြည့်ရင် အဲဒီမြို့၊ အဲဒီရွာတွေမှာ သီလ၊ မေတ္တာ၊ သစ္စာ၊ ဘာဝနာတွေ တည်ရှိနေတာကို တွေ့ရပါလိမ့်မယ်၊ စပါးတွင်း ရွာသူ၊ ရွာသားတွေဟာ ကိုယ့်စပါးတွင်းရွာလေးကို အေးချမ်းသာယာပြီး ပျော်စရာကောင်းတဲ့ ရွာလေး ဖြစ်စေ ချင်ကြရင် စပါးတွင်း ရွာသူ၊ ရွာသားတွေမှာ ငါးပါးသီလ လုံခြုံကြဖို့ လိုပါတယ်၊ ငါးပါးသီလကိုတောင်မှ မသိကြသေး ဘူးဆိုရင်တော့ သိအောင် လုပ်ပြီး လိုက်နာကြဖို့ လိုပါတယ်၊ ရွာမှာ ငါးပါးသီလကိုတောင် မရတဲ့၊ မသိတဲ့သူတွေ များနေ ရင်တော့ စပါးတွင်းရွာလေးဟာ သွားပါပြီ။

www.dhammaransi.com



သီလ လုံခြုံရုံမျှမက အချင်းချင်း မေတ္တာနဲ့ နေကြဖို့၊ ဝိုင်းဝန်းကူညီကြဖို့လည်း လိုပါတယ်၊ အချင်းချင်း မေတ္တာ ဂဟေဆက်ထားကြရင် စပါးတွင်းရွာလေးဟာ အမြဲပဲ စည်းလုံး ညီညွတ်ပြီး ပျော်စရာကောင်းနေမှာပါပဲ၊ တစ်ဦးအပေါ် တစ်ဦး မေတ္တာရေ မသွန်းလောင်းနိုင်ကြရင် စပါးတွင်းရွာလေး ဟာ နွေရာသီလို ပူလောင်ခြောက်သွေ့နေမှာပါပဲ၊ မေတ္တာရေ လောင်းပေးရမယ့်အစား ဒေါသမီးတွေကိုသာ မွှေးပေးနေကြ ရင်တော့ ပကတိမီး အလောင်ခံရတာထက် ပိုမို ပူလောင်နေ ပါလိမ့်မယ်၊ ဘုရားရှိခိုးရာမှာ ဩကာသလောက်နဲ့ပဲ ပြီးပြီး ဘုရားဂုဏ်တော်တွေကို အာရုံမယူတတ်၊ မပြုတတ်သူတွေက ပဲ စပါးတွင်းရွာမှာ များနေသလား၊ ဘုရားတော့ ရှိခိုးကြပါရဲ့၊ ဒါပေမယ့် ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီး မကြည့်တတ် သေးရင် မဟန်သေးဘူး၊ ပါးစပ်ကတော့ မေတ္တာပို့တွေ ဆိုပါ ရဲ့၊ ဒါပေမယ့် စိတ်ထဲမှာ မေတ္တာ မပါရင် မဟန်သေးဘူး၊ စပါးတွင်းရွာလေးမှာ ငါးပါးသီလ၊ မေတ္တာ၊ သစ္စာ၊ ဘာဝနာ တွေ လွှမ်းခြုံနေအောင် ကြိုးစားပေးမှ ကောင်းမယ်၊ မြန်မာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရင်တော့ အကောင်းဆုံးပေါ့။

www.dhammaransi.com



## ကြားယောင်ပြီး ကြိုးစားပါ

"စာတွေ တတ်ထားပေမယ့် စာတွေကို အသုံးမပြုတတ်ဘူး၊ တတ်ထားတဲ့ စာတွေကို လက်တွေ့ အသုံးချတတ်ရတယ်"တဲ့။

မောင်လှဝင်း. . . ဒီစကားလေးက သာမဏေကျော်ကို မဟာဂန္ဓာရုံဆရာတော်ကြီးက ပြောလိုက်တဲ့ စကားလေးပေါ့၊ သာမဏေကျော်က မန္တလေး သာမဏေ သက္ကျသီဟ တတိယဆင့် (သာမဏေကျော်စာမေးပွဲ)ကို အောင်ပြီးလို့ မဟာဂန္ဓာရုံဆရာတော်ကြီးထံ စာလည်း ဆိုရ, စာလည်း ရေးနေရတယ်၊ ဒါကြောင့် သာမဏေကျော်ကို ဆရာတော်ကြီးက ကောင်းကောင်း သိနေပြီ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ

www.dhammaransi.com



ဆရာတော်ကြီး သာမဏေကျော်ကို အထက်ပါစကားလေး ပြောလိုက်တဲ့နေ့က သံဃာတွေကို ဆွမ်းလှူတဲ့ ဒကာ, ဒကာမ တွေ ရှိပါတယ်၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာ, ဒကာမတွေပါပဲ၊ အလှူရှင် ဆွမ်း ဒကာတွေရှိရင် သံဃာတွေ က သက်န်းရုံပြီး သပိတ်ကိုယ်စီနဲ့ ဒကာ, ဒကာမတွေ လောင်း လှူတဲ့ ဆွမ်းတွေကို တန်းစီကာ ခံယူရတာကို မောင်လှဝင်း လည်း သိထားတာပဲ။

မဟာဂန္ဓာရုံဆရာတော်ကြီးက သံဃာတွေအား ဒကာ, ဒကာမတွေ ဆွမ်းလောင်းလှူတဲ့ နေရာကို လာပြီး ကြည့်ရှု လေ့ရှိတာကိုလည်း မောင်လှဝင်း သိထားတာပဲ၊ အဲဒီဆွမ်းကပ် မှာ သာမဏေကျော်က သံဃာအတန်းထဲ တန်းစီပြီး ရပ်နေ ပါတယ်၊ ဆရာတော်ကြီး လာပြီး ရပ်ကြည့်နေတဲ့ နေရာနား မှာ နေရောင် ကျနေတဲ့ နေရာလေးလည်း ရှိတယ်၊ သာမဏေ ကျော်က တစ်ပါးနဲ့တစ်ပါး ကျဲပြီး ဝေးကွာသွားမှာ စိုးလို့ အဲဒီ နေပူနေတဲ့ နေရာလေးမှာ သွားရပ်မိတယ်၊ အဲဒီနေပူတဲ့ နေ ရာလေးမှာ ရပ်နေတဲ့ သာမဏေကျော်ကို ကြည့်ပြီး ဆရာ တော်ကြီးက အထက်ပါစကားလေးကို မိန့်ကြားလိုက်ပါတယ်။

www.dhammaransi.com



မောင်လှဝင်းရေ . . . မဟာဂန္ဓာရုံဆရာတော်ကြီး သာမဏေကျော်ကို အဲဒီစကားလေး ပြောခဲ့တာ အနှစ် (၂၀) ကျော် ရှိသွားပါပြီ၊ ဒါပေမယ့် အဲဒီစကားလေးကို အခုအထိ မေ့လို့ မရသေးဘူး၊ သာမဏေကျော်ဟာ သာမဏေကျော် စာမေးပွဲလည်း အောင်ပြီးတဲ့အပြင် သူ့ထံမှာ စာလည်း ဆို, စာလည်း ရေးနေတာမို့ သာမဏေကျော်ကို ဆရာတော်ကြီး က "စာတော်တဲ့ ကိုရင်"လို့ ယူဆထားပုံ ရပါတယ်၊ ဒါကြောင့် ချီးမြှောက်ပြီး "စာတွေ တတ်ထားပေမယ့်"ဆိုတဲ့ စကားလေး ကို သုံးနှုန်းလိုက်တာ ဖြစ်ပါလိမ့်မယ်၊ "စာတွေကို အသုံးမပြု တတ်ဘူး"ဆိုတဲ့ စကားလေးနဲ့တော့ သာမဏေကျော်ကို နှိပ် ပြီး ဆုံးမလိုက်ပါတယ်၊ "နေပူထဲမှာ မရပ်နဲ့"လို့ ဆုံးမချင် တာပါပဲ၊ ဒါပေမယ့် အဲဒီလို မပြောဘဲ အထက်ပါအတိုင်း ပြောလိုက်တာကတော့ တတ်ထားတဲ့ ပညာတွေကို လက်တွေ့ အသုံးချရတယ် ဆိုတဲ့ သင်ခန်းစာကို ပေးလိုတာပါပဲ၊ စာတွေ တတ်ရင် လုံလောက်ပြီ, ကိစ္စပြီးပြီလို့ ထင်နေကြသူတွေကို မလုံလောက်သေးဘူး၊ ကိစ္စ မပြီးသေးဘူး-လို့ ပြောလိုတာပါ ပဲ၊ စာတွေ့နောက် လက်တွေ့က ကပ်ပါရတယ်လို့ ဆုံးမလို တာပါပဲ။

www.dhammaransi.com



သာမဏေကျော်လို စာတတ်တဲ့ ပုဂ္ဂိုလ်တွေ, သာမဏေကျော်ထက် အများကြီး ပိုပြီး စာတတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေလည်း စာတွေ့နောက် လက်တွေ့လိုက်နာကျင့်သုံးမှု မရှိကြရင် မျောက် အုန်းသီး ရသလို ဖြစ်နေမှာပါပဲ၊ ဒါကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီးက ဒီလိုလည်း ဆုံးမထားတာ ရှိပါသေးတယ်။

"မရှိတာထက် မသိတာ ခက်တယ်၊ မသိတာထက် မကျင့်တာ ခက်တယ်၊ မကျင့်တာထက် မယုံကြည်တာ ခက်တယ်"တဲ့။

မောင်လှဝင်းလည်း စာပေပညာတွေ တတ်ထားတာပဲ၊ မျောက် အုန်းသီး ရသလို မဖြစ်အောင်တော့ ကြိုးစားရမှာပေါ့နော်၊ လူ လူ, ဘုန်းကြီး ဘုန်းကြီး အသိခေါက်ခက် အဝင်နက်နေတတ်ကြတာက ခက်တယ်၊ သိပေမယ့် မကျင့်နိုင်ကြတာက ခက်တယ်၊ မကျင့်နိုင်ကြတာကလည်း ယုံကြည်မှုတကယ် အားမကောင်းသေးလို့ပါပဲ၊ တကယ် ယုံရင် တကယ်ကျင့်မယ်၊ တကယ် ကျင့်မှ တကယ် သိမှာ၊ တကယ် သိလာရင်လည်း တကယ် ယုံလာမှာပါ။

www.dhammaransi.com



ဒါနအကြောင်း, သီလအကြောင်း, ဘာဝနာအကြောင်းတွေကို မောင်လှဝင်းလည်း သိသင့်သလောက် သိထားတာပဲ၊ သိထားတဲ့အတိုင်း ကြိုးစား ကြိုးစားပြီး ကျင့်သုံးကြည့်ရပါမယ်၊ သာမဏေကျော်လည်း ဒီအတိုင်းပါပဲ၊ သိထားတဲ့အတိုင်း ကျင့်နိုင်ရင် ကျင့်နိုင်သလောက် အကျိုးရှိပါတယ်၊ ဒါကြောင့် တိုးတိုးပြီး ကျင့်နိုင်အောင် တိုးတိုးပြီး ကြိုးစားကြရပါမယ်၊ "တတ်ထားတဲ့ စာတွေကို လက်တွေ့ အသုံးချတတ်ရတယ်"ဆိုတဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ ဩဝါဒစကားလေးကို မောင်လှဝင်းလည်း ကြားယောင်ပြီး ကြိုးစားပါ၊ သာမဏေကျော်လည်း ကြိုးစားနေပါတယ်။

www.dhammaransi.com



# လောကဓံ ပြီးဆေး

လောကဓံ တွေ့ရှိုးမို့ အမျိုးမျိုး တွေ့မယ်၊

စိတ်အနေ မတုန်လှုပ်အောင် ထိန်းချုပ်ပါ့ကွယ်။

မောင်လှဝင်းဟာ မ ဟာ ဂန္ဓာ ရုံ ဆ ရာ တော် ကြီး ရဲ့ အထက်ပါလင်္ကာလေးကို ရထားပါလိမ့်မယ်၊ မောင်လှဝင်းရဲ့ ဘဝတစ်လျှောက်မှာ ကောင်းတဲ့ လောကဓံတွေကို တွေ့ခဲ့ရသလို မကောင်းတဲ့ လောကဓံတွေကိုလည်း တွေ့ခဲ့ရမှာ မလွဲပါပဲ၊ လောကသားတိုင်း လောကဓံနဲ့ ကင်းလို့ မရဘူး၊ လောကသားတွေဟာ ကောင်းတဲ့ လောကဓံနဲ့ တွေ့တော့ ပျော်တပြုံးပြုံး ဖြစ်နေတတ်တယ်၊ မကောင်းတဲ့ လောကဓံနဲ့ တွေ့တော့ စိတ်ဓာတ်ကျ၊ စိတ်ပျက်ပြီး စိတ်ဆင်းရဲနေတတ်တယ်၊ တရားလက်ကိုင် မရှိရင် မရှိသလောက် လောကဓံရဲ့

www.dhammaransi.com



ဒဏ်ကို ခံရတယ်၊ တရားလက်ကိုင် ရှိသူအတွက်တော့ ခံရပေမယ့် သက်သာတယ်။

အကောင်း, အဆိုး လောကဓံအမျိုးမျိုးဟာ အမြဲ တည်ရှိနေတာ မဟုတ်ပါဘူး၊ ပြောင်းလွဲဖောက်ပြန်နေတတ်ကြပါတယ်၊ လောကဓံရဲ့ အမြဲ မတည်ရှိပုံ, ပြောင်းလွဲဖောက်ပြန်တတ်ပုံကို သိရှိထားရင် ခံသာပါတယ်၊ သက်သာရာ ရပါတယ်၊ အလူးအလဲ မခံစားရတော့ဘူး၊ "ရေစီး တစ်ခါ၊ ရေသာ တစ်လှည့်", "မှန်ကင်း တစ်လှည့်, ထင်းတစ်လှည့်", နိမ့်တုံ မြင့်တုံ ဖြစ်တတ်တဲ့ လောကဓံရဲ့ သဘာဝကို နားလည်ထားရင် မပင်ပန်းလှဘူး၊ အဲဒီနားလည်မှု, အဲဒီ အသိလေးဟာ လောကဓံဖြေဆေးပါပဲ။

သတိတရား ပွားများနေတဲ့ ပုဂ္ဂိုလ်တွေမှာတော့ လောကဓံရဲ့ မတည်မြဲပုံကို ပိုမို နားလည် သိမြင်နေကြပါတယ်၊ သတိရှင်တို့ရဲ့ အသိကတော့ ပိုပြီး အစွမ်းထက်တဲ့ လောကဓံဖြေဆေး ဖြစ်ပါတယ်၊ ရဟန္တာအရှင်မြတ်တွေမှာတော့ လောကဓံ ပြီးဆေး ရှိနေကြပါတယ်၊ ဘယ်လို ကောင်းဆိုး လောကဓံတွေကြောင့်မှ မတုန်လှုပ်ကြတော့ပါဘူး၊ သတိ,

www.dhammaransi.com



အသိ ရှိရင် ရှိသလောက် လောကဓံဒဏ်ကို ခံနိုင်ရည် ရှိကြ ပါတယ်၊ သတိ, အသိ နည်းနည်း ရှိရင် နည်းနည်း ခံနိုင်ရည် ရှိတယ်၊ များများ ရှိရင် များများ ခံနိုင်တယ်၊ ရာနှုန်းပြည့် ရှိရင်တော့ ရာနှုန်းပြည့် ခံနိုင်တယ်၊ ရဟန္တာအရှင်မြတ်တွေ မှာ သတိ, အသိက ရာနှုန်းပြည့် ရှိနေတာဆိုတော့ လောကဓံ ကို ရာနှုန်းပြည့် ခံနိုင်တော့တာပေါ့။

မောင်လှဝင်းဟာ လောကဓံပြီးဆေး ဖြစ်တဲ့ သတိပဋ္ဌာန် တရားကို နေ့တိုင်း မှန်မှန် ပွားနိုင်ရဲ့လား၊ အဲဒီ လောကဓံ ပြီးဆေးကို မှန်မှန် စားဖြစ်ရင်တော့ လောကဓံ ခံနိုင်ရည် အားတွေ ပြည့်ပြည့်လာပါမယ်၊ အဲဒီလောကဓံပြီးဆေးကိုသာ ထိထိရောက်ရောက် စားဖြစ်ရင် ပစ်တိုင်းထောင်ရုပ်လို ဖြစ် လာပါမယ်၊ ပစ်တိုင်းထောင်အရုပ်ကို ဘယ်လိုပဲ ပစ်လိုက်, ပစ်လိုက် အဲဒီအရုပ်လေးဟာ ထောင်နေသလို လောကဓံ ပြီးဆေးစားသူရဲ့ ဘဝဟာ လောကဓံကြောင့် ယိုင်လဲမသွားဘဲ ထောင်မတ်နေပါလိမ့်မယ်။

လောကဓံပြီးဆေး စားမထားရင်တော့ ကောင်းဆိုး လောကဓံကြောင့် စိတ်ဟာ အတက်အကျ ရှိနေပါမယ်၊ ဘောင်ဘင် ခတ်နေပါမယ်၊ လောကဓံပြုသမျှ နုရတဲ့ ဘဝကို

www.dhammaransi.com



ရောက်သွားပါမယ်၊ လောကစံကြောင့် ဘဝဟာ ယောက်ယက် ခတ်နေပါမယ်၊ တည်ငြိမ်အေးချမ်းမှု ရှိမှာ မဟုတ်ပါဘူး၊ လောကစံကြောင့် ယောက်ယက် မခတ်ဘဲ တည်ငြိမ်အေးချမ်း တဲ့ ဘဝကို ပိုင်ဆိုင်ချင်ရင်တော့ ထမင်းကို စားချင်လည်း စား၊ မစားချင်လည်း စားရသလို လောကစံပြီးဆေးကို စား ချင်လည်း စား၊ မစားချင်လည်း စားရပါလိမ့်မယ်။

လောကစံအမျိုးမျိုးကြောင့် စိတ်အနေ မတုန်လှုပ် အောင် ထိန်းချုပ်နည်းတွေထဲမှာ လောကစံပြီးဆေးခေါ် သတိ ပဋ္ဌာန်နည်းဟာ အကောင်းဆုံးပါပဲ၊ ဒီလောကစံပြီးဆေးဟာ ရှေးတုန်းကလည်း အစွမ်းထက်ခဲ့ပါတယ်၊ ယခုလည်း အစွမ်း ထက်နေပါတယ်၊ နောင်လည်း အစွမ်းထက်နေပါလိမ့်မယ်၊ လောကစံပြီးဆေးရဲ့ အစွမ်းကို မယုံသေးရင် စမ်းကြည့်နိုင်ကြ ပါတယ်၊ စားရင် စားသူတိုင်းအား ဒီဆေးက အစွမ်းပြပါ တယ်၊ ပြောလို့ မယုံရင် ကြုံဖူးက သိပါလိမ့်မယ်၊ မောင်လှဝင်း လည်း စားဖူးထားတဲ့ လောကစံပြီးဆေးကို နေ့စဉ် မှန်မှန် စားဖြစ်အောင် ကြိုးစားဖို့ လိုပါတယ်၊ ကြိုးစားပါလို့ သာမဏေကျော်က တိုက်တွန်းလိုက်ပါတယ်။

www.dhammaransi.com



မောင်လှဝင်း လောကစံပြီးဆေးကို နေ့စဉ် မှန်မှန် စားနိုင်ပါစေ။

စာရှုသူလည်း စားနိုင်ပါစေလို့ ဆန္ဒပြုလျက်

သာမထောကျော်
ဝါခေါင်လဆန်း (၃) ရက်၊ ၆၁ - ခု
၁၄-၈-၉၉

www.dhammaransi.com




## ဘဝအလှပန်း

- လူ လူ ၊ဘုန်းကြီး ဘုန်းကြီး အရှည်ကို မျှော်ရပါတယ်။
- ဘဝပဒေသာ ပန်းခြံကြီးနဲ့ တူတဲ့ လူ့ဘဝကို ပစ်မထားကြပါနဲ့။
- ဘဝပဒေသာပန်းခြံကြီးထဲက ဒါနပန်း ၊သီလပန်း၊ ဘာဝနာပန်းေ ဆွတ်ခူးပြီး အဲဒီပါရမီပန်းတွေကို နေ့စဉ်လှုလှု ပန်ဆင်သွားကြပါ

မဟာဂန္ဓာရုံဆရာတော်ကြီး